www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့် အိပ်မက်ကျိန်စာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သူရ

အိပ်မက်ကျိန်စာ

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

မင်းမြတ်သူရ

အိပ်မက်ကျိန်စာ၊ မင်းမြတ်သူရ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၄၂-စာ၊ ၅ × ၇

(၁) အိပ်မက်ကျိန်စာ

# မင်းမြတ်သူရ

# အိပ်မက်ကျိန်စာ

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တစ်နေ့တွင် ကျွန်ုပ်သည် အင်းစိန်စိတ်ရောဂါဆေးရုံမှ ပြန်လာပြီးနောက် ကျွန်ုပ်နေထိုင်ရာ နေအိမ်၌ ဂန္ထလောက မဂ္ဂဇင်းစာအုပ်ကို ဖတ်ရှုနေစဉ် ကျွန်ုပ်၏ အိမ်ဧည့်ခန်းအတွင်းသို့ တစ်စုံတစ်ဦး ဝင်ရောက်လာသဖြင့် မော့ကြည့်လိုက်ရာ ကာလအတော်ကြာ ပျောက်ဆုံးနေသော ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကိုတွေ့လိုက်ရလေ၏။ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကို ဝမ်းသာ အားရကြည့်ရှုပြီး



www.burmeseclassic.com

အိမ်သို့ ရောက်သည်နှင့် ကိုမင်းအောင်ကိုယ်တိုင်ရေးသားထားသော စာထုပ်ကြီး ကိုစိတ်ဝင်တစားဖတ်ရှုလေ၏၊ ကျွန်ုပ်သည် ကိုမင်း အောင် ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အလွန်ထူးခြား ဆန်းကြယ်သည် ဆိုသော ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များကို မယုံနိုင်စွာဖြင့် တအံ့တသြ ဖတ်ရှုနေမိ၏။ ထိုသို့ ဖတ်ရှုရင်း ထိုအကြောင်းအရာများကို ကိုမင်းအောင်ကိုယ်တိုင်ရေးသားခြင်းမှ ဟုတ်ပါလေစ ဟုထင်မြင်မိလေ၏။ ကျွန်ုပ် အပွင့်လင်းဆုံး ဆိုရပါလျှင် ထိုအကြောင်းအရာများကို ယုံကြည်ရန် အလွန် ခက်ခဲနေမိ၏။ ဆားပုလင်းမင်းအောင် ကိုယ်တိုင် ရေးထားသည် ဆိုလို့သာ ယုံကြည်ခဲ့ခြင်းဖြစ်၏။ ယနေ့ခေတ်တွင် ထိုမျှထူးခြားဆန်းကြယ်သော အဖြစ်အပျက်များရှိပါလေစွ.. မည်သို့ပင် ဖြစ်စေ ဆားပုလင်းမင်းအောင်၏ စကားပြောဆန်ဆန် အရေးအသားသည် လွန်စွာရိုးစင်းပြီးလွန်စွာ ဆွဲဆောင်အားကောင်းလှ၏၊



စိစဉ်သူ မောင်ကျော်လှိုင်
စေတနာစာပေ၏ ဝင်တင်ကလောင်သစ်

Alter Writer



www.burmeseclassic.com

စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ ဝင်တင်ကလောင်သစ်

Alter Writer

# ကျွမ်း

အပြင်းစားရင်ခုန်သံ



BURMESE CLASSIC .com



သူ၏ ရေးဟန်၊တင်ပြဟန်များသည်လည်း ရိုးစင်းပြီး၊ တိကျ နိုင်မာလွန်းလှသဖြင့် သူ၏ အရေးအသားများကိုပြင်ဆင် ဖြတ်တောက်ခြင်းမရှိဘဲ ပကတိ အတိုင်း ပရိသတ်ထံသို့ တင်ပြရန် ကြံစည်လိုက်လေ၏။ ကျွန်ုပ်၏ ချစ်လှစွာသော စာဖတ်ပရိသတ်များအနေဖြင့်လည်း နံမည်ကျော် ဆားပုလင်းမင်းအောင်၏ အရေးအသားကို မြည်းစမ်းခွင့် ရသွားပေလိမ့်မည်။

ထို အဖြစ်အပျက်များသည်ပင်လျှင် ဆားပုလင်းမင်းအောင်ကိုယ်တိုင်ရေးသားသော "**ဆားပုလင်းမင်းအောင်နှင့် အိပ်မက်ကျိန်စာ**" ဆိုသည့် ဝတ္ထုကြီး ဖြစ်ပေတော့သတည်း....



www.burmeseclassic.com

www.burmeseclassic.com



မမြတ်လေးဟာ မြို့ပေါ်မှာမြတ်လေး လက်ဖက်နဲ့ အကြော်စုံဆိုပြီး ဆိုင်လေးဖွင့်ထားတယ်။ မမြတ်လေးရဲ့ဆိုင်ကလေးဟာ မြို့ပြင်လမ်းမပေါ်မှာရှိတဲ့ အတွက်အတော်အသင့်ရောင်းရပါတယ်။

သူမဟာတစ်ကိုယ်တည်း အပျိုကြီးဖြစ်တဲ့အတွက်လဲရောင်းရတဲ့ ငွေလေးနဲ့စားလောက်ပါတယ်။

မမြတ်လေးရဲ့ဆိုင်ကလေးမှာလူပိုခေါ်မထားဘဲ သူမ





တစ်ကိုယ်တည်းပဲ ရောင်းပါတယ်။

မမြတ်လေးဟာဟိုး...အရင်ကတော့ ဆိုင်မှာ လူငယ်လေးတစ်ယောက်ကိုကူဖော်လောင်ဖက် ဆိုပြီးခေါ်ထားဖူးပါတယ်။ ဒါပေမဲ့ လူငယ်ဟာ တစ်ယောက်ဆိုတစ်ယောက် မမြတ်လေးကို မှတ်လောက်သားလောက်အောင် ပညာပေးသွားတဲ့အတွက် မမြတ်လေးဟာ ဆိုင်မှာလူပိုခေါ်ဖို့အကြောက်ကြီး ကြောက်သွားပါပြီ။

အတိတ်ကအကြောင်းတွေကို ပြန်မတွေးချင်လို့မေ့ထားတာလဲ ကြာပါပြီ။ မြို့ပေါ်မှာ မမြတ်လေးဆိုတဲ့ မိန်းမဟာ ဂုဏ်သိက္ခာရှိတဲ့မိန်းမတစ်ယောက်ဆိုတာ ကူဖော်လောင်ဖက်လူငယ်ကလွဲရင် တစ်မြို့လုံးက သိကြပါတယ်။

မမြတ်လေးလိုမိန်းမတစ်ယောက်အတွက် တစ်ယောက်တည်း နေတာ မထူးဆန်းတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ ညက မမြတ်လေးဟာ သူမတစ်သက်မှာ တစ်ခါဖူးမှ မကြုံဘူးခဲ့တဲ့ အထူးဆန်းဆုံး အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပါတယ်။ မမြတ်လေးဟာ တစ်ကိုယ်တည်း နေထိုင်ဝံ့တဲ့ မိန်းမတစ်ယောက် ဖြစ်တဲ့အတွက် သတ္တိမနည်းပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ထိုက်သင့်သလောက် ယုံကြည်မှုရှိပါတယ်၊ ညကမက်ခဲ့တဲ့ အိပ်မက်နဲ့ ပတ်သက်ပြီး မေ့ပျောက်ဖို့ ကြိုးစားကြည့်ပေမဲ့ ခေါင်းထဲက ထုတ်မရ အောင်ဖြစ်နေမိတယ်။ ညမအိပ်မီ လက်ဖက်သုပ်က လွဲလို့ ထူးထူး ခြားခြားလဲ ဘာမှမစားမိဘူး။ နေ့လယ်ပိုင်းကလဲ ဘယ်သူနဲ့မှ ထူးထူးခြားခြား အကြောင်းအရာတွေမပြောမိပါဘူး။ ဘာ့ကြောင့်များ ထူးခြားဆန်းကြယ်တဲ့အိပ်မက်ကို မြင်မက်ရတာလဲ မသိဘူး။ ညက အိပ်ရာထဲကိုရောက်တာနဲ့ သူမ အိပ်ပျော်သွားခဲ့တယ်။ အိပ်ပျော်ပြီး များမကြာမီမှာ သူမဟာ တစ်စုံတစ်ခုရဲ့ထိန်းချုပ်မှု





အောက်ကို ရောက်သွားပြီး ဘဝမှာ မြင်မက်ဖူးသမျှ အိပ်မက်တွေနဲ့ လုံးဝကွဲပြားခြားနားတဲ့ အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်။ အိပ်မက်ထဲမှာ သူမဟာ မကြုံဘူးလောက်အောင် ကြောက်ရွံ့တုန်လှုပ်နေ တယ်၊ အိပ်မက်ထဲမှာသူမတစ်ကိုယ်လုံး အင်အား ကုန်ခမ်းပြီး အထီးကျန်ခံစားမှုမျိုးကို ခံစားနေရတယ်။ သူမရဲ့ ခန္ဓာကိုယ်ဟာ တစ်စုံတစ်ခုရဲ့ ဆွဲဆောင်မှုနောက်ကို လိုက်ပါသွားတယ်။သူမဟာ ရုန်းကန်ဖို့အစွမ်းကုန်ကြိုးစားပေမဲ့ အင်အားကြီးတဲ့ ဆွဲဆောင်မှုနောက်ကို ကောက်ကောက်ပါအောင်လိုက်သွားနေမိတယ်။ အိပ်မက်ထဲမှာ သူမ ခန္ဓာကိုယ် ဆွဲငင်မှုနောက်ကို လိုက်ပါနေပုံကို အသေအချာ သတိပြုနေမိတယ်။ အိပ်မက်ထဲမှာ သူမဟာ ချုံနွယ် ပိတ်ပေါင်းများထူထပ်ရာလမ်းလေးအတိုင်း တစ်စုံတစ်ယောက်ရဲ့ ဆွဲဆောင်ရာနောက်ကို လိုက်ပါသွားနေတယ်။ သူမဟာ အော်ဟစ် ရုန်းကန်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပေမဲ့ ပါးစပ်က ဘာအသံမှ ထွက်မလာဘူး။

မမြတ်လေးဟာအိပ်မက်ထဲမှာ သွားလာရင်း သစ်ခြောက်ပင်တွေကို သတိပြုမိတယ်။ သူမရဲ့ ခန္ဓာကိုယ်ဟာ တဖြည်းဖြည်း တောင်ကုန်းမြင့်တစ်ခုဆီကို ဦးတည်သွားနေတယ်။ တောင်ကုန်းကြီးရဲ့အပေါ်မှာ အလွန်ကြီးမားတဲ့ သစ်ခြောက်ပင်ကြီး တစ်ပင်ရှိနေတာလဲ သတိပြုမိတယ်။ မမြတ်လေးဟာ သစ်ခြောက်ပင်ကြီးကိုကြည့်ပြီး တုန်လှုပ်ချောက်ချားတဲ့ ခံစားမှုမျိုးဖြစ်ပေါ်လာပြီး ရှေ့ကို မတိုးဖို့ အစွမ်းကုန်ကြိုးစားပေမဲ့ သူမခန္ဓာကိုယ်ကို တစ်စုံတစ်ရာက သယ်ဆောင်သွားသလို ခံစားရပြီး အရှေ့ကို တရွေ့ရွေ့တိုးဝင်သွားတယ်။ ရုန်းကန်လို့လဲမရ၊အော်ဟစ်လို့လဲမဖြစ်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတယ်။ မကြာမီ သူမရဲ့ ခန္ဓာကိုယ်ဟာ တောင်ပေါ်ကို ရောက်သွားပြီး တောင်ပေါ်မှာ သချိုင်းပျက်တစ်ခု





ကို မမျှော်လင့်ဘဲတွေ့လိုက်ရတယ်။ သချိုင်းမှာ အုတ်ဂူပျက်တွေနဲ့ မြေပုံတွေကိုလည်း ချောက်ချားဖွယ် မြင်တွေ့လိုက်ရတယ်။ သချိုင်းတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေလို့ လူသူအရိပ်အယောင်ကို မမြင်ရပေမဲ့ သချိုင်းအလယ်က ဇရပ်ပျက်ကြီးထဲမှာ လူသူတစ်ဦးတစ်ယောက် ရှိနေတယ်ဆိုတဲ့ ခံစားမှုမျိုးဖြစ်ပေါ်တယ်။ သူနဲ့တွေ့ဖို့လဲ မမြတ်လေးအနေနဲ့ အလွန်ကြောက်ရွံ့နေမိတယ်၊ ဇရပ်ပျက်မှာတွေ့ရမဲ့လူကိုသူဘာလို့ကြောက်ရွံ့တုန်လှုပ်နေသလဲ မသိဘူး။ အင်မတန် ကြောက်ရွံ့ဖို့ကောင်းတယ်ဆိုတာပဲသိတယ်။ မမြတ်လေးရဲ့ဘဝမှာအိပ်မက်တွေ အများကြီးမက်ခဲ့ဖူးပေမဲ့ ယခုအိပ်မက်ရဲ့ထူးခြားမှုကတော့ ထင်ရှား ပြတ်သားလွန်းတာပါပဲ။ အိပ်မက်ထဲမှာ မြင်တွေ့သမျှအရာရာဟာလည်း အသေးစိတ်ကျလွန်းနေတယ်။ တစ်သက်မှာတစ်ခါမှ အသေးစိတ်ကျတဲ့ အိပ်မက်မျိုး မမြင်မက်ဖူးသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အိပ်မက်ထဲက အချိန်က ညနေခင်းနေဝင်ကာနီး အချိန်လေးဆိုတော့ အလင်းရောင် နည်းနည်းရှိသေးတယ်။ အလင်းရောင်နဲ့တိတ်ဆိတ်ငြိမ်သက်လွန်းတဲ့ သချိုင်းမြေကို မြင်တွေ့ရပေမဲ့ သချိုင်းအလယ်မှာရှိတဲ့ ဇရပ်ပျက် ပေါ်ကိုတော့မမြင်ရဘူး။ ဇရပ်ပျက်ပေါ်က အရာဟာ ကြောက်ဖို့ အလွန်ကောင်းတယ်ဆိုတာကိုသိတယ်၊ သူဘယ်မှာလဲဆိုတာ သဲသဲကွဲကွဲမမြင်ရဘူး။ မမြတ်လေးဟာ အိပ်မက်ထဲမှာဇရပ်ပျက်ပေါ် က လူကိုကြောက်ကြောက်နဲ့စိတ်ဝင်စားနေမိတယ်၊သည်အချိန်မှာပဲ တစ်စုံတစ်ယောက်က မမြတ်လေးရဲ့ ခန္ဓာကိုအရှေ့ကိုတိုးဖို့ ကြိုးစားနေလို့ မမြတ်လေးဟာကြောက်လွန်းလို့တွန့်လိမ်ရုန်းကန်ရာက အသံကုန်အော်ဟစ်လိုက်ရင်း အိပ်မက်က လန့်နိုးလာတယ်။





မမြတ်လေးရဲ့အိပ်မက်တွေဟာလူသာမာန်တွေမက်လေ့ ရှိတဲ့ အိပ်မက်တွေနဲ့ အကြောင်းအရာ ထူးခြားမှုသိပ်မရှိဘူး၊ သို့ပေမဲ့ သူ့အိပ်မက်က ထင်ခြားပြတ်သားလွန်းလို့ထိတ်လန့်ဖွယ်ကောင်းလွန်းတယ်၊ သူမဟာ အိပ်မက်က လွတ်မြောက်လာချိန်မှာ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေနဲ့အလွန်မောပန်းနွမ်းနယ်နေတယ်၊ မမြတ်လေးဟာ



www.burmeseclassic.com

www.burmeseclassic.com



မောလွန်းလို့ သောက်ရေအိုးထဲက ရေကို ခပ်သောက်လိုက်ရတယ်။ သူမဟာ နေ့လယ်ခင်းအချိန်ရောက်တဲ့အထိ ညက အိပ်မက်ကို အလွန်ပြတ်ပြတ်သားသား မြင်တွေ့နေရတယ်။ တကယ်တော့ အိပ်မက်တွေရဲ့သဘောက မေ့နိုင်ပျောက်နိုင်တဲ့ သဘာဝရှိပါတယ်။ သို့ပေမဲ့ မမြတ်လေးမက်တဲ့ အိပ်မက်ကတော့လုံးဝ ထင်ရှားပြတ်သားပြီးဘယ်အရာကိုမဆို အသေးစိတ်မှတ်မိနေပါတယ်။ အလွန်ထူးခြားတဲ့အဖြစ်ပါဘဲ။ မမြတ်လေးဟာ အိပ်မက်မက်ပြီး နောက်တစ်နေ့မှာ မြတ်လေးလက်ဖက်နဲ့ အကြော်စုံဆိုင် လေးကို ပြန်ဖွင့်တယ်။သူမဟာ ဆိုင်ကလေးအတွက် လိုအပ်တဲ့ လက်ဖက်ထုပ်လေးတွေကို ပြင်ရင်း သူမရဲ့ကျန်းမာရေးကို သတိပြုမိတယ်။ ညက အိပ်ရေးပျက်လို့လားမသိဘူး။ သည်နေ့တစ်နေ့လုံး ပင်ပန်းနွမ်းနယ်နေတယ်။ ထူးခြားတာက အရင်တုန်းက တစ်ယောက်





တည်းနေတတ်တဲ့ မမြတ်လေးဟာ သည်နေ့ အဖော်ကို တမ်းတနေမိတယ်။ တစ်ယောက်တည်းနေရတာ အထီးကျန်သလိုခံစားရတယ်။ သူမတစ်ကိုယ်တည်း မနေချင်ဘူး။ အနီးမှာတစ်ယောက်ယောက်ရှိ နေရင်ကောင်းမယ်ဆိုတဲ့ ခံစားမှုမျိုး ဖြစ်ပေါ်နေတယ်။ သည်ထက်ပိုပြီးထူးခြားတာက အရင်တုန်းက အိပ်ရာဝင်ရတာကို အလွန်စုံမင်တဲ့မမြတ်လေးဟာ သည်နေ့တော့ အိပ်ရာဝင်ရမှာကို ကြောက်ရွံ့နေမိတယ်။ ညဦးပိုင်းမှာတစ်ယောက်တည်း အထီးကျန်နေထိုင်ရမှာကိုလဲ ရှိုးရွံ့နေမိတယ်။ နောက်ဆုံးမှာ အထီး ကျန်တဲ့ ခံစားမှုမျိုးကို ခံနိုင်တော့တဲ့ အဆုံးမှာ သူမရဲ့အိမ်နီးချင်း ကိုဖိုးတုတ်တို့ အိမ်းမောင်နှံရဲ့ကုန်စုံဆိုင်ဘက်ကို ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးတုတ်ရဲ့ကုန်စုံဆိုင်ဟာ မမြတ်လေးရဲ့ဆိုင်နဲ့ မလှမ်းမကမ်းမှာရှိတယ်။ ကိုဖိုးတုတ်ဟာ စိတ်သဘောထားဖြောင့်မတ်ပြီး ရိုးရိုးကုတ်ကုတ်နေတတ်လို့သူ့မိန်းမ မကျင်ရဲ့ဩဇာလွှမ်းမိုးမှုကိုအတော်ခံရတယ်။ ကိုဖိုးတုတ်ရဲ့ဇနီးမကျင်ကတော့ ယောကျ်ားရဲ့ရိုးဖြောင့်မှုကို အခွင့်အရေးယူပြီး အနိုင်ကျင့်တတ်သူဖြစ်တယ်၊ မကျင်ဟာ ရိုးသားတဲ့ယောကျ်ားအပေါ်မှာ အနိုင်ယူရုံမကဘူး၊ လူတကာနဲ့ ဆက်ဆံရာမှာ သူသိသူတတ်လုပ်လွန်းလို့သူမနဲ့ဆက်ဆံရတာ စိတ်ပျက်စရာ ကောင်းပါ





တယ်။ ဒါပေမဲ့ မကျင်ဟာမမြလေး အပေါ်မှာတော့ အနည်းငယ်အရာပေးပြီး အရေးတယူဆက်ဆံတတ်ပါတယ်။ ဒါဟာလဲ မမြတ်လေးကွန့်ဗင့်ကျောင်းတက်ခဲ့ဖူးတာ သိနေလို့ပါ။

မမြတ်လေးဟာ ကိုဖိုးတုတ်တို့ ကုန်စုံဆိုင်ဘက်ကိုကူးလာတော့ ည ၉ နာရီလောက်ရှိနေပြီ။ သူမဟာ သည်အချိန်အထိ ညကမက်ခဲ့တဲ့ အိပ်မက်ကို သတိရပြီး မအီမသာ ဖြစ်နေတုန်းပါ။ မမြတ်လေးဟာ ထူးဆန်းတဲ့ အိပ်မက်ကို သူတစ်ပါးသိအောင် ပြောပြချင်စိတ်တွေရှိနေပေမဲ့ မကျင်ရဲ့မျက်နှာကိုမြင်ပြီးပြောချင်စိတ်တွေ ပျောက်သွားခဲ့တယ်။ မကျင်ဟာသူတစ်ပါးကို နားလည်စာနာတတ်တဲ့မိန်းမမဟုတ်ဘူး။ မမြတ်လေးရဲ့အိပ်မက်ကိုနားထောင်ပြီးအရေးတယူသဘောမထားဘဲ အရာရာသူသိသူတတ် ပုံစံနဲ့

"အိပ်မက်ဆိုတာ စိတ်စွဲလမ်းရင်မက်တတ်ပါတယ်ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ အရေးတယူလုပ်မနေပါနဲ့"

လို့ပြောမှာ သေချာပါတယ်။ မမြတ်လေးကုန်စုံဆိုင်ရှေ့ကို ရောက်တော့ ကိုဖိုးတုတ်ဟာ ကုန်စုံဆိုင်လေးကို သိမ်းနေပြီ။ သူတို့ ဆိုင်လေးဟာ သူမိတ်နဲ့သူတော့ရောင်းရပါတယ်။ မကျင်ကတော့ ဖျာပေါ်မှာ ထိုင်ပြီးအကြမ်းအိုးတစ်လုံးနဲ့ ဖိမ်ကျ နေတယ်။ မကျင်က မမြတ်လေးကို မြင်တော့အပျင်းပြေ စကားပြောဖော်ရပြီဆိုပြီး ဝမ်းသာအားရ ဖိတ်ခေါ်လိုက်ပါ တယ်။ မမြတ်လေးဟာ လေးကန်တဲ့ စိတ်နဲ့ ဖျာပေါ်မှာထိုင်လိုက် တယ်။မကျင်က

"အကြမ်းသောက်ပါဦး၊ရှင့်ဆိုင်က လက်ဖက်နဲ့ပဲ ရှင့်ကို ပြန်ဧည့်ခံရတော့မှာပဲ"

ဆိုပြီး လက်ဖက်သုပ်ပန်းကန်ကို ရှေ့ထိုးပေးပါတယ် တစ်ဆက်တည်း မမြတ်လေးရဲ့ မျက်နှာကို အကဲခတ်သလ





ကြည့်လိုက်ပြီး

"ဟင်.... ရှင်မျက်နှာလည်းမကောင်းပါလား၊ နေ မကောင်းလို့များလား"

လို့မေးလိုက်တယ်။ မမြတ်လေးဟာ သူ့မျက်နှာပေါ်က ခံစားချက်ကိုသူတစ်ပါးရိပ်မိလောက်အောင်ဖြစ်နေလို့အတော် စိတ်မကောင်းဖြစ်သွားတယ်၊ မကျင်က တစ်ဆင့်တက်ပြီး

"သေချာပါတယ်၊ ရှင့်မျက်နှာကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ ခေါင်းကိုက်နေလို့လား"

လို့မေးမြန်းလိုက်တယ်။

မမြတ်လေးဟာ ညကမက်တဲ့ အိပ်မက်ဆိုး အကြောင်း ကို ဖွင့်ပြောလုနီးနီးဖြစ်သွားတယ်၊ ဒါပေမဲ့ မကျင်ရဲ့သူတစ်ပါးကို စာနာထောက်ထားစိတ်ကင်းတဲ့ စိတ်ကို သတိရပြီးပါးစပ်ကို ပိတ်လိုက်မိ တယ်။ တော်ကြာ..



www.burmeseclassic.com

www.burmeseclassic.com



"အမလေး... အိပ်မက်လေးမက်တာများ သည်လောက် ဖြစ်နေရသလား မမြတ်လေးရဲ့ ကျွန်မတို့များ သည်ထက်ဆိုးတဲ့ အိပ်မက်မျိုးတွေတောင်မက်ဖူးသေးတယ်၊ မိုးလင်းတာနဲ့ အိပ်မက်ကို သတိ မရတော့ဘူး"

လို့ဆိုပြီးမိမိကို အပြစ်တင်သလို ကြည့်မှာ မြင်ယောင် လိုက်မိတယ်။ ဒါကြောင့်မမြတ်လေးက သက်ပြင်းချပြီး

"ညတုန်းက အိပ်ရေးမဝသလို ဖြစ်ပြီးခေါင်းနည်းနည်း ကိုက် နေလို့ပါ"

လို့ပြောလိုက်တယ်၊သည်အခါမှာ ကိုဖိုးတုတ်က ဝင်ပြီးတော့

"အပျိုကြီးတစ်ယောက် တစ်ညလုံးအိပ်မရနိုင်ဘူးဆို တော့ ဘာတွေ တောင်တောင်အီအီ တွေးနေလို့လဲဗျ"

လို့ဝင်ပြီးအရွှန်းဖောက်လိုက်တယ်၊လင်ကိုဆရာလုပ်ရ





မှ ထမင်းစားဝင်တဲ့ မကျင်ကတော့ သူ့ယောက်ျားကို မျက် စောင်းခဲပြီး

"သူ့ဘာသာ ဘာတွေးတွေး ရှင်နဲ့ဘာဆိုင်လဲ၊ ကိုယ့် အလုပ် ကိုယ်လုပ်စမ်းပါ"

လို့ဝင်ကြိမ်းလိုက်တယ်။ ပြီးတော့မမြတ်လေးဘက် လှည့်ပြီး ရောက်တတ်ရာရာ စကားတွေကို မရပ်မနား ပြော တော့တာပဲ၊ သူ့စကားအများစုက အနီးပတ်ဝန်းကျင်က လူတွေရဲ့ အတင်းအဖျင်းတွေများပါတယ်။ မမြတ်လေးဟာ အရင်က ဆိုရင်တော့ သည်လိုအတင်းအဖျင်းမျိုးကို အချိန် ကုန်ခံပြီးနားထောင်လေ့မရှိပေမဲ့ အခုလို အထီးကျန်ခံစားမှုမျိုး ခံစားနေချိန်မှာ မကျင်ရဲ့အတင်း အဖျင်းတွေဟာ သူ့အတွက် ဖြေဆေးတစ်ခွက်လို ဖြစ်နေတယ်။မမြတ်လေးဟာ ၁ နာရီ ကျော်လောက် အတင်းအဖျင်းတွေ နားထောင်ပြီး ကိုဖိုးတုတ်



www.burmeseclassic.com

www.burmeseclassic.com



တို့လင်မယားကိုနှုတ်ဆက်ပြန်ခဲ့တယ်။မမြတ်လေး အပြန်လမ်းမှာ အမှောင်လွှမ်းပြီး လူပြတ်နေတာနဲ့ ကိုဖိုးတုတ်ကသူမကို လိုက်ပို့ပေးတယ်။ မမြတ်လေးဟာ သူမ အပြန်လမ်းမှာ အဖော်တစ်ယောက်ပါနေလို့ အနည်းငယ် စိတ်သက်သာသလိုခံစားရတယ်။ ကိုဖိုးတုတ်ကမမြတ်လေးအိမ်ရှေ့ရောက်တော့ စက္ကူထုပ်ကလေးတစ်ထုပ်ကို ကမ်းပေးပြီး

"သည်နေ့ည အိပ်ပျော်အောင် ဆေးဆေးလေး နည်းနည်းသောက်လိုက်ပါလား၊ ကျွန်တော် အိပ်မပျော်ရင်လဲ ဆေးဆေးသောက်အိပ်တယ်"

လို့ပြောတယ်။ မမြတ်လေးဟာ အရင်ကဆိုရင်ဆေးဆေး သောက်လေ့ မရှိပေမဲ့ သူမအတွက် သည်နေ့ည အိပ်ရဖို့ သိပ်အရေးကြီးနေတဲ့အတွက် ကိုဖိုးတုတ် လက်ထဲကဆေးဆေးထုပ်လေးကို ယူထားလိုက်တယ်။ ပြီးတော့ အိမ်ထဲကို





ရောက်ရောက်ချင်း ဆေးဆေးထုပ်ကလေးကို ဖောက်သောက်လိုက်တယ်။ ဆေးဆေးသောက်ပြီးတာနဲ့ ဘုရားရှိခိုးပြီး အိပ်ရာထဲကို ဝင်ခဲ့တယ်၊အိပ်ရာ ဝင်ကာနီးအိပ်မက်ဆိုးတွေ မမက်ပါစေနဲ့လို့ ဘုရားမှာ ဆုတောင်းခဲ့သေးတယ်။ ဆေးဆေးတန်ခိုးကြောင့်လား၊ မမြတ်လေးဆုတောင်း ပြည့်လို့လား မသိဘူး၊ သည်ညအိပ်မက်ဆိုးတွေ မမက်ဘဲ မမြတ်လေးကောင်းကောင်း အိပ်ပျော်ခဲ့တယ်။ သည်လိုနဲ့ မမြတ်လေးဟာ နောက်နေ့တွေမှာလဲ အိပ်မက်ဆိုး မမက်တော့ဘဲ ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့တယ်။ ဒါပေမဲ့ အိပ်မက်နဲ့ ပတ်သက်တဲ့ ပယောဂကတော့ တစ်နေ့တစ်ခြား ဆိုးလာခဲ့တယ်။ သူမဟာ မြင်မက်ဖူးတဲ့ အိပ်မက်ဆိုးကို တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ပီပီပြင်ပြင် မှတ်မိလာ တယ်။ အိပ်မက်ဆိုးကို သူမ အာရုံထဲမှာ မှတ်မိနေသရွေ့ သူမ စိတ် တွေလေးကန်နေတယ်။စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဇလေးကန်နေတဲ့ ဝေဒနာဟာအလွန်ဆိုးတယ်၊ မမြတ်လေးရဲ့ အာရုံထဲမှာ အိပ်မက်ထဲက အကြောင်းအရာတွေဟာ ထာဝစဉ် စိုးမိုးနေတယ်၊သူမ ဆိုင်အတွက် လက်ဖက်ဝယ်ဖို့ အနီးအနား မြို့ကိုသွားတဲ့အခါ တိုင်းအိပ်မက်ထဲက ရှုခင်းတွေကို မြင်ရလေ မလား ဆိုပြီးရှာဖွေမိတယ်၊ အိပ်မက်ထဲမှာ မြင်ရတဲ့ အလွန် ခြောက်သွေ့ပြီး လူခြေတိတ်တဲ့ ဖုန်းဆိုးမြေက သချိုင်းကို တွေ့ရ မလား ဆိုပြီးကားပေါ်က ရှုခင်းတွေကို ကြည့်တယ်။ လမ်းနဘေး က သစ်ပင်တွေကို အိပ်မက်ထဲက သစ်ခြောက်ပင်လေလား ထင်မှတ်မှားမိပြန်တယ်၊ သည်အချိန်က စပြီး မမြတ်လေးဟာ အိပ်မက်နဲ့ ပတ်သက်ပြီးတစ်ယောက်ယောက်ကို ဖွင့်ပြောမှ ဖြစ် တော့မယ်လို့သိလိုက်တယ်၊ သူမ ရင်ထဲမှာ ကြာလေ သိုဖွက် ထားဖို့ ခက်လေဘဲ။





ရင်ထဲမှာ ကြာကြာ သိုဖွက်ထားလေ သူမရဲ့ကိုယ်စိတ် ကျန်းမာရေးကို ထိခိုက်လေပဲ ဆိုတာ ရိပ်စားမိလာတယ်။ သို့သော် သူမ အိပ်မက်ကိုဘယ်လိုလူကို ဖွင့်ပြောရမှာလဲ၊ သူမစကားကို နားထောင်မဲ့လူကဘယ်လောက် အလေးအနက် ထားပြီး နားထောင်ပေးမှာလဲ၊သံသယ ဖြစ်စရာပါပဲ၊ မြို့ထဲက ရှေးမီနောက်မီ အဘိုးကြီး အဘွားကြီး တစ်ယောက်ကို ဖွင့် ပြော လိုက်ရင်ကော.. ဖြစ်နိုင်မယ်မထင်ချေ၊ မြို့ထဲက အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်ခြင်း မဖြစ်မိဘူး။ မမြတ်လေးဟာ မကျင် မြင်မက်ခဲ့တဲ့ အိပ်မက်ဆိုးကို စိတ်ရှည်ရှည်ထားပြီး မေးမြန်းနေမိတယ်။ မကျင်ဟာ သူ့ရဲ့ အိပ်မက်ဆိုးကို တိတိ ကျကျ ဖော်ပြနိုင်စွမ်းမရှိဘူး။ မမြတ်လေးဟာ သူမ ကြုံတွေ့ခဲ့တဲ့ အိပ်မက်ဆိုးကို အခြေခံပြီး လိမ်မာပါးနပ်စွာ မေးမြန်းကြည့်လိုက်တော့ မကျင်ရဲ့အိပ်မက်က သူမရဲ့အိပ်မက်နဲ့ ဆင်တူသလိုဖြစ်ပြီး ပိုပြီးတော့လည်း ရှည်လျားပြီး ကြောက်မက်ဖွယ်ကောင်းတာ တွေ့ရတယ်။ မကျင်ရဲ့အိပ်မက်ထဲမှာ သူမရဲ့အိပ်မက်လိုပဲ ချုံနွယ်ပိတ်ပေါင်းတွေထူထပ်တဲ့လမ်းကို ဖြတ် သန်းခဲ့ရတယ်။ မကျင်ဟာ အိပ်မက်ထဲမှာ အလွန်အထီးကျန်တဲ့ ခံစားမှုမျိုးကိုခံစားခဲ့ရတယ်။ မကျင်ရဲ့ခန္ဓာကိုယ်ဟာ တစ်စုံတစ်ယောက်ရဲ့ဆွဲဆောင်မှု နောက်ကို လိုက်ပါသွားခဲ့ရတယ်။ သူမရဲ့အိပ်မက်ထဲမှာ သစ်ခြောက်ပင်တွေလည်း ပါဝင်ပြီး ပတ်ဝန်းကျင်





ပါဘူး။ နောက်ဆုံး ဒေါက်တာအောင်ကျော်ကို သူမရဲ့စာရင်းထဲက ထုတ်ပယ် လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မမြတ်လေးဟာ အိပ်မက်ကို ဖွင့်ပြောဖို့ အသိမိတ်ဆွေတွေ တစ်ယောက်ပြီး တစ်ယောက် စဉ်းစားပြီးတော့ နောက်ဆုံး ဘယ်သူ့ကိုမှ ပြောလို့မဖြစ်တော့တဲ့အဆုံးမှာ မကျောင်ကိုပဲ ဖွင့်ပြောလိုက်ရတယ်။ သည်ညက မကျောင်ရဲ့ ယောက်ျားကိုဖိုးတုတ်ဟာ မြို့ပေါ်က အသုဘတစ်ခုကိုရောက်နေတယ်။ မမြတ်လေးဟာ သူမရဲ့ အိပ်မက်ဝေဒနာကို တစ်ယောက်ယောက်ကိုဖွင့်မပြောလို့ မဖြစ်တော့တဲ့ အခြေ





အနေကို ရောက်နေပြီ။ ဒါကြောင့် အရဲစွန့်ပြီးမကျောင်ကို ပြောဖို့ ဆုံးဖြတ်လိုက်တယ်။ မမြတ်လေးဟာ သူမရဲ့ထူးခြားတဲ့ အိပ်မက်ကို မကျောင် နားလည်အောင် အတတ်နိုင်ဆုံး စကားတန်ဆာဆင်ပြီး ပြောပြခဲ့ပေမဲ့ သူ့တစ်ပါးဝေဒနာကို စာနာထောက်ထားစိတ်နည်းတဲ့ မိန်းမက ထုံးစံအတိုင်း အလေးအနက် မထားတဲ့ လေသံနဲ့

"သွေးလေချောက်ချားလို့ မက်တာပါအေ။ ကျွန်မဆီမှာ ဆရာခရဲ့ နှလုံးငြိမ်ဆေးရှိတယ်။ ရှင် အိမ်ပြန်ရင် နှလုံး ငြိမ်ဆေးပေးလိုက်မယ်။ နှလုံးငြိမ်ဆေးသောက်အိပ်ရင် ဘာအိပ်မက်မှ မမက်တော့ ဘူး။ တစ်ညလုံးအိပ်တာမှ တုံး ခနဲဘဲ"

လို့အလေးအနက် မထားဟန်နဲ့ ပြောတယ်။ မမြတ်လေးဟာ မကျောင်လို လူမျိုးကိုအိပ်မက်အကြောင်းပြောမိတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ပြီး အိမ်ပြန်လာခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ လမ်းပေါ်ကို ရောက်တဲ့အခါ သူမစိတ်ထဲက တင်းကျပ်မှုတွေ ထူးခြားစွာ ပျောက်ကွယ်သွားတာကို အံ့ဩဖွယ် သိလိုက်ရတယ်။ သည်အခြေအနေဟာ အလွန်အံ့ဩဖွယ်ကောင်းတဲ့ အခြေအနေပါ။ သုံးပတ်နီးပါး ဝေဒနာခံစားရတာတွေဟာ အားလုံး ပျောက်ချင်းမလှ ပျောက်သွားပါပြီ။ ရင်ထဲမှာ လွတ်လပ် ပေါ့ပါးပြီး လန်းဆန်းတဲ့ ခံစားမှုမျိုးတွေ ဖြစ်ပေါ်လာတယ်။ ရက်ပေါင်းများစွာ မချိမဆံ့ ထမ်းပိုးထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို လွတ်ချလိုက်ရသလို ခံစားလိုက်ရတယ်။ပျော်ဖို့ကောင်းလိုက်တာ၊ အိပ်မက်ကို သူတစ်ပါး သိအောင် ဖွင့်ဟလိုက်တာနဲ့ လွတ်လပ်ပေါ့ပါးသွားလိုက်တာ… မမြတ်လေးဟာ ဝမ်းသာလွန်းလို့ ကောင်းကင်ကို မော့ကြည့်ပြီး ဟားတိုက်ရယ်မောပစ်လိုက်တယ်။ ရယ်တာတော်တော်နဲ့ မရပ်နိုင်ဘူး။ စိတ်ထဲမှာ လေးလံထိုင်းမှိုင်းတဲ့အခြေအနေက လွတ်ကင်းပြီး





ပေါ့ပါးလွတ်လပ်သွားတယ်။ ခေါင်းထဲမှာ နာကျင်ကိုက်ခဲနေတဲ့ ဝေဒနာလဲ ယူပစ်သလို ပျောက်သွားခဲ့ပြီ။ မြူတွေနဲ့ ပိတ်ဖုံးနေတဲ့ အရပ်ကို နေမင်းပေါ်ထွန်းလိုက်သလို လင်းထိန်သွားခဲ့တယ်။

သည်ညမှာ မမြတ်လေးဟာအိပ်ရေးဝဝ အိပ်ပျော်နိုင်ခဲ့တယ်။ မနက်မိုးလင်း အိပ်ရာကနိုးတော့ လန်းဆန်းတက်ကြွတဲ့ ခံစားမှုမျိုးကို ပြန်ရခဲ့တယ်။ အရင်ကလွတ်လပ်ပေါ့ပါးတဲ့ မမြတ်လေးဘဝကို ပြန်ရောက် သွားပါပြီ… သူမ အိပ်မက်ကို မကျင်ဆိုတဲ့ မိန်းမကြီး စိတ်ဝင်တစား နားမထောင်ပေမဲ့ သူမကတော့ အိပ်မက်ဆိုးရဲ့ ပယောဂက လွတ်မြောက်သွားပါပြီ။သူမရဲ့ အိပ်မက်တွေဟာ ဆန်းကြယ်လွန်းလှတယ်။ တစ်ပါးသူကို ဖွင့်ပြောလိုက်တာနဲ့ အိပ်မက်ဆိုးရဲ့ကျိန်စာကလွတ် မြောက်သွားခဲ့တယ်။ကံကောင်းလှပါဘိ…..



www.burmeseclassic.com

www.burmeseclassic.com



မမြတ်လေးဟာ အရင်ကလိုပဲ လက်ဖက်ဆိုင်လေးကို တက်တက်ကြွကြွဖွင့်ပြီး သီချင်းလေးတအေးအေးနဲ့ အလုပ်လုပ်နေခဲ့တယ်။ သည်အချိန်မှာပဲ မမြတ်လေးရှေ့ကို မကျင်ရောက်လာခဲ့တယ်။ မကျင်ရဲ့ မျက်လုံးတွေ ပြူးကျယ်နေပြီး ဆံပင်တွေလဲ ဖရိုဖရဲ ဖြစ်နေတယ်။ မကျင်ဟာ တစ်ည အတွင်းမှာ အိုမင်းရင့်ရော်သွားသလို ရုပ်မျိုးဖြစ်သွားတယ်။ မမြတ်လေးက မကျင်ကို တအံ့တသြ ကြည့်ပြီး





"ဘယ်လိုဖြစ်လာတာလဲ မကျင်ရယ်..... နေမကောင်းဘူး လား"

လို့ မေးမြန်းလိုက်တယ်။ မကျင်က လေသံတုန်တုန်ယင်ယင်နဲ့

"သိပ်ထူးဆန်းတယ်၊ ရှင်မက်တဲ့ အိပ်မက်နဲ့ တစ်ပုံစံတည်း တူတဲ့အိပ်မက်ကို ကျွန်မလည်း မက်တယ်၊ ဒါပေမဲ့ ကျွန်မအိပ်မက်က ရှင့်အိပ်မက်ထက် အများကြီးဆိုးတယ်၊ ကြောက်ဖို့လည်း ကောင်း တယ်"

လို့ပြောတယ်။ မမြတ်လေးဟာ မကျင်ရဲ့ အထိတ်တလန့်အမူအရာကို ဂရုမစိုက်မိဘူး။ သူမပြောဖူးတဲ့ အိပ်မက်ဆိုးကို စိတ်စွဲလမ်းပြီး မကျင် မြင်မက်တာဖြစ်မယ်လို့ ယူဆမိတယ်။ နောက်ပြီး အိပ်မက် ဆိုးကိုကုစားနိုင်တဲ့ နည်းလမ်းကို သူမကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးတာမို့ မကျင်ရဲ့ဝေဒနာအတွက်



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးတွေက အယူအဆ အစွဲအလမ်း ကြီးလွန်းတယ်။ ဗီရိုထဲက ဘုတ်အုပ်ကြီးတွေကို ထုတ်ပြီး

"ဆင်ဖြူစီးရတယ် မြင်မက်မှုအကြီးအကဲဖြစ်အံ့။ စွယ်တော် မြတ်စေတီကို မြင်မက်မှု ဂုဏ်ကျက်သရေ တိုးအံ့ ..."

ဆိုပြီးလူတတ်ကြီးလုပ်ပြီးဆရာလုပ်ကြဦးမယ်။ မမြတ်လေးဟာ အိပ်မက်အကြောင်းကို ဖွင့်ဟပြောဆိုမဲ့ လူကိုစဉ်းစားနေတယ်။ သည်အချိန်မှာပဲ ဒေါက်တာအောင်ကျော်ရဲ့ဂျစ်ကားလေး ဆိုင်ရှေ့က ဖြတ်သွားလို့အိပ်မက်အကြောင်းကို ဖွင့်ပြောရမဲ့သူဟာ ဒေါက်တာအောင်ကျော်ပဲလို့ တွေးလိုက်တယ်။ ဒါပေမဲ့ ဒေါက်တာအောင်ကျော်ဟာ ခေတ်ပညာတတ် တစ်ယောက်ဖြစ်လို့ သူမရဲ့ထူးထူးဆန်းဆန်း အိပ်မက်ကို အလေးအနက်ထားမယ် မထင်မိဘူး။နောက်ပြီး သူမမှာ ရောဂါဝေဒနာ မရှိဘဲ ဒေါက်တာအောင်ကျော်ရဲ့ဆေးခန်းကိုသွားလို့မဖြစ်နိုင်





တစ်ခုလုံး အရောင်အဆင်းကင်းမဲ့ကာ ခြောက်သွေ့လွန်းသော ခံစားချက်ကြောင့် အလွန်တုန်လှုပ် ချောက်ချားသောခံစားမှုမျိုးကို ကြုံတွေ့ခဲ့ရတယ်။ မကျင်ဟာ အိပ်မက်ထဲမှာမိမိကိုယ်မိမိ မကောင်းဆိုးဝါး ဖြစ်နေတယ်လို့ ထင်မြင်ခဲ့တယ်။ မကျင်ဟာ သချိုင်းထဲကအုတ်ဂူတွေကိုမြင်တော့ ကြောက်လွန်းလို့ အကြောက်အကန် ငြင်းဆန်ခဲ့တယ်လို့ဆိုတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က အတင်း အကြပ်ဆွဲခေါ်သွားလို့မြေပေါ်မှာ လျှောပါသွားတယ်။ မကျင်ရဲ့အိပ်မက်ထဲမှာလဲ ဇရပ်ပျက်ကြီးကို မြင်ခဲ့ရတယ်။ ဇရပ်ပျက်ထဲမှာ တစ်စုံတစ်ယောက်ရှိနေမယ်လို့ခံစားရပြီး အလွန်ကြောက်ရွံ့တဲ့ ခံစား ချက်မျိုးဖြစ်ပေါ်တယ်လို့ဆိုပါတယ်။ မကျင်ရဲ့ကိုယ်ခန္ဓာဟာ ဇရပ်ပျက်ဆီကို အလိုလို ရွေ့လျားသွားတယ်လို့ဆိုတယ်။ မကျင်ရဲ့အိပ်မက်နဲ့ မမြတ်လေးရဲ့အိပ်မက်ကွာခြားချက်ကတော့ မကျင်ဟာ ဇရပ်ပျက်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ့ခါးထစ်တွေအထိရောက်သွားပြီး ဇရပ်ပျက်ကြီး ရဲ့ခေါင်မိုး သွပ်ပြားတွေကိုတောင် အတိုင်းသား မြင်ရတယ်လို့ဆို တယ်။ မကျောင်ရဲ့ခြေအစုံဟာ ဇရပ်လှေခါးထစ်ပေါ်ကို အလိုလိုတက်မိ ပြီးသားဖြစ်နေတယ်၊ မကျောင်ဟာထိတ်လန့်လွန်း လို့အသံကုန် အော်ဟစ်လိုက်မိတယ်၊ သည်လိုအော်ဟစ်လိုက်ပြီးတော့ မကျောင်ရဲ့ ခြေအစုံဟာ လေထဲကို မြင့်တက်သွားပြီး အိပ်ရာက လန့်နိုးလာခဲ့တယ်လို့ ဆိုတယ်။ မကျောင်ဟာ အိပ်ရာက လန့်နိုးပြီး ထိတ်လန့်လွန်းလို့ ရှိုက်ကြီးတငင် ငိုယိုနေမိတယ် လို့ဆိုတယ်။ မကျောင်ဟာအိပ်ရာက လန့်နိုးလာတဲ့အထိ ခုတင်ပေါ်မှာရှိုက်ငို နေမိတယ်လို့ဆိုတယ်။ မကျောင်အိပ်မက်ရဲ့ထူးခြားမှုတစ်ခုက ဇရပ်ပျက်ထဲက တစ်စုံတစ်ယောက်က သူမကို မြွေတစ်ကောင် လို ညို့ငင်ဖမ်းစားပြီး ဇရပ်ပေါ်ကိုတက်ဖို့ ဆွဲဆောင်နေတယ် လို့ဆိုတယ်။ နောက်ဆုံးတော့ မကျောင်ဟာ အိပ်ခန်းမီးခလုတ်ကို





ဖွင့်လိုက်တော့မှ စိတ်ထဲမှာ သက်သာသွားသလို ခံစားရတယ်။ မကျောင်ဟာ အိပ်ရာက လန့်နိုးလာချိန်မှာ အလွန် ပင်ပန်းဆင်းရဲ တဲ့ ခံစားမှုမျိုးကိုခံစားရပြီး အားအင်ကုန်ခမ်းနေသလို ခံစားရ တယ်။ သူမဟာ အလွန်အားငယ်ပြီး ဘာကို ထိတ်လန့်မှန်း မသိ ထိတ်လန့်နေတယ်။ သူမဟာ အလွန် စိတ်ကျပြီးသတ်သေချင် လောက်အောင် စိတ်ဆင်းရဲနေတယ်လို့ဆိုတယ်။ နောက်ဆုံး တော့ မကျောင်ဟာ အလွန်ဆိုးဝါးတဲ့ ခံစားမှုမျိုးကို တစ်ကိုယ် တည်း မခံနိုင်တော့တဲ့အဆုံးမှာ မမြတ်လေးဆီကိုလာပြီး ရင်ဖွင့် လိုက်တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မမြတ်လေးဟာ မကျင်ရဲ့ အထီးကျန်ဝေဒနာနဲ့ ပတ်သက်ပြီး အထူးသတိပြုမိတာ တစ်ခုကတော့ မကျင်ဟာ သူ့ရဲ့ အိပ်မက်ကို သူတစ်ပါးကို ပြန်ပြောပြသည့်တိုင်အောင် မကျင်ရဲ့ အထီးကျန်ဝေဒနာ မသက်သာသွားတာဘဲ။ မကျင်ရဲ့တုန်လှုပ်ချောက်ချားနေတဲ့ အမူအရာကို မြင်ရင် သူ့ယောကျ်ားကိုဖိုးတုတ်မေးမြန်းမှာ သေချာတယ်။ မကျင်ရဲ့ ဝေဒနာကို ကိုဖိုးတုတ်ကို လုံးဝပြန်မပြောဖို့အကြိမ်ကြိမ်သတိပေးလိုက်





တယ်။ မကျင်အိမ်ကို ပြန်သွားတဲ့ အချိန်မှာ မမြတ်လေးဟာ သူ့တို့နှစ်ယောက်စလုံး မြင်မက်ခဲ့တဲ့ အိပ်မက်ကိုပြန် တွေးနေမိတယ်။ မကျင်ရဲ့အိပ်မက်ဟာ မမြတ်လေးရဲ့အိပ်မက်ထက် ပိုပြီးရှည်လျားတယ်။ ပိုပြီးလည်းကြောက်မက်ဖွယ်ကောင်းတယ်။ မမြတ်လေးရဲ့အိပ်မက်ထဲမှာ ဇရပ်ပျက်ကြီးကို ပြတ်ပြတ်သားသား မမြင်ရဘူး။ မကျင်ရဲ့ အိပ်မက်ထဲမှာတော့ ဇရပ်ပျက်ကြီးရဲ့လေ့ခါးထစ်နဲ့ခေါင်မိုးသွပ်ပြားတွေကိုတောင် ထင်ထင်ရှားရှား မြင်ရတယ်။ မကျင်ကို ဇရပ်ပျက်ပေါ်က ကြောက်မက်ဖွယ် အရာကညှို့ငင်နေတယ်လို့ဆိုတယ်။ သည်အရာဟာ ဘယ်လို အရာမျိုးဖြစ်သလဲ။

မကျင်ရဲ့ယောကျ်ားကိုဖိုးတုတ်ဟာ သူ့မိန်းမရဲ့ဝေဒနာကို ပထမပိုင်းမှာ သတိမပြုမိဘူး။ သူ့မိန်းမ သာမာန်နေထိုင်မကောင်းဖြစ်တယ်လို့ပဲထင်မြင်ပြီး ဆေးသောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းလိုက်တယ်၊ ဒါပေမဲ့ နေ့လယ်စာ စားတဲ့အချိန်မှာ မကျောင်ရဲ့အမူအရာ အရမ်းပျက်နေလို့ ကိုဖိုးတုတ် စိုးရိမ်စပြုလာတယ်။ ဒါကြောင့် ဆရာဝန်ပြ ကြည့်ဖို့တိုက်တွန်းပေမဲ့ ခေါင်းမာတဲ့ မကျောင်က လက်မခံဘူး။ သည်လိုနဲ့ တစ်ရက်နှစ်ရက်ကြာပြီး မကျောင်ရဲ့ဝေဒနာတွေ တဖြည်းဖြည်း ပိုဆိုးလာတယ်။ အထူးခြားဆုံးက အလွန်စကားများတဲ့ မကျောင်ဟာ စကား အလွန်နည်းသွားတယ်။ သည်ထူးခြားချက်ကို ကိုဖိုးတုတ် သတိပြုမိသွားတယ်၊ ဇနီးသည်အတွက်လည်း စိုးရိမ်သွားတယ်။ ဒါကြောင့် မမြတ်လေးဆီကို ရောက်လာပြီး ဇနီးသည်ရဲ့ဝေဒနာကို ဒေါက်တာအောင်ကျော်နဲ့ ပြချင်လို့ နားချပေးဖို့ပြောတယ်။ မမြတ်လေးဟာ မကျောင်ရဲ့ရောဂါ အခြေအနေကို အသိဆုံးမို့ စိတ်မသက်မသာ ဖြစ်သွားတယ်။ နောက်ဆုံးမှာ မကျောင်နဲ့နှစ်ကိုယ်ကြား သွားတွေ့ပြီးသူမရဲ့ဝေဒနာကို ကိုဖိုးတုတ် သိအောင်





ပြောပြဖို့တိုက်တွန်းရတယ်။ မကျောင် ကိုယ်တိုင်လည်း အထီးကျန်ဝေဒနာကို မခံစားနိုင်တဲ့အဆုံးမှာ ဝေဒနာကို ယောကျ်ားဖြစ်သူကို ပြောပြဖို့သဘောတူလိုက်တယ်၊ မကျောင်ဟာသည်နေ့ညနေမှာပဲ သူမရဲ့အိပ်မက်ဆိုးအကြောင်းကို ကိုဖိုးတုတ် သိအောင် ပြောပြလိုက်တယ်။ ကိုဖိုးတုတ်ဟာ ဇနီး ဖြစ်သူ ရဲ့စကားကို ယုံကြည်ရန်ခက်ခဲတဲ့ အမူအရာနဲ့ နားထောင်နေတယ်။

မကျောင်ဟာ နတ်တွေ၊ ပေဒင်တွေ အယုံလွယ်လွန်းလို့ ဇနီးသည်ရဲ့ စကားကို သိပ်နားမဝင်ဘူး၊ ဒါပေမဲ့ အိပ်မက်နဲ့ ပတ်သက်လို့ မမြတ်လေးကိုယ်တိုင်ပြောပြတဲ့အခါမှာတော့ ကိုဖိုးတုတ်မျက်လုံး ပြူးသွားပြီး

"ဟင်...ဒါဆိုရင်တော့ အိပ်မက်နဲ့ ပတ်သက်ပြီး ဆရာဝန်နဲ့တိုင်ပင်မှဖြစ်တော့မယ်"

လို့ပြောတယ်။ဆရာဝန်ဆိုရင်အသံကြားတာနဲ့ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ မကျင်ကတော့ ကမန်းကတန်း လက်ကာပြပြီး

"အမလေး..ဆရာဝန်နဲ့တော့ မပြချင်ပါဘူး၊ အိပ်မက် မက်တာနဲ့ ဆရာဝန်ပြတယ်ဆိုရင် ဆရာဝန်က ကျွန်မ ရူးနေပြီ ထင်တော့ မှာပေါ့"

လို့အကြောက်အကန်ငြင်းဆန်တယ်။ ကိုဖိုးတုတ်ဟာ မိန်းမစကားကို မပယ်ရှားဝံ့သူမို့ ငြိမ်သက်သွားတယ်။ မမြတ်လေးဟာ ကိုဖိုးတုတ် အမူအရာကို ကြည့်ပြီးသက်ပြင်း ရှည်ကြီးကိုသာ ချလိုက်မိတယ်။ သူ့အတွက် အိမ်ပြန်ဖို့ကလွဲလို့ လမ်းမရှိတော့ဘူး။ မကျင်ဆီက အိပ်မက်ဆိုးအကြောင်း ကြားသိလိုက်တဲ့ကိုဖိုးတုတ် တစ်ယောက် အိပ်မက်ရောဂါ မကူးစက် ပါစေနဲ့လို့သာဆုတောင်းနေမိတယ်။ ပထမဆုံး အိပ်မက် ရောဂါ စတင်ခံစားရသူဟာမမြတ်လေးဖြစ်ပြီး၊ မမြတ်လေးဆီ က တစ်ဆင့် အိပ်မက်အကြောင်းနားထောင် ပြီး ဒုတိယအဆင့်





ကူးစက်ခံရသူဟာ မကျင်ဖြစ်ခဲ့တယ်။ ယခု မကျင်ဆီက အိပ်မက်အကြောင်းကို ကိုဖိုးတုတ်ကြားသိခဲ့ပြန်ပြီ။ကိုဖိုးတုတ် တစ်ယောက် ကံကောင်းပါစေလို့သာ ဆုတောင်းနေမိတယ်။ ဒါပေမဲ့ မမြတ်လေး ဆုတောင်းမပြည့်ခဲ့ပါဘူး၊ နောက်တစ်နေ့ မှာ ကိုဖိုးတုတ် အပြင်းဖျားနာတယ်ဆိုတဲ့သတင်းကိုကြား လိုက်ရတယ်။ မမြတ်လေး ကိုဖိုးတုတ်ကိုသွားတွေ့ချိန်မှာ ကိုဖိုးတုတ်ဟာ တုန်လှုပ်ချောက်ချားတဲ့အမူအရာနဲ့ အိပ်ရာပေါ် မှာ ဇောက်ချနေတယ်၊ မကျင်ကတော့ သူမရဲ့အိပ်မက်ရောဂါ သက်သာသွားပုံရတယ်။မမြတ်လေးဟာ သူတို့လင်မယားရဲ့ အမူအရာကိုကြည့်ပြီး အိပ်မက်ရောဂါကို နားလည်တတ်ကျွမ်း တဲ့ ပညာရှင်တစ်ယောက်နဲ့ပြမှဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက် တယ်။ အိပ်မက်ရောဂါကိုစတင်ဖြန့်ဖြူးတဲ့သူဟာ သူမကိုယ် တိုင်ဖြစ်နေတော့ သူမမှာတာဝန်ရှိတယ်လို့ယူဆမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တုန်လှုပ်ချောက်ချားနေတဲ့ မကျင်ကို ကြည့်ပြီး

"ကျွန်မတို့ ဆံရာဝန်ခေါ်မှ ဖြစ်တော့မယ်"

လို့တိုးတိုးပြောလိုက်တယ်။ မကျင်က မမြတ်လေးကို

မငြင်းဆန်တော့ဘဲ ခေါင်းညိတ်ပြလိုက်တယ်။





ဒေါက်တာအောင်ကျော် ရောက်လာချိန်မှာ ကိုဖိုးတုတ်ဟာ အိပ်မက်ထဲမှာ ကြောက်စရာသိပ်ကောင်းတယ် ဆိုတဲ့စကားကိုပဲ တတွတ်တွတ်ပြောနေတယ်။ မမြတ်လေးဟာ ဒေါက်တာအောင်ကျော်ကို သူမကိုယ်တိုင်ရှင်းပြမှ ဖြစ်တော့မယ်လို့ သိလိုက်တယ်။ ဒါပေမဲ့ ဒေါက်တာလို ခေတ်ပညာတတ်တစ်ယောက်က သူ့စကားကို နားဝင်ပါ့မလားလို့ သံသယဖြစ်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တကယ်တန်းကျတော့ ဒေါက်တာအောင်ကျော်ဟာ အံ့သြဖွယ် ကောင်းလောက်အောင် မမြတ်လေးစကားကို တလေးတစားနားထောင်တယ်၊ ဒါပေမဲ့ အိပ်မက်နဲ့ ပတ်သက်တဲ့ ထူးခြားဆန်းကြယ်မှုတွေကို သူလုံးဝ နားမလည်ဘူး။ သူ နားလည်တဲ့ ဆေးဘက်ဆိုင်ရာ ကိစ္စတွေကိုပဲ လုပ်နေခဲ့ တယ်။ ခဏကြာတော့ ကိုဖိုးတုတ်ရဲ့ဝေဒနာ အတော်အတန် သက်သာ သွားခဲ့တယ်။ မကျောင်တစ်ယောက် ကိုဖိုးတုတ်အနီးမှာ ကျန်ရစ်ခဲ့ချိန်မှာ မမြတ်လေးဟာ ဒေါက်တာအောင်ကျော်ကို အိပ်မက်ဆိုးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေကို ပြောပြနေမိတယ်။ ဒေါက်တာအောင်ကျော်က စိတ်ဝင်တစားနားထောင်နေတဲ့အတွက် သူမဟာ အိပ်မက်အကြောင်းကို ပြောဖို့ အားတက်သရောဖြစ်မိတယ်၊ ဒေါက်တာအောင်ကျော်ဟာ မမြတ်လေးနဲ့ မကျောင်တို့ မြင်မက်တဲ့ အိပ်မက်တွေကိုသေသေချာချာ မေးမြန်း





ကြည့်တယ်။ ကိုဖိုးတုတ် ရဲ့ အိပ်မက်ကို မေးမြန်းတဲ့အခါ အနီးမှာ မမြတ်လေးစောင့်ကြည့်နေပေးဖို့တောင်းပန်တယ်။ ဒေါက်တာအောင်ကျော်က ကိုဖိုးတုတ်ကို ကြည့်ရင်း

"ကိုဖိုးတုတ်ရဲ့ အိပ်မက်က မမြတ်လေးတို့ အိပ်မက်နဲ့ အတူတူပဲလား"

လို့မေးမြန်းလိုက်တော့ကိုဖိုးတုတ်က လေသံတုန်တုန် ယင် ယင်နဲ့

"အတူတူပါပဲဗျာ၊ဒါပေမဲ့ အိပ်မက်ကြီးက ကြောက်စရာ ကောင်းလွန်းလို့ ပြန်တောင်မပြောရဲဘူး"

လို့ပြောတော့ ဒေါက်တာက

"မကြောက်ပါနဲ့ဗျာ၊ကိုဖိုးတုတ် အနီးမှာ ကျုပ်တို့အားလုံး ရှိပါ တယ်၊ ကိုဖိုးတုတ် ဝေဒနာကိုသိရမှ ကုသပေးလို့ရမှာပေါ့"

လို့အားပေးစကားပြောလိုက်တယ်။ပြီးတော့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



က ကိုဖိုးတုတ်ကို ကြည့်ပြီး

"အမျိုးသမီးနှစ်ယောက်ရဲ့အိပ်မက်ကို ကျုပ်သုံးသပ်ကြည့်လိုက်တော့ခြောက်သွေ့နေတဲ့ပတ်ဝန်းကျင်ရယ်၊ သစ်ခြောက်ပင်နဲ့ ကုန်းမြင့်ပေါ်က သချိုင်းကုန်းရယ်ကအတူတူပဲ၊ နောက်ဆုံးသချိုင်းထဲက ဇရပ်ပျက်ကြီးကိုမြင်တာလဲတူနေတယ်၊ ကိုဖိုးတုတ်ရဲ့အိပ်မက်ထဲမှာလဲ ဒီလိုပဲလား"

လို့မေးမြန်းလိုက်တော့ ကိုဖိုးတုတ်က တုန်လှုပ်တဲ့ အမူအရာနဲ့

"ဟုတ်တယ်၊ ကျုပ်အိပ်မက်က သူတို့အိပ်မက်နဲ့အတူတူပါပဲ၊ ဒါပေမဲ့ သူတို့နဲ့ မတူတာက ကျုပ်ရဲ့ခန္ဓာကိုယ်ကြီးဟာလေထဲမှာ ပျံသန်းပြီး ဇရပ်ပျက်ကြီးထဲကို ရောက်သွားတယ်၊ ဇရပ်ပျက်ကြီးကိုသွားရမှာ ကျုပ်ဘာကြောင့်မှန်းမသိကြောက်ရွံ့နေခဲ့တယ်၊ ကျုပ်ကြောက်လွန်းလို့ အကြောက်အကန် အော်





ဟစ်ပြီး ရုန်းကန်ခဲ့ပေမဲ့ ဇရပ်ပျက်ကြီးကို လွင့်ပျံပြီး ရောက်ရှိသွားတယ်"

လို့ပြောတယ်။ ဒီအခါမှာဒေါက်တာက စိတ်ဝင်စားဟန်နဲ့

"ကိုဖိုးတုတ်ဇရပ်ပျက်ကြီးပေါ်ကို ရောက်တော့ ဘာတွေတွေ့သလဲ"

လို့မေးမြန်းလိုက်တယ်။ ကိုဖိုးတုတ်က တုန်တုန်ယင်ယင်နဲ့

"ဇရပ်ပေါ်မှာအမှောင် လွှမ်းမိုးနေတယ်၊ ဒါပေမဲ့.. အမှောင်ထဲမှာ အမှောင်ထဲမှာ..."

ဆိုပြီးထိတ်လန့်ဟန်နဲ့ ငြိမ်သက်သွားတယ်၊ ဒေါက်တာအောင်ကျော်က စိတ်ဝင်တစားနဲ့

"အမှောင်ထဲမှာ ဘာတွေ့သလဲ ပြောစမ်းပါ၊ မကြောက်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့"

ဆိုပြီးအားပေးစကားပြောတယ်။

ဒီတော့မှ ကိုဖိုးတုတ်ကချောက်ချားဟန်နဲ့

"အမှောင်ထဲမှာ ဆံပင်ဖါးလျားချထားတဲ့ မိန်းမ တစ်ယောက်ရဲ့ နောက်ကျောကို မြင်ရတယ်၊ ကျုပ်...ကျုပ် သူ့ကိုကြည့်ရတာ သိပ် ကြောက်တာပဲ၊ သူ့အနားရောက်လေ ကြောက်ဖို့ကောင်းလေပဲ၊ ပြောရင်းနဲ့တောင် ကျုပ်ကြက်သီး တွေထလာပြီ၊ ကျုပ်သိပ် ကြောက်တယ်"

လို့ဆိုလိုက်တော့ ဒေါက်တာ အောင်ကျော်က

"ဒီမိန်းမရဲ့မျက်နှာကို မြင်ရလို့လားဗျ"

လို့မေးမြန်းလိုက်တယ်။ကိုဖိုးတုတ်က

"မမြင်ရပါဘူးဗျာ၊သူ့မျက်နှာကို မမြင်ဘဲနဲ့တောင် ဒီလောက်ကြောက်နေတာ မြင်များမြင်ရရင် ကျုပ်အသက်





ထွက်သွားမလားမသိဘူး"

လို့ပြောတယ်။ ဒီအခါမှာဒေါက်တာ အောင်ကျော်က အားတက်သရောနဲ့

"နောက်ပြီးဘာတွေမြင်သေးလဲဗျ"

လို့မေးလိုက်တယ်၊ဒါပေမဲ့ ကိုဖိုးတုတ်ဆီက ရှေ့ဆက်ပြီး ဘာကိုမှ ရေရေရာရာ မကြားရတော့ပါဘူး။သူဟာ အကြောက် လွန်ကဲပြီး ကပေါက်တိ ကပေါက်ချာတွေပဲ ဖြေနေတော့တယ်။ ဒေါက်တာအောင်ကျော်က လူနာပင်ပန်းမှာ စိုးလို့ ရှေ့ဆက်ပြီး မမေး တော့ပါဘူး။ အိပ်မက်အကြောင်းကို ဘယ်သူကိုမှ မပြော တော့ဖို့ပဲမှာကြားခဲ့တယ်။ ဒါပေမဲ့ လူနာဆီက ထူးခြားမှု တစ်ခုကိုတော့ ဒေါက်တာကျော်စွာ သတိထားမိလိုက်တယ်။ အဲဒါကတော့ ကိုဖိုးတုတ်ဟာသူ့ရဲ့အိပ်မက်ကို ပြောပြပြီးနောက် ပိုင်းမှာရောဂါဝေဒနာသက်သာသွားတာပါပဲ။ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ဟာ ကိုဖိုးတုတ်ရဲ့ကျန်းမာရေး အခြေအနေကို နေ့စဉ်သွားပြီး ကြည့်ရှုပေးခဲ့တယ်။ ဒီရက်ပိုင်းမှာ မမြတ်လေးက ဒေါက်တာအောင်ကျော်ကို မြင်တိုင်း သူတို့မြင်မက်တဲ့ ကြောက်စရာ အိပ်မက်ကို ဒေါက်တာ မြင်မက်ခြင်း ရှိမရှိ အမြဲမေးတတ်တယ်။ ဒီအခါမှာ ဒေါက်တာ အောင်ကျော်က ဂုဏ်ယူဝံ့ကြွားတဲ့ အမူအရာနဲ့

"ကျုပ်ကတော့ ဘယ်မက်ပါ့မလဲဗျာ"

လို့ဖြေလေ့ရှိတယ်။ ဒီအခါမှာ မမြတ်လေးသာမက ကိုဖိုးတုတ်တို့ လင်မယားနှစ်ယောက်စလုံး သူ့ကို တအံ့တသြ ကြည့်ကြ တာ သတိပြုမိတယ်။





ဒေါက်တာအောင်ကျော်ဟာ ကိုဖိုးတုတ်ရဲ့ဝေဒနာကို ငါးရက်မြောက်အထိ နောက်ဆုံးကြည့်ရှုပေးအပြီး မြို့စွန်မှာနေထိုင်တဲ့ သူ့ချစ်သူ မမိုးဝါရဲ့အိမ်ကိုဝင်ခဲ့တယ်။ မမိုးဝါဟာ တစ်ခါက သွေးအားနည်းရောဂါကြောင့် ဒေါက်တာ အောင်ကျော်ရဲ့လူနာဖြစ်ခဲ့ဖူးတယ်။ နောက်တော့ မမိုးဝါရဲ့ဝေဒနာ ပျောက်သွားပြီး သူတို့နှစ်ယောက်ဟာ မိတ်ဆွေတွေထက်ပိုပြီး ရင်းနှီးကျွမ်းဝင်သွား ခဲ့တယ်။ မမိုးဝါဟာ ညို့ငင်အားကောင်းတဲ့

www.burmeseclassic.com



မိန်းမလှတစ်ယောက်မို့ ဒေါက်တာအောင်ကျော်စွဲလမ်းတာ မဆန်းပါဘူး။ မမိုးဝါမှာ မိဘတွေထားရစ်တဲ့ လယ်ယာမြေတွေ အများကြီးရှိလို့ သူတစ်ယောက်တည်းစားလို့ မကုန်ပါဘူး။ မမိုးဝါဟာ တစ်ကိုယ်တည်းအပျိုကြီးဘဝနဲ့ နေရတာ ရိုးအီလာလို့ ယောကျ်ားတစ်ယောက်ကို တမ်းတနေတာကြာပါပြီ။ ဒါပေမဲ့ မြို့ပေါ်မှာ သူမအတွက်မက်လောက်စရာ ယောကျ်ားမရှိလို့ ဒေါက်တာအောင်ကျော် ရောက်လာတာ ဖုတ်သွင်းရထားဆိုက် သလိုပါပဲ။ ဒေါက်တာအောင်ကျော်ကိုယ်တိုင်လည်း ရတာမလို လိုတာမရဘဲ လူပျိုကြီးဖြစ်နေလို့ မမိုးဝါဟာ သူ့အတွက်ရေကန် အသင့်ကြာအသင့်ပါပဲ။ ဒီနေ့ညနေ မမိုးဝါဟာ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး ဒေါက်တာအောင်ကျော်ကို စောင့်မျှော်နေတုန်းမှာဘဲ ဒေါက်တာအောင်ကျော်ရဲ့ဂျစ်ကားလေးဆိုက်ရောက်လာတယ်။ မမိုးဝါဟာ ဒေါက်တာကို မြင်





တော့ဝမ်းသာအားရနဲ့

"ရှင်ရောက်လာတာနဲ့ အတော်ပဲ၊ အိမ်မှာ ရှင့်အကြိုက် ဝက်သားနဲ့မျှစ်ချဉ်ချက်ထားတယ်"

လို့ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်က အားတက်သရောနဲ့

"ဝက်သားစားချင်နေတာနဲ့ အတော်ပဲ၊ ရေချိုးပြီးရင်စားမယ်လေ"

လို့ဆိုပြီး ရေချိုးဖို့ ပြင်ဆင်တယ်၊ ဒေါက်တာအောင်ကျော် ရေချိုးပြီးတော့ သူတို့နှစ်ယောက် ညနေစာ အတူစားကြတယ်။ ဒေါက်တာအောင်ကျော်ဟာ မမိုးဝါနဲ့ ချစ်သူ ဖြစ်ပြီး နောက်ပိုင်း အခုလို အားလပ်ရက်လေးတွေမှာ တွေ့လေ့ရှိတယ်။ ညနေစာ စားပြီးတော့ အိမ်ရှေ့က ကွပ်ပျစ်လေးမှာ ထိုင်ရင်း ဒေါက်တာအောင်ကျော်ဟာ သူဒီနေ့ ကြုံတွေ့ခဲ့တဲ့



www.burmeseclassic.com

ထူးဆန်းတဲ့ အိပ်မက်ကို ပြောပြချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။ ဒေါက်တာအောင်ကျော်က မမိုးဝါကို ကြည့်ရင်း

"မမိုး အိပ်မက်ကို ယုံကြည်သလား"

လို့မေးလိုက်တော့ မမိုးဝါက ဒေါက်တာကို အံ့ဩဟန်နဲ့ ကြည့်ပြီး

"အိပ်မက်ဆိုတာ သွေးလေချောက်ချားရင် မက်တာပါပဲ၊ ဘာကို ယုံကြည်ရမှာလဲ"

လို့ပြန်ပြောတယ်။ ဒေါက်တာအောင်ကျော်က သက်ပြင်းချပြီး

"ဒီနေ့ကုန်စုံဆိုင်ဖွင့်ထားတဲ့ ကိုဖိုးတုတ်အိမ်က လာပင့်လို့သွားကြည့်တော့ ကိုဖိုးတုတ်တို့ လင်မယား နှစ်ယောက်စလုံး နေမကောင်းဖြစ်နေတယ်။ သူတို့နေမကောင်း ဖြစ်တာ အိပ်မက်ဟစ်ခုကို တပြိုင်တည်းအတူမက်လို့တဲ့"





လို့အစချီပြီး ထူးဆန်းတဲ့အိပ်မက် အကြောင်းကို စီကာပတ်ကုံးပြောပြတယ်။ဒေါက်တာအောင်ကျော်ရဲ့စကားအဆုံးမှာ မမိုးဝါဟာ အလွန်စိတ်ဝင်စားဟန်နဲ့

"သူတို့အိပ်မက်ဟာ သိပ်ထူးဆန်းတယ်၊ မတူညီတဲ့ လူသုံးယောက်မက်တဲ့ အိပ်မက်တွေ ထပ်တူဖြစ်နေတာ မယုံကြည်နိုင်စရာပဲ၊ ဒါနဲ့ သူတို့သုံးယောက်ရဲ့စိတ်တွေ ပုံမှန်အခြေအနေရှိပါတယ်နော်"

လို့ဆိုလိုက်တော့ ဒေါက်တာက

"စိတ်တွေကတော့ ပုံမှန်ပါပဲ၊ကိုဖိုးတုတ်နဲ့မကျင်ကတော့ အိပ်မက်နဲ့ပတ်သက်ပြီး ပီပီပြင်ပြင် မပြောနိုင်ဘူး၊ ဒါပေမဲ့ မမြတ်လေးကတော့ သူ့အိပ်မက်ကို အပီပြင်ဆုံးပြောပြနိုင်ရုံမကဘူး၊ ကိုဖိုးတုတ်တို့ အိပ်မက်ကိုတောင် ဝင်ပြီးထောက်ပြနိုင်တယ်၊ တကယ်တော်တဲ့ မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ရှီးမွမ်းလိုက်တော့ မမိုးဝါက မျက်စောင်းထိုး လိုက်ပြီး

"ရှင်က မမြတ်လေးကို သဘောကျနေပြီပေါ့၊ သူတို့ အိပ်မက်ထဲက ဖြစ်ရပ်တွေဟာ အတော်တိုက်ဆိုင်တာပဲနော်၊ အိပ်မက်ထဲမှာ သချိုင်းကုန်းဇရပ်ကြီးလည်းတူတယ်၊ ဇရပ်ပေါ်မှာ ကျောခိုင်းထိုင်နေတဲ့ ကြောက်စရာမိန်းမကိုမြင်ရတာလည်း တူတယ်၊ အံ့ဩစရာ ကောင်းတာက သူတို့အားလုံး ဒီမိန်းမ ကို ထိတ်လန့်တုန်လှုပ်နေကြ တယ်"

လို့ဆိုလိုက်တော့ ဒေါက်တာက သက်ပြင်းချလိုက်ပြီး

"ဟုတ်တယ်၊သူတို့အိပ်မက်တွေက မယုံနိုင်လောက်အောင် တိုက်ဆိုင်နေလို့ သူတို့အားလုံး ဇာတ်တိုက်ပြီးပြောနေသလားလို့တောင်ထင်ရတယ်၊ တော်ပြီကွာ… ကိုယ်တို့နှစ်ယောက် အေးအေးဆေးဆေးအနားယူချိန်မှာ စိတ်ရှုပ်စရာတွေ မပြောချင်တော့ဘူး"





လို့ဆိုပြီး မမိုးဝါရဲ့ပခုံးကို ပွေ့ဖက်လိုက်တော့ မမိုးဝါဟာ ဒေါက်တာအောင်ကျော်ရဲ့ ရင်ခွင်ထဲကို အလိုက်သင့်ပါလာတယ်၊ ဒါပေမဲ့ ဒေါက်တာအောင်ကျော်ဟာ မမိုးဝါရဲ့ထူအမ်းအမ်း နှုတ်ခမ်းတွေကို စုတ်နမ်းနေချိန်အထိ အိပ်မက်ကိုမေ့လို့ မရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်ကျော်ဟာ အိမ်ကိုရောက်တာနဲ့ တဝါးဝါး သန်းဝေနေလို့အိပ်ရာထဲကို တန်းဝင်ခဲ့တယ်။အရင်ညတွေက သူဘယ်တော့မှ အခုလိုမအိပ်ချင်ဘူး၊ ဒေါက်တာအောင်ကျော်ဟာ အိပ်ပျော်ပြီး ခဏအကြာမှာ သူ့ဘဝတစ်သက်တာမှာ ကြောက်စရာအကောင်းဆုံး အိပ်မက်ကို စတင်မက်ခဲ့တယ်၊ သူဟာ အရင်မက်ခဲ့တဲ့ သူတွေလိုပဲ ကြောက်မက်ဖွယ်မြင်မက်ပြီး သချိုင်းတစ်ခုက ဇရပ်ပျက်ကို ရောက်သွား





တယ်၊ အိပ်မက်ထဲမှာ ဇရပ်ပျက်ကိုသွားဖို့ သူ အလွန် အမင်းကြောက်ရွံ့နေတယ်၊ ကြောက်လွန်းလို့ အသံကုန် အော်ဟစ်ပြီး ရုန်းကန်တယ်။ ဒီအချိန်မှာပဲ အလွန်ပြင်းထန်တဲ့ လေပြင်းက သူ့ခန္ဓာကို သယ်ဆောင်သွားတယ်၊သူဟာ ကြောက်လွန်းလို့ အော်ဟစ်ပြီး ဇရပ်ပျက်ကြီးရဲ့တိုင်တွေကို ဆုပ်ကိုင်ထား တယ်၊ ဒါပေမဲ့ လေကပြင်းထန်လွန်းလို့ တိုင်တွေ ကျိုးပြီးဇရပ်ပျက်ပေါ်ကိုသူခန္ဓာကိုယ် မြောက်တက်သွားတယ်။ ဇရပ်ပျက်ပေါ်မှာ သူအလွန်ကြောက်ရွံ့တဲ့ မိန်းမတစ်ယောက် ကျောခိုင်းပြီးထိုင်နေတယ်၊ သူဟာ မကောင်းဆိုးဝါးမိန်းမကို ရင်ဆိုင်ဖို့ အသည်းအသန် ကြောက်ရွံ့နေပေမဲ့ လေပြင်းက သူ့ကို မကောင်းဆိုးဝါးရှေ့ကို တန်းခေါ်သွားတယ်၊မကောင်းဆိုးဝါးမိန်းမရဲ့မျက်နှာကိုမြင်တာနဲ့ သူဟာလိပ်ပြာလွင့်လုမတတ်ဖြစ်သွားတယ်၊ မကောင်းဆိုးဝါးရဲ့ မျက်လုံးနဲ့နှာခေါင်းတွေက ကြောက်မဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် ပေါက်ပက်ဖြစ်နေတယ်၊ မကောင်းဆိုးဝါးရဲ့ပါးစပ်ကြီး ဟလိုက်တော့ အလွန်ပြင်းထန်တဲ့ လေစီးကြောင်းကြီး ဖြစ်ပေါ်ပြီးဒေါက်တာအောင်ကျော်ရဲ့ခန္ဓာကိုယ်ကိုပါးစပ်ထဲ စုတ်သွင်းနေတယ်၊ ဒေါက်တာဟာ ကြောက်လွန်းလို့ အသံကုန်အော်ဟစ်ပြီး အစွမ်းကုန်ရုန်းကန်တယ်၊ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ဟာ မရုန်းကန်နိုင်ဘဲ မကောင်းဆိုးဝါးရဲ့ပါးစပ်ထဲကို တစ်ဝက်တစ်ပျက်ဝင်ရောက်သွားတယ်၊ ဒေါက်တာဟာ မကောင်းဆိုးဝါးရဲ့ဝါးမျိုခြင်းခံနေရချိန်မှာ ရုတ်တရက် ဘုရားစာရွတ်ဖို့ သတိရလိုက်တယ်။ ဒါကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ရွတ်လိုက်မိတယ်၊ ဒီအချိန်မှာဘဲ ပြင်းထန်တဲ့ လေစီးကြောင်းဟာ ရုတ်တရက် လျော့ကျသွားလို့ ဒေါက်တာအောင်ကျော်ဟာ လေစီးကြောင်းရဲ့အပြင်ဘက်ကို ရောက်သွားပြီး ဖရိုက်ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။ ကြောက်စရာအိပ်မက်ဆိုးကလည်း





လွှတ်မြောက်သွားခဲ့တယ်။ ဒေါက်တာ အောင်ကျော်ဟာ မိမိကိုယ်မိမိ သေတွင်းထဲက လွှတ်မြောက်လာသလို ခံစားရတယ်။ သူဟာ ကြောက်စရာအိပ်မက်ဆိုးရဲ့ နောက်ဆက်တွဲဇာတ်လမ်းကို ဆက်မက်ခဲ့တာပဲ။ အိပ်မက်ဆိုးကို မမြတ်လေးက စပြီးပထမဆုံးမက်ခဲ့တယ်။ ဒုတိယမြောက် အိပ် မက်ဆိုးကို မကျင်ဆက်မက်ခဲ့တယ်။ တတိယမြောက်အိပ်မက်ဆိုးကိုတော့ မကျင်ရဲ့ယောက်ျား ကိုဖိုးတုတ်ဆက်မက်ခဲ့ တယ်။ ယခုစတုတ္ထမြောက်အိပ်မက်ဆိုးကိုတော့ မိမိကိုယ်တိုင် မြင်မက်ခဲ့တာပဲ။ နောက်ပိုင်းအိပ်မက်တွေဟာ ပိုပိုပြီးကြောက်ဖို့ ကောင်းလာတယ်။ မြင်မက်တဲ့သူ့အတွက် အသက်အန္တရာယ်လည်း ပိုပိုရှိလာတယ်။ ဒီအိပ်မက်ဟာကြောက်စရာ တကယ်ကောင်းတယ်ဆိုတာ ဒေါက်တာအောင်ကျော် လုံးဝ ယုံကြည်လက်ခံလိုက်ပြီ။ အိပ်မက်နဲ့ ပတ်သက်လို့ ရှေ့ဆက်ပြီး ဘယ်သူကိုမှ ရင်



www.burmeseclassic.com

www.burmeseclassic.com



မဖွင့်တော့ဖို့ ဆုံးဖြတ် လိုက်တယ်။ ယခုအိပ်မက်နဲ့ ပတ်သက်ပြီး ထိမ်းသိမ်းရမဲ့ တာဝန်ဟာ သူ့တာဝန် သက်သက်ဖြစ်နေပြီ။ အိပ်မက်ကို လုံးဝ လျှို့ဝှက်ထား ရတော့မယ်။ ဒီအချိန်မှာပဲ ဒေါက်တာအောင်ကျော်ဟာ သူ့ချစ်သူမမိုးဝါကို သတိရလိုက်တယ်၊ မမိုးဝါကို အိပ်မက်ဆိုး အကြောင်း ပြောပြလိုက်တာကို သတိရပြီး သူမအတွက် အလွန် စိုးရိမ်သွားတယ်။ ဒါကြောင့် မမိုးဝါရဲ့အိမ်ကို ဂျစ်ကားကို အပြင်း မောင်းပြီးလာခဲ့တယ်။





ဒေါက်တာအောင်ကျော်ဟာ ကားကို အပြင်းမောင်းနှင်လာ တဲ့ အတွက် မမိုးဝါအိမ်ကို အမြန်ဆုံး ရောက်သွားတယ်။ မမိုးဝါ အိမ်ရှေ့ကိုရောက်တော့ ကားပေါ်က ကမန်းကတန်း ဆင်းပြီး အိမ်တံခါးကို တဒုန်းဒုန်းထုကာ

"မမိုးဝါ..မမိုးဝါ"

လို့အော်ခေါ်နေမိတယ်၊ ဒါပေမဲ့မမိုးဝါဆီက ဘာတုံ့ပြန်သံကိုမှ မကြားရဘူး။ မမိုးဝါဟာ အအိပ်အလွန်ဆတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်လို့ လွယ်လွယ်နဲ့ နိုးမရတာ စိုးရိမ်စရာဘဲ။ ဒီထက်ပိုပြီး ကျယ်ကျယ်လောင်လောင် အော်ဟစ်နေရင်လဲ အနီးပတ်ဝန်းကျင်အိမ်တွေကြားတော့မယ်။ ဒေါက်တာဟာ အိမ်ပတ်ဝန်းကျင်ကို လှည့်ကြည့်တော့ မမိုးဝါရဲ့အိပ်ခန်းပြတင်းပေါက်ပွင့်နေတာကို မြင်တော့ တခါးကိုရိုဆွဲဖွင့်တက်လိုက်တယ်။ ဒီအခါမှာ ကော်ဇောပေါ်မှာ ခွေခွေလေး အိပ်ပျော်နေဟန်ရှိတဲ့ မမိုးဝါကို တွေ့ရတယ်။ ဒေါက်တာအောင်ကျော်ဟာ လရောင်နဲ့ မမိုးဝါရဲ့မျက်နှာကို ကြည့်ပြီး ထိတ်လန့် တုန်လှုပ်သွားတယ်။ မမိုးဝါရဲ့မျက်လုံးအစုံဟာ အလွန် ထိတ်လန့် ဖွယ် အဖြစ်ဆိုးတစ်ခုကို ကြုံတွေ့ရဟန်နဲပြူးကျယ်နေတယ်။ ဒေါက်တာအောင်ကျော်ဟာ မမိုးဝါကို ကမန်းကတန်း စမ်းသပ်ကြည့်လိုက်ပြီး ခေါင်းနှပန်းကြီးသွားတယ်။ မမိုးဝါ အသက်မရှိတော့ဘူး ဒေါက်တာအောင်ကျော်ဟာ ချစ်သူရဲ့နံဘေးမှာ ခြေပစ်လက် ပစ်ထိုင်ရ





လိုက်ပြီးဝမ်းပန်းတနည်းနဲ့

"ဖြစ်မှဖြစ်ရလေ မမိုးဝါရယ်...မင်းကို အိပ်မက်ဆိုးကြီး ပြောပြလိုက်တာ ကိုယ့်အမှားပါကွယ်...တမလွန်ဘဝကနေ ကိုယ့်ကို ခွင့်လွှတ်ပါ..."

လို့တိုးတိုးရေရွတ်လိုက်မိတယ်။ ဒေါက်တာ အောင်ကျော်ဟာ မမိုးဝါအနားမှာ အတန်ကြာအောင်နေပြီးတော့ နံနက်မိုးလင်းကာနီးတဲ့အတွက် မမိုးဝါအိမ်က ထွက်ခွာသင့်ပြီလို့တွေးမိတယ်။ အိမ်ပြင်ဘက်မှာရပ်ထားတဲ့ ဂျစ်ကားကို တစ်ပါး သူတွေမြင်တဲ့အခါ မမိုးဝါသေဆုံးမှုမှာ မိမိကို သံသယရှိသူလို့စွပ်စွဲကြလိမ့်မယ်။ဒါကြောင့်မမိုးဝါရဲ့နဖူးကိုနောက်ဆုံးအနေနဲ့ နမ်းလိုက်ပြီး ထွက်ခွာလာခဲ့တယ်။ သူဟာ အိမ်ကိုရောက်တော့ အိပ်ရာထဲမှာ အိပ်မပျော်နိုင်ဘဲ တလူးလူး တလိမ့်လိမ့်နဲ့ မမိုးဝါရဲ့ချစ်စဖွယ် မျက်နှာကိုပဲ မြင်ယောင် နေတယ်။

www.burmeseclassic.com



တစ်ဖန် ညဉ့်ဦးပိုင်းကမက်ခဲ့တဲ့ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးကို မြင်ယောင်ပြီးတုန်လှုပ်ချောက်ချားနေပြန်တယ်။ မမိုးဝါ အိပ်မက်ဆိုးကြီးကို မိမိကတစ်ဆင့် မြင်မက်သွားတာ သေချာတယ်။ မမိုးဝါ သေဆုံးမှုရဲ့ အဓိကတရားခံမှာ သူကိုယ်တိုင်ပင်ဖြစ်နေတယ်။ ဒေါက်တာအောင်ကျော်ဟာ မိမိကိုယ်မိမိ ကြိမ်ဖန်များစွာ အပြစ်တင်ပြီးနောက်ပိုင်းမှာ သူရဲ့ အဖြစ်ဆိုးကို တစ်စုံတစ်ယောက်ဆီမှာ ဖွင့်ဟပြီး အကြံဉာဏ်တောင်းခံချင်စိတ်တွေ တရေးရေးပေါ်လာတယ်။ ထိုတစ်စုံတစ်ယောက်ဟာ အသိဉာဏ်ပညာနဲ့ပြည့်စုံ ပြီးပညာဗဟုသုတအကြားအမြင်ရှိသူဖြစ်ရမယ်။ ပြီးတော့ မိမိလက် တွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲကို ကူညီဖြေရှင်းနိုင်သူလဲ ဖြစ်ရမယ်။ ဒီအရည်အချင်းနဲ့ပြည့်စုံသူဟာ သူ့မိတ်ဆွေထဲမှာ တစ်ယောက်တည်း သာရှိပါတယ်။ သူကတော့ အင်းစိန်စီအိုင်ဒီက ဆားပုလင်း





မင်းအောင် ဆိုတဲ့စုံထောက်ပါပဲ။

ဆားပုလင်းမင်းအောင်နဲ့ ဒေါက်တာအောင်ကျော်ဟာ အိန္ဒိယမှာရင်းနှီးကျွမ်းဝင်ခဲ့တာပါ။ဒေါက်တာအောင်ကျော်ဟာ အိန္ဒိယမှာဆေးကျောင်းတက်ရင်း ကျောင်းပြီးတဲ့အခါ သူ့ဆရာရဲ့ဘုံဘေက ဆေးခန်းတစ်ခုမှာ အချိန်ပိုင်း ဝင်ပြီး လုပ်ကိုင်ခဲ့ပါတယ်။ဒီအချိန်မှာ ဆားပုလင်းမင်းအောင်ဟာ အိန္ဒိယ စုံထောက်အဖွဲ့မှာဝင်ပြီး အမှုထမ်းနေတယ်။ တစ်နေ့တော့ ဆင်းရဲသား ရပ်ကွက်က လူတွေ ဝမ်းရောဂါ ဖြစ်ပြီး ဒေါက်တာအောင်ကျော်ရဲ့ဆေးခန်းကို ရောက်လာကြတယ်။ ဒေါက်တာအောင်ကျော်ရဲ့ဆေးခန်းပိုင်ရှင်က ငွေမျက်နှာကြည့်သူမို့ ဆင်းရဲသားတွေကို ဆေးမကုဖို့ အမိန့်ထုတ်ထားတယ်။ ဒါပေမဲ့ ရောဂါဝေဒနာ ပြင်းထန်နေတဲ့လူနာတွေကို မကြည့်ရက်တဲ့ ဒေါက်တာအောင်ကျော်ဟာ ဆေးခန်းပိုင်ရှင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ကိုမနာခံဘဲ ဆင်းရဲသားလူနာအုပ်ကြီးကို ဆေးကုပေးခဲ့ပါတယ်။ဒီအကြောင်းကို ဆေးခန်းပိုင်ရှင်သိတော့ လူမိုက်တွေကို စေခိုင်းပြီး ဆင်းရဲသားလူနာအုပ်ကြီးကို ရိုက်နက်ခိုင်းတယ်။ ဒေါက်တာ အောင်ကျော်ဟာ လူမိုက်တွေကို မယှဉ်နိုင်လို့ လက်မှိုင်ချပြီးနေရတယ်။ ဒီအချိန်မှာပဲ ဆားပုလင်းမင်းအောင် မမျှော်လင့်ဘဲ ရောက်လာပြီး လူမိုက်တွေကို တိုက်ခိုက်ခဲ့တယ်။ လူမိုက်တွေ မြေပေါ်မှာ အတုန်းအရုန်းလဲကျသွားတော့ ဆားပုလင်း မင်းအောင်က ရင်ကိုကော့ပြီး

"မြန်မာလူမျိုးတစ်ယောက်က အိန္ဒိယ ဆင်းရဲသားတွေကို ကူညီတာ ကျုပ်သိပ်ဂုဏ်ယူတယ်။ဒေါက်တာရဲ့စိတ်ဓါတ်ကို လေးစားပါတယ်ဗျာ"

လို့လိုက်လိုက်လုံလုံချီးမွမ်းခဲ့တယ်။ ဒီအချိန်ကစပြီး ဒေါက်တာအောင်ကျော်နဲ့ဆားပုလင်းမင်းအောင် ရင်းနှီးကျွမ်း





ဝင်ခဲ့တယ်။ ဒေါက်တာ မြန်မာပြည်ပြန်ရောက်တော့ ဆားပုလင်းမင်းအောင်နဲ့ မကြာခဏတွေ့ပြီး မိတ်ဆွေကောင်းတွေ ဖြစ်ခဲ့တယ်။ယခု မိမိကြုံတွေ့ရတဲ့ အိပ်မက်ဆိုးနဲ့ပတ်သက်ပြီး မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကိုဖွင့်ဟတိုင်ပင်ဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်ကျော် အင်းစိန်စီအိုင်ဒီကို ဖုန်းဆက်လိုက်တော့ ကံကောင်းထောက်မစွာနဲ့ ဆားပုလင်းမင်းအောင်နဲ့ တိုက်ရိုက်တွေ့တယ်။ ဒေါက်တာအောင်ကျော်ဟာ သူ့ရဲ့ဒုက္ခတွေကို အတိုချုံးပြီးပြောပြလိုက်တယ်။ ချက်ဆိုရင်နားကွက်မိးတောက်တဲ့ ဆားပုလင်းမင်းအောင်က





"ကောင်းပြီ၊ဒေါက်တာဆီကို ကျုပ်အခုချက်ချင်းလာခဲ့မယ်၊ ဒေါက်တာ မစိုးရိမ်ပါနဲ့၊ စိတ်အေးအေးထားပြီး အိမ်မှာပဲစောင့်နေပါ၊ လောလောဆယ် ဒေါက်တာပြဿနာကို ဘယ်သူ့ကိုမှ မပြောပဲ ထားရင် အကောင်းဆုံးပါဘဲ"

လို့ပြောတယ်။ ဒေါက်တာအောင်ကျော်နေတဲ့ မြို့ကရန်ကုန်မြို့နဲ့ မိုင် ၈၀ လောက်ပဲဝေးပါတယ်။ ဒါကြောင့်ကားကိုအပြင်းမောင်းလာတဲ့ ဆားပုလင်းမင်းအောင်ဟာ ဒေါက်တာဆီကို နှစ်နာရီ လောက်အကြာမှာ ရောက်လာတယ်၊ ဒေါက်တာအောင်ကျော်ဟာ ကြောက်စရာ အိပ်မက်ဆိုးကြီးကိုမြင်မက်ပြီးချစ်သူတစ်ယောက်ကို လတ်တလော ဆုံးရှုံးရလို့ အလွန်အမင်းစိတ်ဓါတ်ကျနေပေမဲ့ ဆား ပုလင်းမင်းအောင်ကို မြင်လိုက်တဲ့အခါမှာ စိတ်ဓါတ်တွေ တက်ကြွ လာသလို ခံစားလိုက်ရပါတယ်။ ဆားပုလင်းမင်းအောင်ဟာ ကားပေါ်က ဆင်းပြီး ဒေါက်တာ့ပခုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖက်ရင်း

"ဘာမှမစိုးရိမ်ပါနဲ့ဒေါက်တာ၊ ခေါင်းအေးအေးထားပြီး ဒေါက်တာ ပြဿနာကိုပြောပြပါ၊ကျုပ်အတတ်နိုင်ဆုံး ဖြေရှင်း ပေးပါမယ်"

လို့ပြောပါတယ်။ ဒီတော့မှ ဒေါက်တာအောင်ကျော်ဟာ တုန်လှုပ်ချောက်ချားဖွယ် အိပ်မက်ဆိုးကြီးကို သူ့လူနာတွေ တစ်ယောက်ပြီးတစ်ယောက် ဆက်မက်ရာက သူကိုယ်တိုင် ချောက်ချား စရာ အိပ်မက်ဆိုးကြီးကို မြင်မက်ပုံ၊ နောက်တော့ သူက တစ်ဆင့် ပြောပြတဲ့ မမိုးဝါမြင်မက်ပြီး အသက်ဆုံးရပုံ တွေကို တိုတိုနဲ့ရှင်းရှင်း ပြောပြလိုက်တယ်။ ဆားပုလင်း မင်းအောင်ဟာ ဒေါက်တာအောင်ကျော်ရဲ့စကားကိုမျက်မှောင် ကြုတ်နား ထောင်နေရာက

"ဒေါက်တာရဲ့ပြဿနာက ကျုပ်ထင်တာထက်ကို ပိုပြီး





ဆန်းကြယ်နေပြီ၊ ဒါနဲ့ နေပါဦး။ ဒေါက်တာရဲ့ချစ်သူ မမိုးဝါ သေဆုံးသွားပြီဆိုတာ သေချာလား"

လို့မေးမြန်းလိုက်တော့ ဒေါက်တာက

"သေချာပါတယ်၊ကျုပ်သူ့ကို စစ်ဆေးကြည့်တော့ သူ့ အသက်မရှူတော့ဘူး။ နလုံးခုန်တာလည်း မရှိတော့ဘူး"

လို့ပြောတယ်၊ဆားပုလင်းမင်းအောင်က

"ညက မမိုးဝါအိမ်ကို ဒေါက်တာရောက်သွားတာကို တစ်ယောက်ယောက်က မြင်တွေ့သွားသေးလား"

လို့မေးလိုက်တော့ဒေါက်တာက သက်ပြင်းချပြီး

"မမြင်ဘူးလို့တော့ထင်တယ်၊ ဒါပေမဲ့ ကျုပ်တိတိ ကျကျ တော့မပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲကိုမင်းအောင်"

လို့မေးတော့ ဆားပုလင်းမင်းအောင်က

"မမိုးဝါ သေဆုံးတဲ့ အမှုမှာ မျက်မြင်သက်သေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သာရှိရှင်ဒေါက်တာကို အမှုပတ်နိုင်တယ်၊ ဒါနဲ့ မမိုးဝါရဲ့ အိမ်မှာ အိမ်သူအိမ်သားတွေမရှိဘူးလား"

လို့မေးလိုက်တော့ဒေါက်တာက မမိုးဝါဟာ တစ်ကိုယ်တည်းနေတဲ့ အပျိုကြီးတစ်ဦးဖြစ်ကြောင်းပြောပြတယ်။ ဆားပုလင်းကသက်ပြင်းချလိုက်ပြီး

"ဒါဆိုရင် မမိုးဝါရဲ့ အိမ်ကို ကျုပ်တို့သွားရအောင်၊ မမိုးဝါကို ကျုပ်စစ်ဆေးကြည့်ချင်တယ်"

လို့ပြောလိုက်တော့ ဒေါက်တာအောင်ကျော်က

"နေလယ်ဘက်ကြီးမှာ ကျုပ်တို့ကို တစ်ယောက်ယောက် တွေ့ရင် အမှုမပတ်နိုင်ဘူးလား"

လို့မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က

"ဒေါက်တာဟာ ဆရာဝန်တစ်ယောက်မို့ မမိုးဝါရဲ့ ကျန်းမာရေးအတွက်ရောက်နေကြောင်း သက်သေပြလို့ရတယ်၊ နောက်ပြီး ကျုပ်ကိုယ်တိုင်ပါနေတဲ့အတွက် ပူစရာ မလိုပါဘူး"

လို့ဒေါက်တာကို အားပေးပြီး မမိုးဝါအိမ်ကို ထွက်လာခဲ့ကြတယ်၊ ဒေါက်တာဟာ တစ်လမ်းလုံး ကြောက်မက်ဖွယ် အိပ်မက်ဆိုးနဲ့သူချစ်သူ မမိုးဝါရဲ့မျက်နှာကိုပဲ မြင်ယောင်နေတယ်၊ မမိုးဝါကို အိပ်မက်ဆိုးအကြောင်းပြောမိတဲ့အတွက် နောင်တရမဆုံးဖြစ်နေမိတယ်။ မကြာမီ မမိုးဝါအိမ်ကို ဒုတိယအကြိမ်မြောက်ရောက်ခဲ့ပြန်တယ်၊ ဆားပုလင်းမင်းအောင် က ကားပေါ်က မဆင်းသေးဘဲ အိမ်ပတ်ဝန်းကျင်က လူသူအရိပ်အယောင်ကိုအကဲခတ်တယ်။ စိတ်ချရတဲ့ အခြေအနေ ရောက်မှ နှစ်ယောက်သား ကားပေါ် က ဆင်း ကြတယ်။ ဆားပုလင်းမင်းအောင်ဟာ ခြံဝင်းထဲကို ဝင်ပြီး အကဲ ခတ်ကာ

"ဒီအိမ်ထဲကို ဒေါက်တာကလွဲရင် ဘယ်သူမှရောက်ခဲ့







www.burmeseclassic.com

www.burmeseclassic.com



မပေါ်ဘူး၊ ဒေါက်တာ့ချစ်သူရဲ့အဖြစ်ဆိုးကို ဘယ်သူမှမတွေ့သေးဘူးဗျ"

လို့ဆိုတော့ ဒေါက်တာဟာ မမိုးဝါရဲ့ အဖြစ်ဆိုးကို မြင်ယောင်ပြီးရင်ထဲမှာ နာကျင်ကြေကွဲသွားတယ်။ ဒေါက်တာအောင်ကျော်ဟာ တုန်ယင်တဲ့ လက်တွေနဲ့ အိမ်တခါးကို ဖွင့်လိုက်တယ်။ ပြီးတော့အိပ်ခန်းထဲကို ဦးဆောင်ပြီးဝင်ခဲ့ တယ်။ အိပ်ခန်းထဲကိုရောက်တော့ ကော်ဇောပေါ်မှာ ဆံပင် တွေပြေလျော့ပြီးလဲလျောင်းနေဟန်ရှိတဲ့ မမိုးဝါကိုတွေ့ရတယ်။ ဆားပုလင်းမင်းအောင်ဟာ မမိုးဝါ အနီးကို လျှောက် လှမ်းသွားရင်း မမိုးဝါရဲ့လက်ကောက်ဝတ်ကို အတန်ကြာအောင် ဆုပ်ကိုင်ပြီး အာရုံစူးစိုက်နေတယ်။ ခဏကြာတော့ဆားပုလင်း မင်းအောင်က

"မမိုးဝါ မသေသေးဘူးဗျ၊ သူ့အသက်ရှင်လျက်ရှိသေးတယ်"





လို့ပြောလိုက်တော့ဒေါက်တာအောင်ကျော်က ဆားပုလင်း မင်းအောင်ကို နားမလည်ဟန်နဲ့ ကြည့်ပြီး

"ဆေးပညာအရ ကျုပ်စမ်းသပ်ကြည့်တာကတော့ မမိုးဝါ အသက်ရှင်စရာလမ်းမရှိတော့ဘူး"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

"မမိုးဝါ မသေသေးဘူးဆိုတာ ဆေးပညာအရ ကျုပ် သက်သေမပြနိုင်ဘူး၊ သက်သေပြဖို့လဲ သိပ်ခက်တယ်၊ ဒါပေမဲ့ ဒီရောဂါ မျိုးကို ကျုပ်တို့နိုင်ငံမှာ သိပ်မတွေ့ဖူးဘူး"

လို့ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်က

"ဘယ်နိုင်ငံမှာတွေ့ဖူးတာလဲ"

လို့အလောတကြီးမေးမြန်းတယ်၊ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်လိုက်ပြီး

"အိန္ဒိယ မှာတွေ့ဖူးတယ်၊ ဒီပညာကို အိန္ဒိယက ဆရာ့

တော် တော်များများ တတ်ကျွမ်းကြတယ်ဗျ။ မမိုးဝါဟာ အလွန် အဆင့်မြင့်တဲ့ နည်းနဲ့ စိတ်ညှို့ခံထားရပုံရတယ်"

လို့ပြောတော့ ဒေါက်တာအောင်ကျော်က အံ့သြဟန်နဲ့

"သေချာရဲ့လားဗျာ၊ စိတ်ညှို့ခံရတယ်လို့ ဘာကြောင့် ပြောနိုင်တာလဲ"

လို့ မေးမြန်းလိုက်တယ်၊ဆားပုလင်းမင်းအောင်က မမိုးဝါကို ကြည့်ပြီး

"ကျုပ် မမိုးဝါကို မြင်မြင်ချင်းသူဟာ အသက်မရှိတဲ့ လူ တစ်ယောက်လို့ ငြိမ်သက်နေပေမဲ့ သူ့မျက်လုံးတွေက ကျုပ်တို့ တွေ့ဖူးတဲ့လူသေတွေလို မဟုတ်ဘူးဗျ၊ သူ့အကြည့်က ကျုပ် ရင်ထဲ အထိ စူးနစ်ဝင်သွားသလိုပဲ၊ ဒီလိုအကြည့်မျိုးကို သက်ရှိ လူတွေ မှာတောင် မတွေ့ရနိုင်ဘူးဗျ"

လို့ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်က ခေါင်းခါ





ယမ်းပြီး

"ကျုပ်တော့ နားမလည်နိုင်တော့ဘူးဗျာ၊ ဒါနဲ့နေပါဦး၊ ကျုပ်ချစ်သူ မမိုးဝါကို ဘယ်သူက စိတ်ညှို့တာလဲ၊ လွန်ခဲ့တဲ့ညက မမိုးဝါနဲ့ ကျုပ်နောက်ဆုံးတွေ့ခဲ့တာပဲ"

လို့မေးလိုက်တယ်။ဆားပုလင်းမင်းအောင်က သက်ပြင်း ချလိုက်ပြီး

"ဒီအကြောင်းတွေကို ဒေါက်တာလိုသိပ္ပံသမားတစ် ယောက် နားလည်အောင်ရှင်းပြဖို့အတော်ခက်တယ်၊ ဒေါက်တာ ကျုပ်စကားတွေ နားထောင်တဲ့အခါ သိပ္ပံ အမြင် တွေကို ခဏထားပြီး နားထောင်စေချင်တယ်၊ ဒီနေ့ခေတ်မှာ သိပ္ပံကအရာရာကို ရှေ့ဆောင်ပြီး ရုပ်ဝတ္ထုတွေကို ဖွံ့ဖြိုး အောင်လုပ်နိုင်ပေမဲ့ လောကီပညာနဲ့ပတ်သက်လာရင်တော့ သိပ္ပံဟာ အင်မတန် ခေတ်နောက်ကျနေပါသေးတယ်၊ မမိုးဝါ

www.burmeseclassic.com



ဟာ ပြင်းထန်တဲ့ အိပ်မွေ့ချခြင်းကို ခံလိုက်ရတာဗျ၊ မမိုးဝါကို အိပ်မွေ့ချထားတာလူကိုယ်တိုင် မဟုတ်ဘူး၊ သူ့ကို အိပ်မက်က တစ်ဆင့် အိပ်မွေ့ချသွားတာ"

လို့ဆိုလိုက်တယ်။ ဒေါက်တာအောင်ကျော်က ဆားပုလင်း မင်းအောင်စကားကြောင့် မျက်လုံးပြူးသွားပြီး

"ဗျာ... အိပ်မက်က တစ်ဆင့် အိပ်မွေ့ချသွားတာ ဟုတ်လား။ ဒါဆိုရင် သူ့ကိုအိပ်မွေ့ချသွားတာ ဘယ်သူဖြစ်မလဲ"

လို့တအံ့တဩ မေးမြန်းတယ်၊ ဆားပုလင်းမင်းအောင် က

"ကျုပ်မပြောနိုင်သေးဘူးဗျ၊ ဒေါက်တာ သိထားဖို့က မမိုးဝါကို ဒီအတိုင်းထားရင် သူ့အသက်ပါသွားလိမ့်မယ်၊ ကျုပ်တို့ မမိုးဝါ အသက်ကို အမြန်ဆုံးပြန်လုရမယ်၊ ဒီလိုလုဖို့ကလည်း ကျုပ်တစ်ယောက်တည်း အစွမ်းနဲ့မရဘူး၊ အိပ်မက်နဲ့ ပတ်





သက်ပြီးတော့ ကျုပ်အသေးစိတ် သိမှဖြစ်မယ်၊မမိုးဝါနဲ့ပတ် သက်ပြီး မေးရဦးမယ်၊ မမိုးဝါမှာ ဆွေမျိုးသားချင်း မရှိဘူးလား"

လို့မေးလိုက်တော့ ဒေါက်တာအောင်ကျော်ဟာ

" မမိုးဝါဟာ မိဘတွေ ဆုံးပါးသွားပြီးတော့ ဆွေမျိုး အသိုင်းအဝိုင်းရှိတယ်လို့ မကြားမိဘူး"

လို့ဖြေတယ်။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

"ကောင်းပြီ... ဒေါက်တာက ဆရာဝန် တစ်ယောက်ဆို တော့ မမိုးဝါသေဆုံးမှုနဲ့ ပတ်သက်ပြီး ဘယ်လိုဆေးမှတ်ချက် ရေးမှာလဲ"

လို့မေးလိုက်တော့ ဒေါက်တာအောင်ကျော်က မျက် မှောင် ကြုတ်ပြီး

"ဘယ်လို ဆေးမှတ်ချက် ရေးရမလဲဆိုတာ ကျုပ်မစဉ်း စားရသေးဘူး၊ ကျုပ်ချစ်သူဟာ အိပ်ပျော်ရင်း သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ နလုံးရောဂါကြောင့် သေဆုံးရတယ်လို့ မှတ်ချက်ရေးရမှာပဲ"

လို့ဖြေတယ်၊ဆားပုလင်း မင်းအောင်က ခေါင်းညိတ်ပြီး

"မမိုးဝါရဲ့ အထိတ်တလန့် ဖြစ်နေတဲ့ မျက်နှာကို ပုလိပ်အဖွဲ့က မြင်ပြီး ဒေါက်တာကို မေးလားမြန်းလားလုပ်ရင် ဘယ်လိုဖြေမလဲ"

လို့မေးတယ်၊ဒေါက်တာအောင်ကျော်က သက်ပြင်းချပြီး

"မမိုးဝါကို ကိုမင်းအောင် ဘယ်လို ကုသပေးမှာလဲ"

လို့မေးမြန်းလိုက်တယ်၊ကိုမင်းအောင်က

"တကယ်တော့ မမိုးဝါက သေခြင်းနဲ့ ရှင်ခြင်းကြားကို ရောက်နေတဲ့ သဘောဗျ၊ သူ့ကို ကျုပ်တို့ အမြန်ဆုံးကယ်တင်မှ ဖြစ်မယ်"

လို့ပြောတယ်။ ဒေါက်တာအောင်ကျော်က





"မမိုးဝါ ဘာကြောင့် ဒီလို အဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်ရတာလဲ၊ သူဟာ သွေးအားနည်းနေတာကလွဲလို့ ကျန်းမာသန် စွမ်းတဲ့ မိန်းမတစ်ယောက်ပါ"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

"ဒါကြောင့်လဲ ပြင်းထန်တဲ့ အိပ်မွေ့ချခြင်းကို ခံနိုင်တာပေါ့၊ သူနေရာမှာ ကျန်းမာရေးညံ့တဲ့ မိန်းမတစ်ယောက်သာ ဆိုရင် အသက်ရှင်တော့မှာ မဟုတ်ဘူး"

လို့ပြောလိုက်တယ်။

ဒေါက်တာ အောင်ကျော်ကအလွန်စိတ်ရှုပ်ထွေးဟန်နဲ့

"သူ့ကို ဘယ်သူက အိပ်မွေ့ချပြီး ဒုက္ခ ပေးရတာလဲ"

လို့မေးလိုက်တယ်၊ ဆားပုလင်း မင်းအောင်က

"အိန္ဒိယမှာနေခဲ့တုန်းက ဒီပညာတတ်တဲ့ ဖကီးတွေနဲ့ တွေ့ဖူးတယ်။ ဖကီးတစ်ယောက်ဟာ သူ မကျေနပ်တဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဒုက္ခပေးချင်ရင် အဲဒီလူကို တိုက်ရိုက်ဒုက္ခမပေးဘဲ ကြားခံလူက တစ်ဆင့် ဒုက္ခပေးတတ်တယ်။ ဖကီးဟာ သူ မကျေနပ်တဲ့ လူဆီကို - ဘေးအန္တရာယ်တွေကျရောက်အောင် ကြားခံလူတစ်ယောက်ကို ရှာပြီးစိတ်ညှို့လိုက်တယ်။ စိတ်ညှို့ ရင်းကြားခံလူစိတ်ထဲကို အိပ်မက်ဆိုး တစ်ခုမက်စေလိုက် တယ်။ ကြားခံလူဟာ ဒီအိပ်မက်ဆိုးကို ဖကီး ဒုက္ခပေးချင်သူ ဆီကို တစ်ဆင့် ဆောင်ကျဉ်းသွားတယ်။ဒီတော့မှ ဖကီး ဒုက္ခ ပေးချင်တဲ့သူဟာ အိပ်မက်ဆိုးမက်ပြီး တိုက်ရိုက် ဘေး အန္တရာယ်နဲ့ ရင်ဆိုင်ရတာပဲ။ တကယ်တော့ ကြားခံလူဟာ စိတ်ညှို့ခံထားရတော့ မသိစိတ်နဲ့ ဖကီးပေးချင်တဲ့ အိပ်မက်ဆိုး ကို ပြောပြလိုက်တာပဲ"

လို့ပြောလိုက်တယ်။ ဒေါက်တာအောင်ကျော်က

"အိပ်မက်ဆိုးမက်ရုံနဲ့ လူတွေ ဒုက္ခရောက်တာပဲလား၊





ကျုပ်တို့ တစ်သက်လုံး အိပ်မက်ဆိုးတွေ မက်ခဲ့တာပဲ"

လို့ပြောတယ်။ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်းပြီး

"သူတို့ပေးတဲ့ အိပ်မက်ဆိုးတွေက ကျုပ်တို့ သာမန် မက်နေကြ အိပ်မက်ဆိုးတွေ မဟုတ်ဘူး၊ မှော်ပညာ အစွမ်းနဲ့ လူတွေ ဒုက္ခရောက်အောင် ကျိန်စာတိုက်ထားတဲ့ အိပ်မက်တွေပဲ၊ ဒီအိပ်မက်တွေကြောင့် ရူးသွပ်သွားတဲ့သူတွေ၊ အသက်ပေး သွား တဲ့ သူတွေ မနည်းဘူးဗျ"

လို့ပြောလိုက်တယ်။ ဒီအခါမှာ ဒေါက်တာအောင်ကျော် ဟာ မမိုးဝါအတွက် စိုးရိမ်သောက ဖြစ်ပေါ်သွားပြီး

"ဒါဆိုရင် ကျုပ်တို့ မမိုးဝါဆီကို သွားပြီးစောင့်ကြည့်ကြရ အောင်"

လို့ပြောတယ်၊ ဆားပုလင်းမင်းအောင်က လက်ကာပြပြီး

"ကျုပ်တို့ မမိုးဝါကို အနှောက်အယှက်လုပ်လို့ မရဘူးဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ မမိုးဝါအတွက် အရေးအကြီးဆုံး အခြေအနေကို ရောက်နေပြီ၊ သူ့ရဲ့အသက်ဝိညာဉ်ဟာ ခန္ဓာကိုယ်ထဲက ထွက်လု နီးနီး ဖြစ် နေပြီ၊ ကျုပ်တို့သူ့အနီးကို ဝင်လိုက်ထွက်လိုက် လုပ်နေရင် ဝိညာဉ်ကို အနှောင့်အယှက်ပေးသလို ဖြစ်နေလိမ့်မယ်"

လို့ပြောတယ်။ ဒေါက်တာအောင်ကျော်က

"နေပါဦးဗျာ၊ မမိုးဝါ အသက်ရှိသေးတယ်ဆိုတာ ဆရာဝန် တစ်ယောက်ဖြစ်တဲ့ ကျုပ်ကဘာကြောင့် မသိရတာလဲ"

လို့မေးမြန်းတယ်၊ ဆားပုလင်းမင်းအောင်က

"အိပ်မက်ရဲ့ဖမ်းစားမှုကြောင့် ဒေါက်တာ အမှန်တရားကို မမြင်နိုင်တဲ့အပြင် မမိုးဝါရဲ့ အခြေအနေက ဆေးပညာနဲ့ သက်သေပြဖို့မဖြစ်နိုင်ဘူး၊ ဒေါက်တာရဲ့ အိပ်မက်ဆိုးကြီးနဲ့ပတ်သက်ပြီး ကျုပ်သိသင့်တာတွေကိုပြောပြဖို့ အချိန်ရောက်





ပြီ၊ ဒေါက်တာနဲ့အတူ အိပ်မက်ဆိုးမက်တဲ့သူ စုစုပေါင်းဘယ်နှစ်ယောက်လောက်ရှိသလဲ"

လို့မေးမြန်းလိုက်တယ်၊ ဒေါက်တာအောင်ကျော်က

"ကျုပ်နဲ့မမိုးဝါ အပြင်အိပ်မက်မက်တဲ့သူ သုံးယောက်ရှိသေးတယ်"

လို့ အစချီပြီး အိပ်မက်ကို စတင်ပြီး မက်ခဲ့တဲ့ မမြတ်လေးနဲ့ ကုန်စုံဆိုင်ရှင် ကိုဖိုးတုတ်၊ မကျင်တို့ အကြောင်းတွေကို ပြောပြလိုက်တယ်။ ဒီအခါမှာ ဆားပုလင်းမင်းအောင်က

"အိပ်မက်ထဲကအကြောင်းအရာတွေကအတူတူပဲ လား"

လို့မေးမြန်းလိုက်တယ်။ ဒေါက်တာက

"တစ်ယောက်နဲ့ တစ်ယောက် ဆင်တူရိုးမှားတွေပါပဲ၊ ဒါပေမဲ့ အိပ်မက်ကြောင့် ထိတ်လန့်ကြောက်ရွံ့မှုခြင်းမတူဘူး၊ အိပ်မက်ဆိုးကြီးရဲ့နောက်ပိုင်းကို မက်တဲ့သူတွေဟာ ပို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ကြောက်ရွံ့စရာကောင်းတယ်"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က ပြတင်းပေါက်ဆီကို လျှောက်လှမ်းသွားပြီး

"ဒါဆိုရင် လူတွေအားလုံးရဲ့အိပ်မက်မက်တဲ့ နေ့စွဲတွေကို ကျုပ်သိချင်တယ် ဒေါက်တာ"

လို့ပြောလိုက်တော့ ဒေါက်တာ ကျော်စွာက

"ကျုပ်မှတ်စုထဲမှာ ရှာကြည့်ရင် သိနိုင်ပါတယ်"

လို့ပြောရင်း အိတ်ထဲက မှတ်စုစာအုပ်လေးကို ထုတ်ကြည့်တယ်၊ ပြီးတော့စာအုပ်ရဲ့ တစ်နေရာကို လက်ညိုးနဲ့ထောက်ပြီး

"ဟောဒီမှာ တွေ့ပြီ၊ ဒီအိပ်မက်တွေကို ပထမဦးဆုံးစမက်တာက မမြတ်လေးဆိုတဲ့မိန်းမပျို၊ သူပထမဆုံး စမက်တဲ့နေ့က ဖေဖော်ဝါရီလ ၃ ရက်နေ့၊ နောက်တော့ မမြတ်လေးက





သူ့အိပ်မက်ကို ကုန်စုံဆိုင်ဖွင့်တဲ့ မကျင်ကိုပြောပြပြီး မကျင်အိပ်မက်မက်တဲ့ နေ့က ၂၃ ရက်နေ့၊ နောက်တော့ မကျင်က တစ်ဆင့်သူ့ယောကျ်ား ကိုဖိုးတုတ်ကို ပြောပြပြီး ကိုဖိုးတုတ်အိပ်မက်စမက်တဲ့နေ့က မတ်လ ၃ ရက်နေ့၊ ကိုဖိုးတုတ် နေထိုင်မကောင်းဖြစ်လို့ သူ့ရောဂါကို ကုသပေးရင်း အိပ်မက်ဆိုးအကြောင်းကို ကျုပ်ကြားခဲ့ရတယ်၊ ကျုပ် ကိုယ်တိုင် အိပ်မက်စမက်တဲ့ နေ့ကတော့ မတ်လ ၈ ရက် နေ့ပဲ၊ တကယ်တော့ မမိုးဝါဟာ မဆီမဆိုင် ကျုပ်ဆီက အိပ်မက်ဆိုး အကြောင်းကြား ရပြီးဘေးဒုက္ခရောက်ရတာပဲ၊ မမိုးဝါ အခုလို ဖြစ်တာ ကျုပ်အပြစ်ပါ"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က

"ဒေါက်တာတို့အားလုံး အိပ်မက် ကျိန်စာမိထားတယ်ဆိုတာ ကျုပ် သက်သေပြလို့ ရတယ်၊ ဟောဒီကျောက်သင်ပုန်းကို ကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပါတယ်။

မမြတ်လေး…ဖေဖော်ဝါရီ ၃ ရက်…

မကျင်…ဖေဖော်ဝါရီ ၂၃ ရက်… ၂၀ ရက်အကြာ…

ကိုဖိုးတုတ်…မတ်လ ၃ ရက်… ၁၀ ရက်အကြာ…

ဒေါက်တာ…မတ်လ ၈ ရက်…၅ ရက်အကြာ နောက်ဆုံး အိပ်မက်….၂ ရက် အကြာ….

ဆားပုလင်းမင်းအောင်က ကျောက်သင်ပုန်းမှာ ရေးခြစ်ပြလိုက်ပြီး

"အိပ်မက်တစ်ခုနဲ့ တစ်ခုကွာခြားတဲ့ ရက်တွေကို သတိထားကြည့်ပါ၊ မမြတ်လေးအိပ်မက်မက်ပြီး ၂၀ ရက်အကွာမှာ မကျင် အိပ်မက်မက်တယ်၊ မကျင်ကတစ်ဆင့်သူ့ယောကျ်ား ကိုဖိုးတုတ်ကို ၁၀ ရက်အကွာမှာ ဆက်မက်တယ်၊ ကိုဖိုးတုတ်က တစ်ဆင့် ဒေါက်တာကို အိပ်မက် ကူးစက်တာက





၅ ရက်ကြာတယ်၊ ဒေါက်တာရဲ့အိပ်မက်ကို ဒေါက်တာ ချစ်သူမမိုးဝါလည်းအတူယှဉ်တွဲပြီး ခံလိုက်ရတယ်၊ ကျုပ်အတွေ့အကြုံအရ နောက်ဆုံးအိပ်မက်တစ်ခုမြင်မက်လိမ့်မယ်၊ ဒီအိပ်မက်ဟာ ကြောက်စရာ အကောင်းဆုံးနဲ့ အန္တရာယ် အကြီးဆုံးပဲ၊ ရှေ့က မြင်မက်တဲ့ အိပ်မက်တွေကိုတွက်ချက်ကြည့်တော့ နောက်ဆုံး အိပ်မက်ဟာ ၂ ရက်လောက်အကြာမှာ မက်လိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့အတွက် ပြင်ဆင်ချိန် ၂ ရက်ပဲ ရှိတော့တယ်"

လို့ပြောလိုက်တယ်။ ဒေါက်တာအောင်ကျော်က မျက်မှောင်ကြုတ်ပြီး

"ဒါဆိုရင် နောက်ဆုံးအိပ်မက်တစ်ခု သေချာပေါက်မက်ဦးမယ်ပေါ့"

လို့မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊နောက်ဆုံးအိပ်မက်ဟာ အရေးအကြီးဆုံး အိပ်မက်ပဲ၊ ရှေ့ပြေးအိပ်မက်တွေအားလုံးဟာ နောက်ဆုံး အိပ်မက်အတွက် ကြိုတင်ပြီးမက်နိုင်းခဲ့တာပဲ၊ နောက်ဆုံး အိပ်မက်ကတော့ သူ ရည်ရွယ်ထားတဲ့သူကို တိုက်ရိုက်ထိလိမ့် မယ်ထင်တယ်၊ နောက်ဆုံး အိပ်မက်ကို ရင်ဆိုင်ရတဲ့သူဟာ အသက်ရှင်ဖို့လမ်းမရှိဘူး"

လို့ပြောလိုက်တယ်။ ဒီအခါမှာ ဒေါက်တာအောင်ကျော် က မကျေမချမ်းနဲ့

"ကျုပ်တော့ နားမလည်နိုင်တော့ဘူးဗျာ၊ဘာမဟုတ်တဲ့ စုန်းကဝေလို အတတ်မျိုးနဲ့ ကျုပ်တို့လို ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ထွန်းကားတဲ့ မြန်မာနိုင်ငံနဲ့ ဘာဆိုင်လို့လဲဗျာ၊ ဒါမှမဟုတ် ကိုမင်းအောင်ပြောတဲ့ အိပ်မက်ကျိန်စာဆိုတာ သူတစ်ပါးကို ကျိန်စာတိုက်ရင်း မဆီမဆိုင် ကျုပ်တို့ ဆီကို မှားယွင်းပြီး ဝင်လာ





တာများလား"

မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင့်က ခေါင်း ခါ ယမ်းပြီး

"မှားယွင်းပြီးဝင်ရောက်လာတာ မဟုတ်ဘူးဗျ၊ အိပ်မက် ကျိန်စာက ရည်ရွယ်တဲ့သူကို တိတိကျကျ မြင်မက်စေတယ်၊ အိပ်မက်ကျိန်စာနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတစ်ခု ကို အိန္ဒိယ မှာ ကျုပ်တွေ့ဖူးတယ်၊ တစ်နေ့အိန္ဒိယကရွာလေးတစ်ရွာကို ကျုပ်ရောက်သွားတော့ အလွန်ထူးဆန်းတဲ့ သေဆုံးသူ မိန်း ကလေး တစ်ယောက်ကို တွေ့ရတယ်၊ မိန်းကလေးဟာ အလွန် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ပါ။ ဒီမိန်းကလေး သေဆုံးတာ ၃ နှစ်ရှိနေပြီ၊ ဒါပေမဲ့ သူ့ခန္ဓာကိုယ်က သေသူတစ်ယောက်လို ပျက်စီးခြင်း မရှိဘူး။ အိပ်မောကျနေတဲ့ မိန်းကလေးတစ်ယောက်လိုပါပဲ၊ သူ့ကို ဆေးပညာအရ စ



www.burmeseclassic.com

www.burmeseclassic.com



ဆေးကြည့်ရင် နလုံးခုန်ခြင်းလုံးဝမရှိတော့တဲ့ သေဆုံးသူ ဖြစ်နေပြီ၊ ဒါပေမဲ့ မိန်းကလေးဟာ ၃ နှစ်တိတိလုံးဝ အိပ်မောကျနေသူလိုပဲဖြစ်နေတယ်၊ သူဟာ ဘာအစာအဟာရမှမစားဘဲ ပြည့်စုံနေပုံရတယ်၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ရွာထဲက အသိဉာဏ် ပြည့်စုံပုံရတဲ့ အဘိုးအို တစ်ယောက်ကို မေးကြည့်တော့ သေသူမိန်းကလေးဟာချောမောလှပတဲ့ရုပ်ရည်ကိုအကြောင်းပြုပြီး ယောကျ်ားတော်တော်များများနဲ့ ရှုပ်ရှုပ်ထွေးထွေးနေတယ် လို့သိရတယ်၊ ဒါနဲ့မိန်းကလေးကို မကျေနပ်တဲ့ လူကစုန်းပညာရှင်အကူအညီနဲ့ ရှင်လျက်နဲ့ သေအောင် အိပ်မက်ကျိန်စာတိုက်ခဲ့တယ်လို့ သိရတယ်၊ ကျုပ်ရောက်ပြီး နောက်တစ်နေ့မှာပဲ အယူသည်းတဲ့ ရွာသားတွေက မိန်းကလေးကို အရှင်လတ်လတ် မီးလောင်တိုက်သွင်းလိုက်တယ်၊ တကယ်တော့ မိန်းကလေးဟာ နလုံးမခုန်တာက လွဲရင် မသေသေး





ဘူးဗျ၊ ဒါဟာ ကျုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ အိပ်မက်ကျိန်စာအတွေ့အကြုံတစ်ခုပဲ"

လို့ပြောပြတယ်၊ ဒီအခါမှာ ဒေါက်တာအောင်ကျော်က စိတ်ရှုပ်ထွေးတဲ့ အမူအရာနဲ့

"ကျုပ်တစ်ခု မေးချင်တယ်၊ ကျုပ်အနေနဲ့ ဒီမကောင်းတဲ့ အိပ်မက်ကြီးကို သူတစ်ပါးကို ပြန်မပြောဘူးဆိုရင် အိပ်မက်ကျိန်စာကပြန့်နှံ့မသွားဘဲရပ်တန့်သွားမှာလား၊ ဒါဆိုရင်တော့ ဒီအိပ်မက်ဆိုးကြီးကို ကျုပ်ရပ်တန့်လိုက်တော့မယ်"

လို့ပြောလိုက်တယ်။ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်းလိုက်ပြီး

"အိပ်မက်ကျိန်စာကဒေါက်တာထင်သလောက် မလွယ်ဘူးဗျ၊ ရည်ရွယ်တဲ့သူကို အိပ်မက်ကျိန်စာ တိုက်ရိုက်ထိတာများတယ်၊ အိပ်မက်ကျိန်စာကို ခံရမဲ့သူဟာ ကိုယ့်အစွမ်းနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်နိုင်စွမ်းမရှိဘူး။ နောက်ပြီး ရည်ရွယ်ခံရတဲ့သူဟာ အိပ်မက် ကျိန်စာကို မိန်းမ၊ ယောက်ျား၊ သား၊ သမီးတွေနဲ့ အတူ ဝေမျှပြီး ခံရတယ်လို့သိရတယ်"

လို့ဆိုလိုက်တော့ ဒေါက်တာကတက်ခေါက်ပြီး

"ကိုမင်းအောင် ပြောတဲ့ အတိုင်းဆိုရင် အိပ်မက်ကျိန်စာ ဆိုတာ အင်မတန် ရက်စက်ပြင်းထန်တဲ့ ပညာမျိုးပဲ၊ ဒီလောက် ယုတ် ကမ်းတဲ့ ပညာမျိုးကို ကျုပ်တို့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဘုရား ဂုဏ်တော်တရားဂုဏ်တော်တွေနဲ့ မကာကွယ်နိုင်ဘူးလားဗျာ"

လို့မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

"ကာကွယ်နိုင်ပါတယ်ဗျာ၊ဒေါက်တာ အိပ်မက်ဆိုးကြီး ထဲမှာ လွင့်မျောနေတုန်း ဘုရားဂုဏ်တော်ကို သတိရလို့ လွတ်မြောက် လာတာမဟုတ်ဘူးလား"





လို့မေးလိုက်တယ်။ ဒေါက်တာအောင်ကျော်ဟာ အိပ်မက်ဆိုးကြီးထဲမှာ သူ့ခန္ဓာကိုယ်ကြီးကို မကောင်းဆိုးဝါး ဝါးမျိုခါနီးမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ ရေရွတ်ပြီး လွတ်မြောက် သွားတာကို သတိရတယ်။

ဆားပုလင်းမင်းအောင်က

"အိပ်မက်ကျိန်စာတိုက်တာကို ကျုပ် အိန္ဒိယ မှာနေ တုန်းကစိတ်ဝင်စားလို့လေ့လာဖူးတယ်၊ တစ်ခါတစ်ရံမှာ အိပ်မက်ကျိန်စာ ရဲ့အစွမ်းကို ဇနီး၊ ယောက်ျားနဲ့ သားသမီးတွေပါ ဝေမျှခံရတာကြုံဖူးတယ်၊ တစ်ခါက အိန္ဒိယ ရွာတစ်ရွာက တဲတစ်လုံးထဲမှာ ယောက်ျားတစ်ဦးနဲ့ မိန်းမတစ်ဦးသေဆုံးနေ တာတွေ့ရတယ်၊ ဒီအကြောင်းကို ရွာသူကြီးဆီမှာ စုံစမ်းကြည့် တော့ သေသူမိန်းမဟာ ရွာထဲက အဘိုးကြီးတစ်ယောက်ရဲ့ အချစ်ဆုံးဇနီးမယားဖြစ်နေတယ်၊ အဘိုးကြီးဟာ သူ့ကွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဇနီးဖြစ်သူ ဖောက်ပြန်နေတာကိုသိလို့ မှော်ဆရာတစ်ယောက်ရဲ့အကူအညီကို ရယူပြီး ဇနီးဖြစ်သူနဲ့ ဖောက်ပြန်တဲ့သူကို အိပ်မက်ကျိန်စာတိုက်ခဲ့တယ်၊ ဒါပေမဲ့ ဇနီးနဲ့ ဖောက်ပြန်တဲ့သူဟာ နောက်ဆုံးအိပ်မက်ကို အဘိုးကြီး ဇနီးကို ပြောပြလိုက်တဲ့အတွက် နှစ်ယောက်စလုံး အိပ်မက်ကျိန်စာသင့်ပြီး အသက်ဆုံးခဲ့ရတယ်၊ ဒီတော့မှ အဘိုးကြီးလည်း ရင်ကွဲပက်လက်ဖြစ်ပြီး ရထားသံလမ်းမှာ ကိုယ်ကိုယ်ကိုယ် အဆုံးစီရင်သွားတယ်"

ဆားပုလင်းမင်းအောင်ရဲ့စကားတွေကို နားထောင်ပြီး ဒေါက်တာအောင်ကျော်ဟာ တဖြည်းဖြည်း စိတ်ဓာတ်ကျလာပြီး

"ဒါဆိုရင် ဒီအိပ်မက်ကျိန်စာကြီးကို ကျုပ်တို့ ဘယ်လိုဖြေရှင်းရမှာလဲ"





လို့မေးမြန်းလိုက်တယ်၊ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်ပြီး

"အိပ်မက်ကျိန်စာရဲ့သဘောဟာ ကျိန်စာသင့်တဲ့သူရဲ့အရင်းနှီးဆုံး ပတ်ဝန်းကျင်ကို ကျိန်စာရဲ့ရောင်ပြန်ဟပ်လေ့ရှိတယ်၊ ဒီအချက်ကို အခြေခံပြီး ကျိန်စာက လွှတ်မြောက်သွားတဲ့သာဓက တစ်ခုတော့ရှိတယ်"

လို့ဆိုလိုက်တော့ဒေါက်တာအောင်ကျော်ဟာ စိတ်လှုပ်ရှားဟန်နဲ့

"ဘယ်လို သာဓကလဲ ကိုမင်းအောင်ပြောပါဦး"

လို့မေးမြန်းလိုက်တယ် ဆားပုလင်းမင်းအောင်က

"တစ်ခါတုန်းက တန်ခိုးအာဏာခြင်းပြိုင်နေတဲ့ လူမျိုးစုခေါင်းဆောင်ကြီးနှစ်ယောက်မှာ မှော်ဆရာကြီးတွေ ကိုယ်စီရှိကြတယ်၊ တစ်နေ့တော့ ခေါင်းဆောင်ကြီးတစ်ဦးရဲ့မှော်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



က တစ်ဖက်ကခေါင်းဆောင်ကြီးကို အိပ်မက်ကျိန်စာတိုက်ခဲ့တယ်၊ ဒီအခါမှာ တစ်ဖက်က ခေါင်းဆောင်ကြီးရဲ့မှော်ဆရာက သူ့ရဲ့ ပညာစွမ်းနဲ့ အစီအမံတွေလုပ်ပြီး သူ့လူရဲ့အသက်ကို ကယ်နိုင်ခဲ့တယ်၊ အဲဒီညက မှော်ဆရာဟာ သူ့လူရဲ့ခုတင်ပေါ်မှာ တက်အိပ်ပြီး နောက်ဆုံးအိပ်မက်ကိုအတူတူခံခဲ့ကြတယ်၊ အိပ်မက်ရဲ့စွမ်းအင်တွေကို နှစ်ယောက်သားဝေမျှပြီး ခံလိုက်တဲ့သဘောပဲ။ ဒီအခါမှာ အိပ်မက်ရဲ့စွမ်းအင်တွေ လျော့နည်းသွားပြီး အိပ်မက်ကျိန်စာဟာလည်း ရည်ရွယ်သူဆီကို တိုက်ရိုက်မရောက်နိုင်တော့ဘူး"

လို့ပြောပြတယ်၊ဒေါက်တာအောင်ကျော်ဟာ ဆားပုလင်းမင်းအောင်စကားကို တအံ့တသြ နားထောင်ပြီး

"ကိုမင်းအောင် စကားတွေကို နားရှိလို့သာ ကြားရတယ်၊ မယုံနိုင်စရာပါပဲဗျာ၊ဒါဆိုရင် ကျုပ်တို့ ရှေ့ဆက်ပြီး





ဒီကျိန်စာကြီးကို ဘယ်လိုရင်ဆိုင်ကြမလဲ"

လို့မေးမြန်းတယ်။ ဆားပုလင်းမင်းအောင်က

"ဒီမှာဒေါက်တာ ဒီအိပ်မက်ဟာ ဒေါက်တာကိုရည်ရွယ်တယ်လို့ထင်တယ်၊ တကယ်လို့သာ ဒေါက်တာကို ရည်ရွယ်တယ် မှန်ရင် မပြီးဆုံးသေးတဲ့အိပ်မက်ရဲ့နောက်ဆက်တွဲကို ဒီည သို့မဟုတ် မနက်ဖြန်ညမှာ မြင်မက်မှာပဲ"

လို့ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်ဟာ မယုံနိုင်ဟန်နဲ့

"အိပ်မက်ကျိန်စာက ကျုပ်ကိုရည်ရွယ်တယ်ဟုတ်လား၊ ကျုပ်က ဘယ်လိုလူတွေနဲ့ ရန်ငြိုးရှိလို့လဲ၊ ကိုမင်းအောင် အထင်မှား နေပြီနဲ့တူတယ်"

လို့ပြောတယ်။ဆားပုလင်းမင်းအောင်က

"အိပ်မက်ကျိန်စာရဲ့ အသွားအလာကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကိုရည်ရွယ်တယ်လို့ တွက်ဆကြည့်တာပါဗျာ၊ ဘာကြောင့်လဲ ဆိုတော့အိပ်မက်ကျိန်စာရဲ့နောက်ဆုံးအပိုင်းက အလွန်ကြောက်မက်ဖွယ်ကောင်းပြီ အန္တရာယ်ကြီးလွန်းလို့ပါ။ နောက်ပြီးတော့ အိပ်မက်ရဲ့နောက်ဆက်တွဲကို ဒေါက်တာရဲ့ချစ်သူ မမိုးဝါ ကိုယ်တိုင်မျှဝေပြီး ခံလိုက်ရတယ်၊ ဒါဟာ အိပ်မက်ကျိန်စာရဲ့သဲလွန်စပဲဗျ"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်ရဲ့စကားကြောင့် ဒေါက်တာအောင်ကျော်ရဲ့မျက်နှာကွက်ခနဲပျက်သွားတယ်။ ဆားပုလင်းမင်းအောင်က ဆက်လက်ပြီး

"အိပ်မက်ကျိန်စာကို ပျက်ပြယ်အောင် လုပ်နိုင်မဲ့ဆေးဝါးမရှိဘူး၊ သိပ္ပံပညာကလည်းလက်လှမ်းမမီဘူး၊ အိပ်မက်ကျိန်စာကို ပျက်ပြယ်အောင် လုပ်နိုင်မဲ့ နည်းလမ်း တစ်ခုပဲရှိတယ်၊ ကျုပ် အိန္ဒိယမှာနေတုန်းက အိပ်မက်ကျိန်စာကို





လေ့လာခဲ့ဖူးတယ်၊ ဒါကြောင့် ဒေါက်တာ အပေါ်ကျရောက်မဲ့ အိပ်မက်ကျိန်စာကို ကျုပ်ဝေမျှပြီး ခံယူတော့မယ်"

လို့ပြောလိုက်တယ်။ ဒေါက်တာအောင်ကျော်ဟာ ဆားပုလင်းမင်းအောင်ရဲ့မျက်နှာကို တအံ့တသြ ကြည့်လိုက်တော့ ဆားပုလင်းမင်းအောင်ဟာ စုံထောက်တစ်ယောက်နဲ့ မတူတော့ဘဲ အတိတ်ကာလက မှော်ပညာရှင်တစ်ဦးရဲ့အမူအရာမျိုးဖြစ်နေတယ်။ သူဟာ အိပ်မက်ကျိန်စာနဲ့ပတ်သက်ပြီးကျွမ်းကျွမ်းကျင်ကျင်လေ့လာထားပုံရတယ်။ ဆားပုလင်းမင်းအောင် က

"ညမရောက်မီတော့ ကျုပ်တို့ဘာမှ လုပ်လို့မရဘူး၊ လောလောဆယ် ကျုပ်ကိုဒေါက်တာ အကူအညီပေးရမယ်၊ လောလောဆယ် ဒေါက်တာနဲ့အတူ အိပ်မက်ဆိုးမက်တဲ့ လူအားလုံးကို ခေါ်ပေးလို့ရမလား"

လို့မေးတော့ ဒေါက်တာအောင်ကျော်က



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အတတ်နိုင်ဆုံး ကြိုးစားပြီး ခေါ်ပေးပါမယ်"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က

"သူတို့တွေရဲ့အခြေအနေ ဘယ်လိုရှိသလဲ"

လို့မေးလိုက်တယ်။ ဒေါက်တာအောင်ကျော်က

"ပထမဆုံး အိပ်မက်ဆိုး စမက်တဲ့ မမြတ်လေးကတော့ အသိဉာဏ်ပညာရှိပုံရတယ်။ ကျန်စုံဆိုင်ရှင် ကိုဖိုးတုတ်နဲ့မကျင်တို့ လင်မယားကတော့ ခပ်ထုံထုံ ခပ်အအထဲကပဲ"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က

"ကျုပ်သူတို့ကို တွေ့ချင်တယ်၊ အထူးသဖြင့် အိပ်မက်ကျိန်စာကို ပထမဆုံး စမက်တဲ့ မမြတ်လေးကို တွေ့ချင်တယ်"

လို့ပြောလိုက်တယ်။ ဆားပုလင်းမင်းအောင်ရဲ့စကားကို နားထောင်နေတဲ့ ဒေါက်တာအောင်ကျော်ဟာ ရုတ်တရက် အိပ်ငိုက် သလို ဖြစ်သွားပြီး ဝါးခနဲ သမ်းလိုက်တယ်။





ဆားပုလင်းမင်းအောင်က ဒေါက်တာအောင်ကျော်ရဲ့ပခုံးကို ဆတ်ခနဲပုတ်ပြီး

"ဒီအချိန်မှာ ခင်ဗျားလုံးဝ အိပ်လို့ မဖြစ်ဘူးဒေါက်တာ၊ ဒေါက်တာ အိပ်ပျော်သွားရင် အိပ်မက်ကျိန်စာရဲ့စက်ကွင်းမိပြီး အသက်ပါ သွားလိမ့်မယ်၊ ဒေါက်တာ အိပ်မပျော်သွားဖို့ သိပ်အရေး ကြီးတယ်"

လို့ သတိပေးလိုက်တယ်။ ဆားပုလင်းမင်းအောင်ရဲ့ စကား ကြောင့် ဒေါက်တာ အောင်ကျော်ရဲ့မျက်နှာပျက် သွားပြီး ဒေါသတကြီး တက်ခေါက်ကာ

"တောက်..ဒီအိပ်မက်ကျိန်စာက ဘာဖြစ်လို့ ကျုပ်ကို ဒီလောက်ဒုက္ခပေးနေရတာလဲ"

လို့ရေရွတ်လိုက်တယ်။ ဆားပုလင်းမင်းအောင်က ဒေါက်တာအောင်ကျော်ကို မျက်မှောင်ကြုတ် ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါက်တာ ကျုပ်ရှင်းရှင်းပဲ ပြောမယ်၊ အိပ်မက်ကျိန်စာဟာ ဘယ်တော့မှ ရန်ငြိုးမရှိတဲ့ သူဆီကို လွဲချော်ပြီး ရောက်မလာဘူး၊ ဒေါက်တာမှာ ရန်ငြိုးရန်စ တစ်ခုရှိမှာ သေချာပါတယ်၊ ဒေါက်တာ ကျုပ်ကို ထိန်ချန်မထားပဲ ပွင့်ပွင့်လင်းလင်း ပြောဖို့ အချိန်ရောက်ပြီ"

လို့ပြောလိုက်တော့ ဒေါက်တာအောင်ကျော်ရဲ့မျက်နှာ အကြီးအကျယ် ပျက်ယွင်းသွားပြီး

"ကျုပ်..ကျုပ်မှာရန်ငြိုးရန်စ မရှိပါဘူး၊ ကျုပ်တစ်သက်မှာ မှားယွင်းမှုလေးတစ်ခုပဲ ရှိပါတယ်၊ဒါ..ဒါဟာလဲ ရန်ငြိုးရန်စ တစ်ခုမဟုတ်ပါဘူးဗျာ"

လို့ပြောလိုက်တယ်။ ဆားပုလင်းမင်းအောင်က

"ဒီမှားယွင်းမှုလေးကိုပဲ ကျုပ်သိချင်တယ် ဒေါက်တာ"

လို့ပြောလိုက်တယ်။ဒေါက်တာအောင်ကျော်က အံကို





ကြိတ်ပြီး

"ကျုပ်ရင်ထဲမှာ မေ့ထားတဲ့ အကြောင်းအရာကို မပြောလို့မရဘူးလားဗျာ။ ဒီအကြောင်းတွေကို ကျုပ်ပြန်မပြောချင်ဘူး"

လို့ပြောတယ်၊ဆားပုလင်းမင်းအောင်က

"ဒေါက်တာ ကိုယ်ရေးကိုယ်တာကို မမေးချင်ပေမဲ့ ဒါဟာအင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ အိပ်မက်ကျိန်စာနဲ့ ပတ်သက်နေတယ်၊ ဒီအချိန်မှာ ဒေါက်တာ တစ်ယောက်တည်းသာမကဘူး မမိုးဝါရဲ့အသက်အန္တရာယ်နဲ့လည်း ရင်ဆိုင်နေရတယ်၊ ဒါကြောင့် ဒေါက်တာ ဖွင့်ပြောဖို့ သင့်ပါပြီ"

လို့တိုက်တွန်းလိုက်တယ်။ဒေါက်တာအောင်ကျော်က သက်ပြင်းချလိုက်ပြီး

"ကောင်းပါပြီ၊ ကိုမင်းအောင် ကျုပ်ပြောပါတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး အဝေးကို ငေးကြည့်နေလိုက်တယ်၊ ပြီးတော့မှ ဒေါက်တာအောင်ကျော်က

"လွန်ခဲ့တဲ့ ၃ နှစ်လောက်က ကျုပ်ဟာ အလွန်ခေါင်တဲ့ အရပ်တစ်ခုမှာ ဆရာဝန်အဖြစ်နဲ့ အမှုထမ်းခဲ့တယ်၊ ကျုပ်ဟာ တစ် ကိုယ်တည်းလူပျိုကြီးဖြစ်တဲ့ အတွက် ဆေးရုံဝန်းထဲမှာပဲ နေရတယ်၊ တစ်ညတော့ ကျုပ်အထက်က ကုလားဆရာဝန် ကြီးရဲ့အိမ်မှာ ပါတီပေးလို့သွားခဲ့တယ်၊ ကျုပ်ပါတီမှာ ဆရာဝန် ကြီးနဲ့ အရက်တော်တော်များများ သောက်ဖြစ်တယ်၊ အဲဒီညက ဆရာဝန်ကြီး အိမ်ကပြန်တော့ ညဉ့်တော်တော်နက်တယ်၊ ဆရာဝန်ကြီးအိမ်က မြို့ပြင်ခပ်လှမ်းလှမ်းမှာရှိတယ်၊ ကျုပ်ဟာ ခပ်ထွေထွေနဲ့ ကားမောင်းလာရင်း လူခြေတိတ်ဆိတ်တဲ့ နေရာ တစ်ခုအရောက်မှာ ကျုပ်ရဲ့ကားဆီပြတ်ပြီး ထိုးရပ်သွားတယ်၊ ကျုပ်ဟာကားကြုံစောင့်ပြီး ကားကိုဆီထည့်ဖို့ ကြိုးစားသေး





တယ်၊ ဒါပေမဲ့ ညဉ့်နက်နေတော့ ကားကြုံတစ်စီးမှ မတွေ့ဘူး၊ ဒါကြောင့် ခပ်ဝေးဝေးမှာမြင်ရတဲ့ မီးရောင်ရှိရာကို လျှောက် လှမ်းသွားခဲ့တယ်၊ မီးရောင်အနီးကို ရောက်တော့ မီးရောင်ဟာ သစ်လုံးအိမ်လေးတစ်လုံးဆီက ထွက်နေတာ မြင်ရတယ်၊ ဒါကြောင့် ကျုပ်လည်း အကူအညီရလိုရငြား မျှော်လင့်ချက်နဲ့ အိမ်တံခါးကို ခေါက်လိုက်တယ်၊ ခဏကြာတော့ အိမ်ထဲက လူသံကြားရပြီး မီးအိမ်ကိုင်ထားတဲ့ မိန်းကလေးတစ်ယောက် တခါးလာဖွင့်ပေးတယ်၊ တံခါးပွင့်သွားတော့ ကျုပ်ဟာ မိန်း ကလေးကို မြင်ပြီး ရင်သပ်ရှုမော ဖြစ်သွားတယ်၊ သစ်လုံးအိမ် ထဲက မိန်းကလေးဟာ စွဲမက်ဖွယ် အလွန်ကောင်းတဲ့ မိန်းမလှလေးတစ်ယောက်ဖြစ်နေတယ်၊ သူမရဲ့မျက်လုံးလေး တွေကဝိုင်းစက်ပြီးညို့အားကောင်းတယ်၊ ထူအမ်းတဲ့ နှုတ်ခမ်း လေးတွေကလည်း တစ်စုံတစ်ခုကို ဖိတ်ခေါ်နေသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့မျက်နှာသာမကဘူး၊ကိုယ်လုံးကိုယ်ပေါက်ကလည်း မျှစ်စို့ပေါက်လို ဖွံ့ဖွံ့ထွားထွားလေးဗျ၊ ကျုပ်ဟာ သူကို ဒီမှာ တစ်ညတာ နားခွင့်တောင်းပြီးမှအားတုန့်အားနာ ဖြစ်သွားမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သစ်လုံးအိမ်ထဲမှာ မိန်းကလေး တစ်ယောက်ထဲရှိနေတယ်၊ မိန်းကလေးရဲ့အဒေါ်က တစ်မြို့ တစ်ရွာကို ရောက်နေတယ်ဆိုပဲဗျ၊ ဒါပေမဲ့ မိန်းကလေးက ကျုပ်ကို အသာတကြည်ပဲ တစ်ညတာ နားခွင့်ပြုတယ်၊ မိန်းကလေးဟာ မီးလင်းဖိုနံဘေးက ကော်ဇော်ပေါ်မှာ ကျုပ်ကို အိပ်ခွင့်ပြုတယ်၊ သူကိုယ်တိုင်ကတော့ မီးလင်းဖို တစ်ဖက်က ကော်ဇော်ပေါ်မှာ အိပ်စက်တယ်၊ ကျုပ်ဟာ အဲဒီညက မိန်းကလေးကို ကြည့်ရတာ နတ်သမီးတစ်ပါးကို မြင်ရသလိုပဲ၊ ကျုပ်ရင်တွေ အရမ်းခုန်ပြီး စိတ်ထဲမှာ အတိုင်းအဆ မရှိအောင် လှုပ်ရှားမိတယ်၊ ဒီလိုနဲ့ပဲ ကျုပ်စိတ်တွေ မထိမ်းချုပ်နိုင်ပဲ





သိက္ခာတံတိုင်းကျိုးပြတ်ခဲ့ရတယ်၊ နောက်တစ်နေ့နံနက်အမှုးပြေတော့ ကိုယ်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် နောင်တရပြီး မိန်းကလေးကို စွန့်ခွာလာခဲ့တယ်၊ မိန်းကလေးခမြာ သနားစရာဗျာ၊ ကျုပ်ရဲ့ရာဂစိတ်အတွက် အသုံးချခံ ဖြစ်သွားတယ်၊ ကျုပ်လည်း တစ်သက်မှာတစ်ကြိမ်မှားတဲ့အတွက် မိန်းကလေးကို မေ့မေ့ ပျောက်ပျောက်နေဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ အကြံမဟန်ပါဘူးဗျာ၊ မိန်းကလေးနဲ့ မှားယွင်းမိပြီး တစ်ပတ် အကြာမှာ ကျုပ်ရဲ့ဆေးရုံကို ဒေါ်အိုစာဆိုတဲ့ အဘွားကြီးတစ်ယောက် ရောက်လာတယ်၊ ဒေါ်အိုစာဟာ အထက်အောက် အနက်ရောင်ဝတ်ဆင်ထားပြီး သူ့ရဲ့လည်တိုင်နဲ့ လက်ကောက်ဝတ်မှာ ပုတီးအမျိုးမျိုးကို ဆင်ယင်ထားတယ်၊ သူ့ကိုကြည့်ရင် စိတ်မမှန်တဲ့ လူတစ်ယောက်နဲ့ တူပေမဲ့ သူ့မျက်လုံးတွေက စူးရှပြီး ကျုပ်ရင်ထဲကို ထိုး ဖောက်ဝင်မတတ်ပဲ၊ ဒေါ်အိုစာဟာ



www.burmeseclassic.com

www.burmeseclassic.com



မီးဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနဲ့ ကျုပ်ကို ကြည့်ပြီး

"ဆရာလေး...ကိုယ့်အပြစ်ကို ကိုယ်သိရင် ယောက်ျားပီပီ တာဝန်ယူဖို့ ကျိုးစားပါ"

လို့ဆိုလိုက်တော့ ကျုပ်က ဒေါ်အိုစာရဲ့စကားကို နားမလည်တဲ့အတွက်

"အဒေါ်ကြီး စကားကို ကျုပ်နားမလည်ဘူး၊ဘာကို ဆိုလိုတာလဲ"

လို့ပြန်မေးလိုက်တယ်၊ဒေါ်အိုစာက မဲ့ပြုံးပြုံးလိုက်ပြီးမှ

"အိပ်ချင်ယောင်ဆောင်တဲ့ သူဟာ အနှိုးရခက်တယ် ဆရာလေး၊ ကျုပ်ရှင်းရှင်းပဲ ပြောမယ်၊လွန်ခဲ့တဲ့ ညတစ်ညက စိတ်မနှံ့တဲ့ ကျုပ်မြေးမလေးကို ဆရာလေး ကျူးလွန်ခဲ့တဲ့ ဖြစ်ရပ်အတွက် ရှေ့မျက်နှာ နောက်ထားပြီးလာခဲ့တာပဲ"

လို့ပြောလိုက်တယ်၊ဒေါ်အိုစာရဲ့စကားကြောင့် ကျုပ်





ခေါင်းကို ဆင်နင်းခံရသလို ဖြစ်သွားတယ်။ ကျုပ်ကျူးလွန်ခဲ့တဲ့ ရုပ်ပျက်ဆင်းပျက်အဖြစ်ဆိုးကြီးက ကျုပ်ဆီကို အရိပ်လိုလိုက်ပါလာပြီလေ၊ နောက်ပြီးတော့ ကျုပ်ကျူးလွန်ခဲ့တဲ့ မိန်းကလေးက လည်း စိတ်မနှံ့ဘူးတဲ့ဗျာ၊ ကျုပ်လို ဂုဏ်သရေရှိ နိုင်ငံခြားပြန် ဆရာဝန် တစ်ယောက်က စိတ်မနှံ့တဲ့ မိန်းကလေးကို တာဝန်ယူရမယ်ဆိုတော့ ကိုမင်းအောင်ပဲစဉ်းစားကြည့်ပါ၊ ကျုပ်နေရာမှာ ဘယ်လို ယောက်ျားမျိုးက တာဝန်ယူရဲမှာလဲ၊ ဒါကြောင့် ကျုပ်ဟာ သရဲဘောကြောင်စွာနဲ့ မိန်းကလေးနဲ့ မပတ်သက်ကြောင်း ငြင်းဆိုခဲ့တယ်၊ ဒေါ်အိုစာကိုလည်း လူကြားထဲမှာ မောင်းထုတ်ခဲ့တယ်၊ ဒေါ်အိုစာဟာ ကျုပ် စကားတွေကို အံကြိတ်နားထောင်ပြီး ကျုပ်မျက်နှာကို တစ်ခုံတစ်ခု နဲ့ဖစ်ပေါက်လိုက်တယ်၊ ကျုပ်ဟာ ဒေါ်အိုစာ ပစ်ပေါက်လိုက်တဲ့ အရာကို ကောက်ကြည့်လိုက်တဲ့အခါ ကျုပ်ရဲ့ဆရာဝန်ကတ်ပြား ဖြစ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုစာက ကျုပ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

"ယောကျ်ား မပီသတဲ့ကောင်၊ ယောကျ်ား ဖြစ်ပြီး ကိုယ့်တာဝန်ကိုယ်မယူဝံ့ဘူး၊ ထဘီဝတ်ထားလိုက်ပါလား၊ နင့်အတွက် ထဘီတစ်ထည် ငါပို့ပေးလိုက်မယ်၊ နင်ကိုငါတစ်လအချိန်ပေးမယ်၊ တစ်လပြည့်လို့မှ ငါ့မြေးကို တာဝန်မယူရင် နင့်ဝိညာဉ်ကို ငါမရရအောင်လာနှုတ်မယ်"

လို့ အော်ဟစ်ကြွေးကြော်သွားတယ်၊ ကျုပ်ဟာ ဒေါ်အိုစာကြောင့် ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရတယ်၊ ဒေါ်အိုစာနဲ့ပတ်သက်တဲ့ အကြောင်းကိုလည်းသိခဲ့ရတယ်၊ ဒေါ်အိုစာကို စုန်းမလို့ တစ်မြို့လုံးက ယုံကြည်ကြတယ်၊ဒေါ်အိုစာမှာ စိတ်မနှံ့တဲ့ မြေးမလေး တစ်ယောက်ရှိတယ်ဆိုတာလည်းသိကြတယ်၊ ကျုပ်နဲ့ရင်းနှီးတဲ့ သူတွေက ဖြစ်နိုင်





ရင် ဒေါ်အိုစာနဲ့ ဝေးဝေးရှောင်ဖို့ သတိပေးကြတယ်၊ကျုပ်က ဒေါ်အိုစာရဲ့စွပ်စွဲချက်တွေကို မဟုတ်မမှန်ကြောင်း ပြောတဲ့ အခါ အများစုက ကျုပ်စကားကို လက်ခံကြတယ်၊ ဒေါ်အိုစာ ကို စုန်းမဆိုပြီး တစ်မြို့လုံးက ရွံမုန်းကြပုံရတယ်၊ ဒီအချက်ဟာ ကျုပ်အတွက် တစ်ပန်းသာတဲ့အချက်ပဲ၊ ကျုပ်ဟာ ရင်းနှီးသူတွေရဲ့အကြံပေးချက်ကိုနားထောင်ပြီး ဒေါ်အိုစာ တစ်လပြည့်လို့ ရောက်မလာမီ ဒီမြို့က ပြောင်းပြေးဖို့ ဆုံးဖြတ်လိုက်တယ်၊ ကျုပ်ဟာ တစ်လ မပြည့်မီ တစ်ရက်အလိုမှာ မြို့က ထွက်ပြေးဖို့ ဘူတာကို ရောက်ခဲ့တယ်၊ ဘူတာကိုရောက်လို့ ရထားထွက်ကာနီးမှာ ရထားပြတင်းပေါက်ကို ဒေါ်အိုစာ ဒေါ်သတကြီး ရောက်လာပြီး ကျုပ်ကိုလက်ညှိုးငေါက်ငေါက်ထိုးပြီး

"မင်းဘယ်လမ်းကို ပြေးပြေး ငါ့လက်က မလွတ်စေရဘူး၊ ကမ္ဘာမြေကြီးရဲ့အဆုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးပါစေ၊ နင့်နောက်ကို တကောက်ကောက် လိုက်ပြီးလက်စားချေမယ်၊ နင့်ရဲ့ တဏှာရမ္မက်ကြောင့် ငါ့မြေးလေး အရှက်ကွဲ ပေးဆပ် လိုက်ရတယ်၊ နင့်ကိုငါ ဘယ်တော့မှ မကျေဘူး၊ နင်ဟာ ငါရဲ့အမုန်းဆုံးလူသားတစ်ယောက်ပဲ၊ သံသရာ အဆက်ဆက် နင့်ကိုငါ လက်စားချေမယ်၊ နင့် ဘ၀ တလျှောက်လုံး အိပ်မက်ဆိုးတွေနဲ့ ရှုးသွပ်စေရမယ်၊ နင်ဘယ်တော့မှ အိပ်ကောင်းခြင်း မအိပ်ရဘူး၊ အိပ်မက်ဆိုးတွေအကြိမ်ကြိမ် မက်ပြီးထိတ်လန့်တုန်လှုပ်စေရမယ်၊ အိပ်ပျက် ညတွေအကြိမ်ကြိမ်ဖြစ်ပြီး အိပ်မက်ကြောင့် ရှုးသွပ်စေရ မယ်၊ ငါရဲ့အိပ်မက်က လွတ်အောင် နင် ဘယ်ကိုမှပြေးလို့မရဘူး....





လို့အော်ဟစ်ကြုံးဝါးခဲ့တယ်၊ အဲဒီတုန်းက ဒေါ်အိုစာရဲ့ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေကို ကျုပ်ဘယ် တော့မှမမေ့ဘူး၊ နောက်ပိုင်း ကျုပ်ကြား ရတဲ့ သတင်းတွေအရဆိုရင်..."

လို့ပြောရင်း ဒေါက်တာအောင်ကျော်ဟာ ဆက်မပြော နိုင်တော့ပဲ မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး အသံတွေ တိမ်ဝင်သွား တယ်။

ဆားပုလင်းမင်းအောင်က ဒေါက်တာအောင်ကျော်ကို နားလည်ဟန်နဲ့ကြည့်ရင်း ဒေါက်တာရဲ့စကားကို စောင့်နေ လိုက်တယ်၊ ဒေါက်တာအောင်ကျော်ကအတန်ကြာမှ နာကျင် ကျေကွဲဟန်နဲ့

"မိန်းကလေးဟာ ကိုယ်ဝန်ရှိသွားတယ်တဲ့ဗျာ၊ နောက် တော့ မီးဖွားရင်း အသက်ဆုံးသွားတယ်လို့ ကြားရတယ်၊ဒါ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ ကျုပ်အပြစ်တွေပါဗျာ...ကျုပ် သိပ်မှားသွားတယ်...."

လို့ ပြောလိုက်တယ်၊ ဆားပုလင်းမင်းအောင်က ခေါင်းခါ ယမ်းလိုက်ပြီး

"ဒေါက်တာ အဲဒီညက အရက်ကို မဆင်မခြင် သောက်ခဲ့လို့ အခုလို အဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်ရတာပဲ၊ ထားပါတော့လေ၊ ပြီးခဲ့တာတွေကို အပြစ်တင်နေလို့ အကျိုးရှိမှာ မဟုတ်ဘူး၊ ကျုပ်တို့ ရှေ့ဆက်ပြီး အိပ်မက်ကျွန်းစာကို ရင်ဆိုင်မဲ့ နည်းလမ်းကို ရှာရမယ်၊ လောလောဆယ် ဒေါက်တာထက်အရင် အိပ်မက်ဆိုး မက်ခဲ့တဲ့ သူတွေနဲ့ ကျုပ်တွေ့ချင်တယ်၊ ဖြစ်နိုင်ရင် အိပ်မက်ဆိုး ကို ပထမဆုံးမက်ခဲ့တဲ့ မမြတ်လေးဆိုတဲ့ အမျိုးသမီးနဲ့တွေ့ ချင်တယ်"

လို့ပြောလိုက်တော့ ဒေါက်တာအောင်ကျော်က မမြတ် လေးရဲ့ အိမ်ကိုလိုက်ပို့မယ်လို့ ပြောလိုက်ပါတယ်၊ ပြီးတော့





ဆားပုလင်းမင်းအောင်ရဲ့ ဖို့ဒ်ကားလေးနဲ့ပဲ မမြတ်လေးဆီကို ထွက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုရောက်တော့ မမြတ်လေးကို အဆင်သင့် တွေ့ရတယ်၊ မမြတ်လေးဟာ ဒေါက်တာအောင်ကျော်ကို ရုတ်တရက် တွေ့တော့ အံ့ဩသွားပုံရတယ်၊ နောက်တော့ တစ်စုံတစ်ရာကို တွေးပြီး အံ့ဩဟန် မရှိတော့ဘူး၊ မမြတ်လေးက ဒေါက်တာအောင်ကျော်ကို ခရီးဦးကြိုပြီး

"အိမ်တိုင်ရာရောက် ကြွလာတယ် ဆိုတော့ အရေးပေါ်





အကြောင်းထူးရှိမယ်ထင်တယ်"

လို့ဆိုလိုက်တော့ ဒေါက်တာ အောင်ကျော်က

"ရှိတာပေါ့ဗျာ၊ ကဲ.... မမြတ်လေးကို မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီက ကျုပ်မိတ်ဆွေ နံမည်က ဆားပုလင်းမင်းအောင်တဲ့ အင်းစိန်.စီအိုင်ဒီကစုံထောက် တစ်ယောက်ပဲ"

လို့ဆိုလိုက်တော့ မမြတ်လေးရဲ့မျက်နှာက ရင်းနှီးဟန်နဲ့

"အို...... ကျွန်မ ကြားဖူးတယ်၊ နံမည်ကျော် ဆားပုလင်းမင်းအောင်ပဲ၊ဘယ်လို အကြောင်းနဲ့ကျွန်မတို့မြို့ကို ရောက်လာတာလဲ"

လို့မေးမြန်းလိုက်တယ်၊ ဒီအခါမှာ ဒေါက်တာအောင်ကျော် ကသက်ပြင်းချပြီး

"မမြတ်လေးရဲ့အိပ်မက်ဆိုးကြီးကြောင့်ပေါ့ဗျာ၊ ဒီအိပ်မက် ဆိုးကြီးက ကျုပ်တို့ကို အကြီးအကျယ် ဒုက္ခပေးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ မမြတ်လေးက အံ့သြဟန်နဲ့

"ဘယ်လိုများဖြစ်လို့လဲ ဒေါက်တာရယ်.."

ဆိုတော့ ဒေါက်တာ အောင်ကျော်က သူ့အိပ်မက်ဆိုးကြီးကို ကုန်စုံဆိုင်ရှင် ကိုဖိုးတုတ်က တစ်ဆင့် ကြားပြီးတော့ အိပ်မက်ဆိုး မြင်မက်ရာက တစ်ဆင့် အဲဒီညမှာပဲ သူလိုပဲ မမိုးဝါကို တစ်ပြိုင်တည်း ကူးစက်ခံရကြောင်းပြောလိုက်တော့ မမြတ်လေးက ဒေါက်တာအောင်ကျော်ရဲ့စကားကိုဖြတ်ပြီး

"ဒေါက်တာကလည်းရှင်.. ကိုဖိုးတုတ်နဲ့မကျင်တို့ လင်မယား အိပ်မက်ဆိုးကြောင့် သေလုမျောပါး ခံလိုက်ရတာ ဒေါက်တာ သိရက်သားနဲ့ အိပ်မက်အကြောင်းကို ဘာဖြစ်လို့ မမိုးဝါကို ပြောလိုက်ရတာလဲ၊ကျွန်မက ဒေါက်တာကိုတောင် အိပ်မက်ကျိန်စာသင့်မှာ စိုးလို့ ခဏခဏ သတိပေးနေတာ.."

လို့ဆိုလိုက်တော့ ဒေါက်တာက သက်ပြင်းချပြီး





"ခင်ဗျားပြောရင်လဲ ခံရမှာပဲဗျာ၊ အိပ်မက်အကြောင်းကိုကျုပ်ကြားပြီး ၄ ရက်လုံးလုံး ခင်ဗျားတို့ ပြောတဲ့ အိပ်မက်ဆိုးကြီးကို ကျုပ်မမက်ဖူးဗျ၊ ဒါကြောင့်လဲ ကိုယ်ကိုယ်ကိုယ် အထင်ကြီးပြီး ကျုပ်ချစ်သူ မမိုးဝါကို ပြောပြလိုက်တာဗျ၊ မမိုးဝါကို ပြောပြီးတဲ့ ညမှာပဲ အိပ်မက် ဆိုးကြီးကို ကျုပ်စမက်တာပဲ "

လို့ပြောလိုက်တယ်၊ မမြတ်လေးက ဒေါက်တာအောင်ကျော် ကို စိတ်ဝင်တစားကြည့်ပြီး

"ရှင့်အိပ်မက်က ကျွန်မတို့အိပ်မက်နဲ့ ဘယ်လိုကွာသလဲ ဟင်..ကျွန်မတို့ထက်ပိုဆိုးသလား"

လို့မေးလိုက်တော့ ဒေါက်တာအောင်ကျော်က

"ဆိုးတာပေါ့ဗျာ၊အိပ်မက်ထဲမှာ ကျုပ်အသက်ပါမသွားတာကံကောင်းဗျ၊ ပြန်ပြောရတာတောင် ကြက်သီးထစရာကောင်း ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တော့ မမြတ်လေးက မျက်မှောင်ကြုတ်ပြီး

"ဟင်..ဒါဆိုရင် မမိုးဝါ ရဲ့အခြေအနေ ဘယ်လိုလဲ၊ စိုးရိမ်စရာ ရှိသလား"

လို့မေးမြန်းလိုက်တယ်၊ ဒေါက်တာအောင်ကျော်က သက်ပြင်းချပြီး

"မမိုးဝါ အခြေအနေက ကျုပ်ထက်ဆိုးတယ်ဗျာ၊ သူ အိပ်မက်ဆိုးမက်ပြီး အခုအချိန်ထိ သတိပြန်လည်မလာတော့ဘူး၊ သူ့ကို ကြည့်ရတာမြောနေသလိုပဲ"

လို့ဆိုလိုက်တော့ မမြတ်လေးက စိတ်မကောင်းဟန်နဲ့

"ဖြစ်မှဖြစ်ရလေရှင်၊ ဒါဆိုရင် ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ"

လို့မေးလိုက်တယ်၊ ဆားပုလင်းမင်းအောင်က ဝင်ပြီး

"ဒီအတွက် မပူပါနဲ့ဗျာ၊ ကျုပ်တို့ ဝိုင်းပြီး ကြိုးစားရင်





မမိုးဝါရဲ့အသက်ကို ကယ်တင်နိုင်မှာပါ၊ ဒီအတွက် မမြတ်လေးတို့ အားလုံး ကျုပ်ကို ဝိုင်းပြီး ကူညီပေးရမယ်"

လို့ပြောလိုက်တယ်၊ မမြတ်လေးက နားမလည်ဟန်နဲ့

"ကျွန်မတို့ ဘယ်လို အကူအညီပေးရမှာလဲ"

လို့မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က

"ကျုပ် နောက်မှ အေးအေးဆေးဆေး ပြောပါမယ်၊ လောလောဆယ် ကျုပ်သိချင်တာလေး တစ်ခုရှိတယ်၊ မမြတ်လေးက အိပ်မက်ဆိုးတွေကို ပထမဆုံး မက်တဲ့သူဆိုတော့ အိပ်မက် ကျိန်စာကို စတင် လက်ခံသူပဲ"

လို့ဆိုလိုက်တော့ မမြတ်လေးက အံ့သြဟန်နဲ့

"ရှင်..ကျွန်မက အိပ်မက်ကျိန်စာကို စတင်လက်ခံသူ ဟုတ်လား၊ ဘယ်လို လက်ခံတာလဲ"

လို့ မေးမြန်းတယ်၊ ဆားပုလင်းမင်းအောင်က



www.burmeseclassic.com

www.burmeseclassic.com



" ဒီရက်ပိုင်း မမြတ်လေး ကြုံတွေ့တဲ့သူတွေထဲမှာ ထူးထူးခြားခြား ကြုံတွေ့တဲ့သူရှိသလား၊ကျုပ်မေးတဲ့ သဘောက မမြတ်လေး စိတ်အာရုံထဲမှာ လှုပ်လှုပ်ခပ်ခပ် ဖြစ်လောက်တဲ့ ထူးထူးခြားခြားလူမျိုးကိုပြောတာ"

လို့ဆိုလိုက်တယ်။





ဆားပုလင်းမင်းအောင်ရဲ့အမေးကြောင့် မမြတ်လေးဟာ တစ်စုံတစ်ရာကို မျက်မှောင်ကြုတ် စဉ်းစားလိုက် ပြီးနောက်

"ကျွန်မ စိတ်အာရုံထဲမှာ လှုပ်လှုပ်ခပ်ခပ် ဖြစ်လောက်တဲ့ အရာ ဟုတ်လား.. အင်း...ကျွန်မ ဆုံတွေ့ခဲ့တဲ့ ထူးထူးခြားခြားလူတစ်ယောက်တော့ရှိတယ်၊ ဟုတ်တယ်..ရှိတယ်...သိပ်ရှိတာပေါ့၊ ကိုမင်းအောင် ဘယ်လိုသိသလဲဟင်...."



www.burmeseclassic.com

www.burmeseclassic.com



လို့မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

"သိတာပေါ့ဗျာ၊ သူက မမြတ်လေးကို အိပ်မက်ကျိန်စာ ပေးလိုက်တဲ့သူပေါ့၊သူ့ကြောင့် မမြတ်လေးတို့ အားလုံး အိပ်မက်ကျိန်စာသင့်ခဲ့တာဗျ၊ သူ့အကြောင်းကို မှတ်မိသမျှ ပြောပါဦး"

လို့မေးမြန်းလိုက်တယ်၊ ဒီအခါမှာ မမြတ်လေးက

"ဒီအဖြစ်အပျက်က ကျွန်မ အိပ်မက်ဆိုး မမက်မီ တစ်ပတ်လောက် အလိုကညတစ်ညမှာဖြစ်ခဲ့တာရှင့်၊ အဲဒီည က ဆိုင်ပိတ်ကာနီး ကျွန်မတစ်ယောက်တည်း စာရင်းထိုင်တွက် နေတုန်း ကျွန်မ ဆိုင်ထဲကို တစ်စုံတစ်ယောက် ဝင်လာလို့ မော့ ကြည့်လိုက်တော့ အမလေး..ကြောက်စရာကောင်းတဲ့ မိန်းမ ကြီး တစ်ယောက်ပါလား၊ သူတစ်ကိုယ်လုံးအမည်းရောင် ထက်အောက် ဆင်တူဝတ်ဆင်ထားပြီး လည်တိုင်နဲ့ လက်





ကောက်ဝတ်မှာ ပုတီးရောင်စုံတွေ ဆွဲထားတယ်၊ မိန်းမကြီး ဆံပင်တွေက ကောက်ကွေးပြီး ရှုပ်ထွေးပွေလီနေတယ်၊ ကြောက်စရာ အကောင်းဆုံးက သူ့မျက်လုံးတွေပဲ..သူဟာ ကျွန်မကို မျက်တောင်မခတ်ပဲ အချိန်အကြာကြီး စိုက်ကြည့်နေ တယ်၊ ကျွန်မလည်း ကြက်သေသေပြီး သူကို ပြန်ကြည့်နေ မိတယ်၊ နောက်တော့ ဒီလို ကြည့်နေရုံနဲ့ မပြီးဘူးဆိုပြီး ကျွန်မက "ဘာ အလိုရှိပါလဲရှင်.." လို့ ထိတ်ထိတ်လန့်လန့်နဲ့ မေးမြန်း လိုက်တယ်၊ ဒီအခါမှာ ကြောက်စရာ မိန်းမကြီးက တုန်ရီအက် ကွဲတဲ့ အသံကြီးနဲ့ ဗလုံးဗထွေး ရေရွတ်နေတယ်၊ ကျွန်မလဲ သဲသဲကွဲကွဲ မကြားရလို့ "ဘာအလိုရှိပါသလဲ" လို့ ထပ်မေး လိုက်တယ်။ မိန်းမကြီးက ကျွန်မ မေးတာကို ဂရုစိုက်ပာန်မရှိဘဲ ဗလုံးဗထွေးနဲ့ ရေရွတ်နေတယ်၊ ကျွန်မ ကြိုးစားပြီး နားထောင် ကြည့်တော့ ဒေါက်တာအောင်ကျော် ဆိုတဲ့ အသံကို မသဲမကွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြားရသလိုပဲ၊ ကျွန်မက နားမလည်လို့ အကြိမ်ကြိမ်ထပ်မေးနေတုန်း မိန်းမကြီးက ကျွန်မ အမေးကို မဖြေဘဲ ကျွန်မ မျက်လုံးတွေကိုသာ အကြာကြီး စိုက်ကြည့်နေတယ်၊ ဒီလို ကြည့်နေရင်း ကျွန်မ မျက်လုံးတွေ လေးလေးလာပြီး အိပ်ငိုက် သလိုဖြစ်သွားတယ်၊ အဲဒီအချိန်ဟာ ဘယ်လောက်ကြာသွား သလဲ မသိဘူး၊ ကျွန်မ အသိစိတ်ပြန်ဝင်လာတဲ့ အချိန်မှာ မိန်းမကြီးမရှိတော့ဘူး၊ ကျွန်မ ခဏလေးအိပ်ငိုက်သလို ဖြစ်သွားတယ်၊ ကျွန်မ တစ်သက်မှာ ဒီလို အဖြစ်မျိုး တစ်ကြိမ်မှ မဖြစ်ဖူးဘူး၊ကျွန်မ အနီး ပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်သေးတယ်၊ ဒါပေမဲ့ ရုပ်ဆိုးဆိုးမိန်းမကြီးကို ရှာမတွေ့ တော့ပါဘူး"

လို့ပြောတော့ ဆားပုလင်းမင်းအောင်က ခေါင်းညိတ် လိုက်ပြီး





"ကျုပ်ထင်ထားတဲ့ အတိုင်းပါပဲ၊ မမြတ်လေး သူနဲ့ တွေ့ ပြီး ဘာဆက်လုပ်သလဲ"

လို့မေးမြန်းတယ်၊မမြတ်လေးက

"ဒီမိန်းမကြီးကို မသင်္ကာလို့ ပုလိပ်အဖွဲ့နဲ့ ဒေါက်တာ အောင် ကျော်ကို သတိပေးမလို စဉ်းစားမိတယ်၊ဒါပေမဲ့ ကျွန်မ စကားကို သူတို့ ဘယ်ယုံမလဲ၊ ကျွန်မ စိတ်ကူးယဉ်ပြီး ပြောတယ် လို့ထင်မှာပဲ၊ နောက်ပြီးတော့ မိန်းမကြီးက ကျွန်မတို့ကို နစ်နာအောင် ဘာမှ မလုပ်ခဲ့ဘူး၊သူဟာ စိတ်နောက်နေတဲ့ လူ တစ်ယောက်လည်း ဖြစ်ချင် ဖြစ်မှာပဲ"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

"မမြတ်လေး မိန်းမကြီးကို နောက်တစ်ကြိမ် ထပ်မတွေ့ တော့ဘူးလား"

လို့မေးလိုက်တော့ မမြတ်လေးက



www.burmeseclassic.com

"မတွေ့တော့ပါဘူးရှင်၊ ဒီမိန်းမကြီးဟာ ကျွန်မတို့မြို့ကို ဘာကိစ္စနဲ့ရောက်လာတာလဲ မသိဘူး"

လို့မေးမြန်းလိုက်တော့ ဆားပုလင်းမင်းအောင်က

"သူ့နံမည်က ဒေါ်အိုစာလို့ခေါ်တယ်၊ သူဟာ အလွန်ကြောက်စရာကောင်းပြီး အိပ်မက်ကျိန်စာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တဲ့ လူတစ်ယောက်ပဲ၊သူဟာ ရန်ငြိုးရန်စအလွန်ကြီးပြီးရက်စက်ကြမ်းကြုတ်တယ်"

လို့ဆိုလိုက်တော့ မမြတ်လေးဟာ အံ့သြဟန်နဲ့ မျက်လုံးပြူးသွားပြီး

"အိပ်မက်ကျိန်စာ ဟုတ်လား၊အိပ်မက်နဲ့ ဘယ်လိုကျိန်စာ တိုက်တာလဲ"

လို့မေးမြန်းလိုက်တယ်။ဆားပုလင်းမင်းအောင်က

"ဒီအကြောင်းတွေကို ကျုပ်အေးအေးဆေးဆေး ရှင်းပြ





မှ ဖြစ်မယ်၊ လောလောဆယ် ကျုပ်တို့နဲ့ မမိုးဝါတို့ အိမ်ကို လိုက်ခဲ့ပေးဖို့ မေတ္တာ ရပ်ခံပါတယ်"

လို့ဆိုတော့ မမြတ်လေးက အိမ်ထဲကို ခဏဝင်ပြီး အဝတ်အစားလဲတယ်။ ပြီးတော့ ဒေါက်တာအောင်ကျော်တို့နဲ့ အတူ မြို့စွန် မှာ ရှိတဲ့ မမိုးဝါရဲ့ နေအိမ်ကို လိုက်ခဲ့တယ်။

www.burmeseclassic.com



မမိုးဝါရဲ့ နေအိမ်ကို ရောက်တော့ ဆားပုလင်းမင်းအောင်က မမြတ်လေးကို ထိုင်ခုံမှာ ခဏ ထိုင်နိုင်းပြီး

"ကျုပ်တို့ မမိုးဝါကို အခု အချိန်မှာတွေ့လို့ မဖြစ်သေးဘူး။ ခဏလောက် သည်းခံပြီးစောင့်ပေးပါ"

လို့ဆိုလိုက်တော့ မမြတ်လေးက ခေါင်းညိတ်ပြီး

"ကိုမင်းအောင် ကျွန်မကို မေးချင်တာ မေးနိုင်ပါတယ်၊





ကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးကြီးက ကျွန်မကတစ်ဆင့် လူတွေဆီကို ပြန့်နှံ့သွားတယ်ဆိုတော့ ကျွန်မမှာ တာဝန်ရှိပါတယ်"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

"ဒီကိစ္စနဲ့ပတ်သက်ပြီး မမြတ်လေးမှာ တာဝန်မရှိပါဘူး။ မမြတ်လေးကိုယ်တိုင် အိပ်မက်ကျိန်စာရဲ့စေတမာန်ဘဝကို ရောက်သွားတာပါ။ တကယ်တော့ မမြတ်လေးနေရာမှာ ရောက်ရင်ဘယ်သူ မဆို အိပ်မက်ကျိန်စာရဲ့စေတမာန် ဖြစ်သွားမှာပဲ"

လို့ဆိုလိုက်တော့ မမြတ်လေးကဆားပုလင်းမင်း အောင်ကို နားမလည်ဟန်နဲ့ကြည့်လိုက်တယ်။ ဆားပုလင်းမင်းအောင်က ထိုင်ရာက ထရပ်လိုက်ပြီး အိမ်ရဲ့ခန်းဆီးတွေကို ပိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခန်းတစ်ခုလုံးအမှောင်ဖုံးလွှမ်းသွားတော့ ဆားပုလင်း မင်းဖဲ့အောင်က

"အခန်းထဲမှာ အလင်းရောင် သိပ်များရင် အာရုံလွင့်ပြန့် စေလို့ပါ၊ ဒါထက် အိပ်မက်ဆိုးကြီးကို မမြတ်လေး ဘာလို့ မက်သလဲ ဆိုတာ သိသလား"

လို့မေးလိုက်တော့ မမြတ်လေးက ခေါင်းခါပြလိုက် တယ်၊ ဆားပုလင်းမင်းအောင်က

"ကျုပ် မမြတ်လေးကို မေးခွန်းနည်းနည်း မေးပါရစေ၊ မမြတ်လေး အေးအေးဆေးဆေး ဖြေလို့ရအောင် ခန္ဓာကိုယ်ကို ထိုင်ခုံကျော မှီမှာမှီပြီးထိုင်လိုက်ပါ"

လို့ပြောလိုက်တယ်။





မမြတ်လေး ထိုင်ခုံမှာ သက်သောင့် သက်သာ ထိုင်ပြီး တဲ့နောက်ဆားပုလင်းမင်းအောင်က အိပ်မက်ဆိုးနဲ့ ပတ်သက် တဲ့ မေးခွန်းတွေကို မေးမြန်းပါတယ်။ ဒီအချိန်က စပြီး ဆား ပုလင်းမင်းအောင်ရဲ့အသံက ရင်ခေါင်းထဲက ထွက်တဲ့ အသံလို လိုက်သံပါပြီး သံလိုက်ဓာတ်လို ဆွဲဆောင်အားကောင်း လာ တယ်၊ ဆားပုလင်းမင်းအောင်က မေးခွန်းတွေမေးရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာကိုရောက်တော့ ဆားပုလင်းမင်းအောင်က မမြတ်လေးကို ကြည့်ရင်း

“ မမြတ်လေးကို အရေးကြီးတဲ့ မေးခွန်းတစ်ခုမေးမယ် မမြတ်လေး သတိထားပြီး သေသေချာချာ ဖြေပေးပါ ”

လို့ လှိုက်သံပါတဲ့ အသံနဲ့ ဖြည်းဖြည်းနဲ့ လေးလေးမေးတယ်၊ ဆားပုလင်းမင်းအောင်က

“မမြတ်လေးကို သူစိမ်း မိန်းမကြီးက ဘာတွေပြောသွားသလဲ”

လို့မေးမြန်းလိုက်တော့ မမြတ်လေးက တုန်ယင်တဲ့ အသံနဲ့

“မိန်းမကြီးက ကျွန်မကို ဒေါက်တာအောင်ကျော် ဒီမြို့မှာ ရှိသလားလို့မေးပါတယ်၊ နောက်ပြီးတော့ ဒေါက်တာ အောင်ကျော်နေထိုင်တဲ့နေရာကိုမေးပြန်တယ်၊ ကျွန်မက သူ့မေးခွန်း





တွေကို ဖြေလိုက်တယ်၊ ကျွန်မ အဖြေတွေကို နားထောင်ပြီး မိန်းမကြီးရဲ့ မျက်နှာဟာတင်းမာသွားတယ်၊ တက် တစ်ချက်လဲ ပြင်းပြင်းထန်ထန်ခေါက်လိုက်တယ်၊ ကျွန်မလည်း သူ့ကို ကြောက်ကြောက်နဲ့ကြည့်နေတုန်း မိန်းမကြီးက ကျွန်မရင်ထဲကို ထိုးဖောက်လု မတတ်နဲ့ ကြည့်ပြီး အက်ကွဲတဲ့ အသံကြီးနဲ့

“ နင်အိပ်စက်တဲ့ အခါ ငါပေးတဲ့ အိပ်မက်ကို နင်မက်ရမယ်၊ ငါမက်စေချင်တဲ့နေ့မှာ မြင်မက်ရမယ်၊ ငါပေးတဲ့ အိပ်မက်ကို နင်မက်ရမယ်.... ငါပေးတဲ့အိပ်မက်ကို နင်မက်ရမယ်... ငါပေးတဲ့ အိပ်မက်ကို နင်မက်ရမယ်..”

လို့ ပြောသွားခဲ့တယ်၊

မမြတ်လေးရဲ့အဖြေတွေကို နားထောင်ပြီး ဒေါက်တာအောင်ကျော်ဟာ စိတ်ထဲမှာ မသက်မသာ ခံစားလိုက်ရတယ်၊ ပထမအကြိမ် မေးမြန်းစဉ်က မမြတ်လေးဟာ ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖွင့်မပြောပဲ ထိန်ချန်ထားခဲ့တယ်၊ ယခု ဒုတိယ အကြိမ် မေးတော့မှ မိန်းမကြီးကမိမိကိုမကောင်းကြံတာတွေ ထည့် ပြောတယ်၊ မမြတ် လေးဘာကြောင့် ဒီလို ထိန်ချန်ရတာလဲလို့ တွေးမိတယ်။ ဒီအချိန်မှာပဲ ဆားပုလင်းမင်းအောင်က

" ရပါပြီ၊ မမြတ်လေး အခုလို ဖြေပေးတာ ကျေးဇူးတင်ပါ တယ်"

လို့ပြောပြီး အိမ်ပြတင်းပေါက် ခန်းဆီးတွေကို ပြန်ဖွင့် တယ်။ ဒီအချိန်မှာပဲ မမြတ်လေးဟာ မိန်းမောနေရာက လှုးလွန့် လာပြီး

"ကျွန်မ ကိုမင်းအောင်နဲ့ စကားပြောရင်း အိပ်ပျော်သွား တယ် ထင်တယ်၊ ခွင့်လွှတ်ပါနော်"

လို့တောင်းပန်တယ်။ ဆားပုလင်းမင်းအောင်က လက် ကာ ပြပြီး





"မမြတ်လေး အိပ်မပျော်ပါဘူး၊ ကျုပ် သိချင်တာ တော် တော် များများကိုမမြတ်လေး ပြောပြခဲ့ပါတယ်"

လို့ဆိုလိုက်တော့ မမြတ်လေးက အံ့သြဟန်နဲ့

"ကျွန်မဘာတွေများ ပြောလိုက်သလဲ...... ၊ အံ့သြစရာ ကောင်း လိုက်တာ"

လို့ဆိုလိုက်တယ်၊ဆားပုလင်းမင်းအောင်က

"သူစိမ်းမိန်းမကြီးနဲ့တွေ့တဲ့ အကြောင်းတွေကို မမြတ် လေး ကျုပ်ကို အပြည့်အစုံ ပြန်ပြောပြ လိုက်ပြီ"

လို့ဆိုလိုက်တော့ မမြတ်လေးက အံ့သြဟန်နဲ့

"မိန်းမကြီးနဲ့ တွေ့တုန်းက ကျွန်မ အိပ်ငိုက်သလို ဖြစ် သွားတယ်၊ အဲဒီတုန်းက ကျွန်မ စိတ်ညှို့ခံလိုက်ရတာလား"

လို့မေးလိုက်တော့ ဆားပုလင်းမင်းအောင်က ခေါင်း ညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့ဗျာ၊ ယခု လဲ မမြတ်လေးကို ကျုပ် စိတ်ညှို့ပြီး ကျုပ်သိချင်တာတွေကို မေးလိုက်တာဗျ၊ ကြိုတင်ခွင့်မတောင်းဘဲ စိတ်ညှို့မိတာ ခွင့်လွှတ်ပါဗျာ၊ ခွင့်တောင်းလိုက်ရင် မမြတ်လေး စိတ်ထဲက တင်းခံနေမှာ စိုးလို့ပါ"

လို့တောင်းပန်လိုက်တယ်၊ မမြတ်လေးက သက်ပြင်းချပြီး

"ရပါတယ်ရှင်၊ ကျွန်မ အိပ်ငိုက်သလို ဖြစ်သွားတာပဲ အမှတ်ရ လိုက်တယ်၊ ကျွန်မ စိတ်ညှို့ခံထားရတုန်းက ဘာတွေပြောခဲ့သလဲ ရှင်"

လို့မေးမြန်းလိုက်တော့ ဆားပုလင်းမင်းအောင်က

"မမြတ်လေးကို စိတ်ညှို့ပြီး မေးလိုက်တော့ ပထမအကြိမ်တုန်းက မမြတ်လေး ကျုပ်ကို ဖြေခဲ့တဲ့ အဖြေတွေထက် ပိုပြည့်စုံတဲ့ အဖြေတွေကို ဖြေခဲ့တယ်"





လို့ဆိုတော့ မမြတ်လေးဟာ အံ့ဩပြီးပါးစပ် အဟောင်းသား ဖြစ်သွားတယ်။

ဒေါက်တာ အောင်ကျော်လဲ ပထမ အကြိမ်မေးတုန်းက ဆားပုလင်းမင်းအောင်ရဲ့ မေးခွန်းတွေကို မမြတ်လေး ဘာကြောင့် မဖြေနိုင်သလဲဆိုတာ ရိပ်စားမိသွားတယ်။

ဆားပုလင်း မင်းအောင်က ဆက်လက်ပြီး

"ပထမအကြိမ် မမြတ်လေးကို ကျုပ်မေးတုန်းက မမြတ်လေးဖြေခဲ့တာက သိစိတ်နဲ့ဖြေတဲ့အဖြေတွေပါ၊ ကျုပ်က မမြတ်လေး ကို စိတ်ညှို့ခံရတယ်ဆိုတာသံသယရှိလို့ စိတ်ညှို့ပြီး ပြန်မေးကြည့်တော့ မမြတ်လေးကို အိပ်မက်ကျိန်စာ အတွက် ကြားခံအနေနဲ့ အသုံးချခဲ့တယ် ဆိုတာ တိတိကျကျ သိခဲ့ရတယ်"

လို့ ဆိုလိုက်တော့ မမြတ်လေးက သူ့မှ ဘယ်လို ဖြေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလဲ ဆိုတာ ပြန်မေးတယ်။ ဆားပုလင်း မင်းအောင်က မမြတ်လေးရဲ့ အဖြေတွေကိုပြန်ပြောပြတော့ သူမဟာ မယုံနိုင်လောက်အောင် အံ့အားသင့်ပြီး ထိတ်လန့်တုန်လှုပ်သွားတယ်။ ပြီးတော့

"အမလေး... ကျွန်မကို မိန်းမကြီးက စိတ်ညို့ပြီး ကြားခဲ့လူ့ အနေနဲ့အသုံးချလိုက်တာပေါ့၊ ကြောက်ဖို့ ကောင်းလိုက်တာရှင်၊ ဒါနဲ့နေပါဦး ဒီမိန်းမကြီးက ဒေါက်တာအောင်ကျော်ကို ဘာလို့ ရန်ငြိုးထားနေတာလဲ"

လို့ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်ဟာ မျက်စိမျက်နှာပျက်သွားတယ်။ ဆားပုလင်းမင်းအောင်က ဝင်ပြီးတော့

"ဒေါက်တာအောင်ကျော် ပြည်နယ်တစ်ခုမှာ တာဝန်ကျတုန်းက ဆေးကုသမှုမှာ အမှားအယွင်း တစ်ခု ဖြစ်ခဲ့လို့ ရန်ငြိုးရန်စ ထားခံရတာပါ"





လို့ဝင်ပြီး ဖြေလိုက်တော့မှ ဒေါက်တာ အောင်ကျော်ဟာ စိတ်သက်သာရာရသွားရှာတယ်။ ဆားပုလင်း မင်းအောင်ကိုလဲ ကျေးဇူးတင်ဟန်နဲ့ကြည့်လိုက်တယ်။

မမြတ်လေးက မျက်မှောင်ကြုတ်ပြီး

"ဒါနဲ့ ကျွန်မ မရှင်းတာ တစ်ခုရှိတယ်၊ မိန်းမကြီးက ကျွန်မကို အသုံးချပြီး ဒေါက်တာကို အိပ်မက်ကျိန်စာ တိုက်ချင်တယ် ဆိုရင် ကျွန်မက ဘာဖြစ်လို့ ဒေါက်တာကို အိပ်မက်အကြောင်း တိုက်ရိုက် မပြောတာလဲ"

လို့မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က မမြတ်လေးကို ကြည့်ရင်း

"အိပ်မက်ကျိန်စာ တိုက်ခံရတဲ့ အချိန်မှာ မမြတ်လေးရဲ့ မသိစိတ်မှာ ဒေါက်တာအောင်ကျော်အတွက် ကာကွယ်ပေးချင်နေလို့ ဖြစ်လိမ့်မယ်၊ ဒါကြောင့် ဒေါက်တာကို တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ မမြတ်လေး အမြင်ကတ်တဲ့ သူတစ်ယောက်ကို ပြောမိလိုက်တယ် ထင် တယ်"

လို့ဆိုလိုက်တော့ မမြတ်လေးက ခေါင်းခါလိုက်ပြီး

"ကုန်စုံဆိုင် ဖွင့်ထားတဲ့ မကျောင်က ကျွန်မနဲ့ ခင်မင်တဲ့ သူပါ၊ သူ့ကို ကျွန်မ အမြင်မကတ်ပါဘူး"

လို့ဆိုလိုက်တယ်။ ဆားပုလင်း မင်းအောင်က

"မမြတ်လေးရဲ့ မသိစိတ်မှာဖြစ်တဲ့ကိစ္စကို ကျုပ် အငြင်း မပွားလိုပါဘူး၊လောလောဆယ် မကျောင်တို့လင်မယားရဲ့အကူ အညီလဲကျုပ်လိုချင်တယ်၊ ကျုပ်ကို မကျောင်တို့ လင်မယားနဲ့ တွေ့ ပေးနိုင်မလား"

လို့ မေးမြန်းလိုက်တယ်၊ မမြတ်လေးက ခေါင်းညိတ်ပြီး

"မကျောင်တို့ လင်မယားက ကျွန်မ အိမ်နဲ့ နီးနီးလေး နေထိုင်ကြ တာရှင့်၊ စောစောက ပြောခဲ့ရင် သူတို့လင်မယားကို





တစ်ပြိုင်တည်း ခေါ်ခဲ့ပါတယ်၊ သူတို့လင်မယားကို ကျွန်မ သွား ခေါ်လိုက်မယ်ရှင်၊ မကျောင်ယောကျ်ား ကိုဖိုးတုတ်က ရိုးသားဖြူ စင်ပြီး သူတစ်ပါးကို ကူညီတတ်ပါတယ်၊ မကျောင်ကတော့ နည်း နည်းပြောရ ဆိုရခက်တယ်၊ ဒါပေမဲ့ ကျွန်မ ကြိုးစားပြီး အကူ အညီတောင်းပေးပါမယ်"

လို့ပြောပြီး မမြတ်လေးဟာ မြင်းလှည်းတစ်စီးနဲ့ ကိုဖိုးတုတ် တို့ကုန်စုံဆိုင်ကို ထွက်ခွာသွားတယ်။

~~~



www.burmeseclassic.com
~~~

www.burmeseclassic.com



မမြတ်လေးထွက်ခွာသွားတော့ ဆားပုလင်းမင်းအောင်က

"ကျုပ်တို့ကိုယ်တိုင်လိုက်ပြီး ခေါ်တာနဲ့ စာရင် မမြတ်လေး တစ်ယောက်တည်း သွားတာ ပိုသင့်တော်မယ် ထင်လို့ဗျ"

လို့ ပြောပြီး အလွန် စိတ်ထိခိုက်နေဟန်ရှိတဲ့ ဒေါက်တာအောင်ကျော်ကို ကြည့်ရင်း

"ဘယ်လိုလဲ ဒေါက်တာ၊ မမြတ်လေးကို အိပ်မက်





ကျိန်စာ တိုက်သွားတဲ့ မိန်းမကြီး ဘယ်သူလဲ ဆိုတာ ခန့်မှန်းလို့ ရပြီလား"

လို့ ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်က စိတ်ပျက်လက်ပျက်နဲ့

"ကျုပ်ကို ဆေးရုံမှာ အရှက်ခွဲပြီး ဘူတာမှာ ရက်ရက်စက်စက် ကျိန်စာတိုက်ခဲ့တဲ့ ဒေါ်အိုစာဆိုတဲ့ မိန်းမကြီးပဲ ဖြစ်မှာပါဗျာ၊ သူ့ မြေးမလေးအတွက် လက်စားချေဖို့ ရွဲကြီးကြီးနဲ့ လိုက်လာခဲ့ပုံ ရတယ်"

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က ဒေါက်တာအောင်ကျော်ကို ကရုဏာသက်ဟန်နဲ့ ကြည့်ပြီး

"စိတ်မပူပါနဲ့ ဒေါက်တာ၊ ကျုပ်တို့ သူ့ခြေလှမ်းတွေ ကြိုသိနေပြီဆိုတော့ ဒေါက်တာကို ဒေါ်အိုစာ လက်က ကာကွယ်လို့ရနိုင်ပါတယ်၊ ဒေါက်တာအတွက် ဒီအချိန်မှာ အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာက အိပ်မပျော်သွားဖို့ပဲ၊ ဒေါက်တာ အိပ်ပျော်သွားရင် အိပ်မက်ကျိန်စာကမမျှော်လင့်ပဲ ဝင်ပြီး ဒေါက်တာကို ဒုက္ခပေး လိမ့်မယ်"

လို့ အရေးကြီးဟန်နဲ့ သတိပေးလိုက်တယ်။ မမြတ်လေးဟာ မကျင်တို့လင်မယားကို ကုန်စုံဆိုင်မှာ အသင့်တွေ့ရတယ်၊ မမြတ်လေးဟာ သူတို့လင်မယားကို အိပ်မက်ကျိန်စာနဲ့ ပတ်သက်ပြီး အတိုချုပ်ပြောပြလိုက်တယ်၊ မကျင်က အိပ်မက်ကျိန်စာနဲ့ပတ်သက် ပြီး ဆားပုလင်းမင်းအောင်နဲ့ တွေ့ရမယ် ဆိုတော့ ခါးခါးသီးသီး ဖြစ်သွားတယ်၊ မကျင်က ခေါင်းခါယမ်းပြီး

"ဒေါက်တာ အိပ်မက်ဆိုးတွေ မက်တာနဲ့ စီအိုင်ဒီက စုံထောက်နဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မ စုံထောက်နဲ့ ရှုပ်ရှုပ်ရက်ရက် မလုပ်ချင်ဘူး"

လို့ပြောတယ်၊ မမြတ်လေးက သက်ပြင်းချပြီး





"ဆားပုလင်းမင်းအောင်ဟာ စုံထောက်တစ်ယောက် ဆိုပေမဲ့ ကျွန်မတို့ရဲ့ အိပ်မက်ကျိန်စာကို ကောင်းကောင်း အဖြေရှာနိုင်တယ်၊ ကျွန်မကို အိပ်မက်ကျိန်စာနဲ့ ပတ်သက်ပြီး စိတ်ညှို့ပြီး တောင် မေးမြန်းခဲ့သေးတယ်"

လို့ ဆိုလိုက်တော့ မကျင်က အလန့်တကြား အမူအရာနဲ့

"ဘာ..အဲဒီ..စုံထောက်ကရှင့်ကိုအိပ်မွေ့ချတယ်၊ ဟုတ်လား.. ဒါဆိုရင်တော့ ကျွန်မ မလိုက်တော့ဘူး၊ အိပ်မွေ့ချခံရမှာ ကြောက် တယ်၊ အမလေး..ရှင်မို့ မကြောက်မရွံ့ စုံထောက်က အိပ်မွေ့ချတာခံတယ်၊ မတော်လို့ သူအိပ်မွေ့ချတာ မအောင် မြင်ပဲ ကိုယ့်အသက်ပါ သွားရင်ဘယ်လိုလုပ်မလဲ.."

လို့ပြောတယ်။ မမြတ်လေးက

"ကျွန်မကို အိပ်မက်ကျိန်စာပေးသွားတဲ့ မိန်းမကြီးက အိပ်မွေ့ချပြီး ပေးသွားတာရှင့်၊ ဒါကြောင့် ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းအောင်က ကျွန်မကို အိပ်မွေ့ချပြီး သဲလွန်စ ရှာရတာပါ"

လို့ဆိုလိုက်တော့ မကျင်က ခေါင်းခါယမ်းပြီး

"အမလေး…ကျွန်မတို့ကတော့ စုံထောက်တစ်ယောက်နဲ့မပတ်သက်ချင်ပါဘူး၊ ကျွန်မတို့ သူနဲ့ လိုက်မတွေ့လို့မရဘူးလား"

လို့မေးမြန်းတယ်၊ မမြတ်လေးက

"ဘာပဲ ဖြစ်ဖြစ် ဒေါက်တာမျက်နှာကို ကြည့်ရဦးမယ်၊ ရှင်တို့လင်မယားကိုကြည့်ရင်းနဲ့ ဒေါက်တာကို အိပ်မက်ကျိန်စာ ကူးစက်သွားတာ မဟုတ်လား"

လို့ဆိုလိုက်တော့ ကိုဖိုးတုတ်ကဝင်ပြီး

"ဟုတ်ပါတယ်ကွာ၊ဒေါက်တာကို ငါတို့ပြန်ပြီး ကူညီပေးရမဲ့ ဝတ္တရား ရှိတယ်ကွ၊ ငါတို့ လိုက်သွားမှ ဖြစ်မယ်"

လို့ပြောလိုက်တော့ မကျင် မငြင်းသာတော့ဘူး၊ ဒီလိုနဲ့





မမြတ်လေးခေါ်ရာ နောက်ကို ကိုဖိုးတုတ်တို့ လင်မယား လိုက်ပါလာ ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မမိုးဝါ နေထိုင်ရာ အိမ်ကို ရောက်တော့ ဒေါက်တာအောင်ကျော်က ကိုဖိုးတုတ်တို့ လင်မယားကို ဆီးကြိုပြီး

"ကိုဖိုးတုတ်တို့ အခုလို လိုက်ပြီး အကူအညီ ပေးတာ ကျေးဇူး တင်တယ်ဗျာ၊ ကိုဖိုးတုတ်တို့ရဲ့စေတနာ မေတ္တာကြောင့် မမိုးဝါရဲ့ကျန်းမာရေးကောင်းမွန်လာမယ်လို့ယုံကြည်တယ်ဗျာ"

လို့ပြောလိုက်တော့ မကျင်က နားမလည်ဟန်နဲ့





"ကျွန်မတို့ အိပ်မက်ဆိုးကြီးထဲကို မမိုးဝါက ဘယ်လို ပါလာ ရတာလဲ"

လို့မေးမြန်းလိုက်တယ်။ ဒေါက်တာအောင်ကျော်က သက်ပြင်းချလိုက်ပြီး

"အိပ်မက်ဆိုးကြီးထဲကို မမိုးဝါ ပါလာတာက ကျုပ်ရဲ့ မိုက်မဲမှုကြောင့်ပါ၊ အိပ်မက်ဆိုးကြီးကို မမိုးဝါ သိအောင် ကျုပ် ပြောလိုက်မိတာပါ"

လို့ပြောတယ်။ ကိုဖိုးတုတ်က ဒေါက်တာအောင်ကျော်ကို ကြည့်ပြီး

"ကျုပ်တို့ လင်မယားကို ဆေးကုပေးရင်း အခုလို အိပ်မက် ကျိန်စာကူးစက်တာ စိတ်မကောင်းပါဘူးဗျာ၊ မမိုးဝါ အတွက်လဲစိတ်မကောင်းပါဘူးဗျာ၊ ကဲ.... ကျုပ်တို့ လင်မယား ဘာတွေ ကူညီပေးရမလဲ ပြောပါ၊ အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တယ်။ ဒီအခါမှာ ဆားပုလင်း မင်းအောင်က

" အိပ်မက်ကျိန်စာရဲ့ သက်ရောက်မှုကို အားလုံးကို ဒီမှာရှိတဲ့ သူတွေအားလုံး ကိုယ့်နည်းနဲ့ကိုယ်ခံပြီးပါပြီ၊ကျုပ်ဟာ စီအိုင်ဒီက စုံထောက်တစ်ယောက်ဖြစ်ပေမဲ့ အိန္ဒိယမှာ အတန်ကြာအောင် နေခဲ့ဖူးလို့ အိပ်မက်ကျိန်စာနဲ့ ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပါတယ် ၊ကျုပ်တို့ အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းပြီး ကြိုးစားရင် အောင်မြင်နိုင်ပါတယ်၊ မမြတ်လေးကို ကျုပ်အိပ်မွေ့ချပြီး အိပ်မက်ကျိန်စာရဲ့နောက် ကြောင်းတွေကို မေးကြည့်တော့ ဒေါ်အိုစာဆိုတဲ့ ပညာသည် မိန်းမတစ်ယောက်က ဒေါက်တာအောင်ကျော်ကို ရန်ငြိုးဖွဲ့ပြီး မမြတ်လေးက တစ်ဆင့် အိပ်မက်ကျိန်စာပေးလိုက်တာပဲ"

လို့ပြောလိုက်တော့ သူတို့အားလုံး ဆားပုလင်း မင်းအောင်





စကားကိုစိတ်ဝင်စားစွာနားထောင်မိတယ်၊ ဆားပုလင်းမင်း အောင် က ဆက်လက်ပြီး

"မမိုးဝါဟာ ဒေါက်တာ အိပ်မက်ကို မျှဝေမက်ရင်း အခုလို သေလုမျောပါး ခံလိုက်ရတာပဲ၊ ကျုပ်ခန့်မှန်းတဲ့ အတိုင်း မှန်ကန်မယ် ဆိုရင်တော့ ဒီနေ့ညမှာ ခင်ဗျားတို့ မြင်မက်တဲ့ အိပ်မက်ရဲ့ပိုဆိုးဝါးတဲ့ အိပ်မက်ကို မမိုးဝါ မြင်မက်လိမ့်မယ်၊ ဒီအိပ်မက်ဟာ မမိုးဝါအတွက် အင်မတန် အန္တရာယ်ကြီးမား တယ်၊ ကျုပ်တို့ အားလုံး စည်းစည်း လုံးလုံးနဲ့ ဝိုင်းမကူရင် မမိုးဝါ အသက်ပေးလိုက်ရလိမ့်မယ်"

လို့ဆိုလိုက်တော့ သူတို့အားလုံး ထိတ်လန့်တုန်လှုပ် သွားတယ်၊ ဆားပုလင်းမင်းအောင်က သူတို့အားလုံးကို မျှတ်လုံးဝေ့ကြည့်ရင်း

"ကျုပ် မမြတ်နိုးကို အိပ်မွေ့ချပြီး သဲလွန်စ ရှာကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒေါ်အိုစာဆိုတဲ့ အောက်လမ်းပညာရှင် မိန်းမကြီးက ဒေါက်တာအောင်ကျော်ကို အိပ်မက်ကျိန်စာတိုက်ခဲ့တယ်၊ ဒေါက်တာအောင်ကျော်ဟာ စုန်းမကြီးရဲ့ အိပ်မက်ကျိန်စာကြောင့် ကံကောင်းထောက်မပြီး အသက်မဆုံးခဲ့တာပဲ၊ ဒေါက်တာရဲ့အိပ်မက်ကျိန်စာကို ခင်ဗျားတို့ အားလုံးက ဝေမျှခံလိုက်လို့ ဒေါက်တာကံကောင်းသွားတာပဲ၊ တကယ်တော့ ခင်ဗျားတို့ဟာ ဒေါက်တာကို ကူညီပေးလိုက်တာပဲ၊ ဒါကြောင့် ကူညီလက်စနဲ့ ဆက်ပြီး ကူညီကြပါဦး"

လို့ပြောတယ်။ ဒီအခါမှာမမြတ်လေးက

"ကျွန်မ ကိုမင်းအောင်ရဲ့ပညာနဲ့ အစွမ်းအစကိုယုံတယ်၊ ဒါကြောင့် ကျွန်မ ကိုယ်စွမ်းရှိသလောက် ကူညီပေးပါမယ်"

လို့ပြောတယ်။ကိုဖိုးတုတ်ကလဲ မမြတ်လေးနည်းတူ

"ကျုပ်တို့လဲ ဒေါက်တာကို ကူညီပေးပါမယ်"





လို့ပြောတယ်၊ ကိုဖိုးတုတ် မိန်းမ မကျင်ကတော့ စကားတစ်ခွန်းမှ မပြောပဲ ငြိမ်သက်နေတယ်၊ သူဟာ အိပ်မွေ့ချတယ်ဆိုတဲ့ အသုံးအနှုန်းကို ထိတ်လန့်နေပုံရတယ်၊နောက်ပြီး စုံထောက်တစ်ယောက်နဲ့ အောက်လမ်း ပညာကို တွဲဖက်ပြီး ယုံကြည်ပုံမရဘူး။

ဆားပုလင်းမင်းအောင်က ကိုဖိုးတုတ်ကို လက်ယပ်ခေါ်ပြီး

"ကိုဖိုးတုတ် ဒီအနားကိုခဏ ကြွပါ"

လို့ဆိုလိုက်ပြီး ပက်လက်ကုလားထိုင်မှာထိုင်နိုင်းလိုက်တယ်၊ ပြီးတော့ ဆားပုလင်းမင်းအောင်ဟာ ရင်ခေါင်းထဲက ထွက်လာတဲ့ အသံနဲ့ တစ်လုံးချင်း ပြောပြီး ကိုဖိုးတုတ်ကို စတင်စိတ်ညှို့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးတုတ် စိတ်ညှို့ခံရပြီးတော့ ဆားပုလင်း မင်းအောင်က အိပ်မက်ဆိုးကြီးနဲ့ ပတ်သက်ပြီး စတင်မေးမြန်းတယ်၊ ကိုဖိုးတုတ်ဟာ လေသံတိုးတိုးလေးနဲ့ မေးခွန်းတွေကို စပြီးဖြေတယ်၊ နောက်တော့ သူရဲ့အသံတွေ တည်ငြိမ်လာပြီး ကိုမင်းအောင်ရဲ့မေးခွန်းတွေကို ပီပီပြင်ပြင် ဖြေနိုင်လာတယ်၊





ဆားပုလင်း မင်းအောင်က ကိုဖိုးတုတ်ကို လိုက်သံပါတဲ့ အသံနဲ့

"ဇရပ်ပျက်ကြီးပေါ်ကို ကိုဖိုးတုတ်ရဲ့ခန္ဓာကြီးလွင့်ပျံသွားပြီး ဇရပ်ပေါ်မှာ ဘာတွေ့သလဲ"

လို့မေးမြန်းလိုက်တယ်၊ကိုဖိုးတုတ်က

"ဇရပ်ပျက်ကြီးပေါ်မှာ အမှောင်လွှမ်းနေတယ်၊ အမှောင်ထဲမှာ ကျောပေးထိုင်နေတဲ့ မိန်းမတစ်ယောက်ရဲ့ နောက်ကျောကိုမြင်ရတယ်၊ သူ့ဆံပင်တွေ ကျောပေါ်မှာ ဖါးလျားချထားတယ်၊ ကျုပ်သူ့အနားရောက်တော့သိပ် ကြောက်တာပဲ.... တစ်သက်မှာ ဒီလောက်ကြောက်တာ တစ်ခါမှ မတွေ့ဖူးဘူး"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က

"အဲဒီမိန်းမရဲ့မျက်နှာကို ကိုဖိုးတုတ် မမြင်ခဲ့ဘူးလား"

လို့မေးမြန်းလိုက်တော့ ကိုဖိုးတုတ်က

"ကျုပ်မကြည့်ရဲဘူး၊ သူ့ မျက်နှာကို မြင်လိုက်ရင် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



သေသွားမှာပဲ..ဟုတ်တယ်....အရှင်လတ်လတ်သေမှာ သေချာတယ်၊ ကျုပ် ကြောက်လွန်းလို့ ကိုယ်ခန္ဓာကို တွန့်လိမ်ပြီးအသေအလဲ ရုန်းကန်လိုက်တော့ လေထဲမှာ လွင့်ပျံပြီး ကျုပ်အိပ်မက်က လန့်နိုးလာတယ်"

လို့ပြောတယ်။ ဆားပုလင်းမင်းအောင်က

"ဒါပဲလားဗျာ၊ ခင်ဗျား သေသေချာချာ စဉ်းစားပါဦး... ခင်ဗျား တစ်ခုခုမြင်နိုင်ပါသေးတယ်"

လို့ပြောတယ်၊ ဒီအခါမှာ ကိုဖိုးတုတ်ဟာ အတန်ကြာအောင်ငြိမ်သက်သွားတယ်၊ ပြီးတော့ ကိုဖိုးတုတ်ဆီက မချော်လင့်ဘဲ ရှိုက်သံတီးတိုးထွက်လာတယ်၊ ကိုဖိုးတုတ် ယောကျ်ားတန်မဲ့ ငိုယို နေတာကို အားလုံးတအံ့တသြကြည့်နေတုန်းမှာပဲ ကိုဖိုးတုတ်ဆီက အစ်တစ်တစ် အသံတစ်မျိုး ထွက်ပေါ်လာတယ်၊





"ရှင်....ရှင်...... လူယုတ်မာကြီး ...ကျွန်မရဲ့စေတနာကို စော်ကားတယ်....ကျွန်မကိုလဲ အနိုင်ကျင့်တယ်၊ ကျွန်မကို ဖျက်ဆီးတယ်... ဒုက္ခရောက်နေသူကို အနိုင်ယူတယ်... ရှင်မကောင်းဘူး၊ ရှင့်ကို နားခိုစရာပေးတဲ့သူကို ရှင်ရက်စက်တယ်...အဲ့ဒွားက ရှင့်ကို ကျိန်စာတိုက် လိမ့်မယ်...ရှင်သေလိမ့်မယ်...."

ကိုဖိုးတုတ်ဆီက ထွက်လာတဲ့အသံဟာ မိန်းမတစ်ယောက်ရဲ့အသံလိုဖြစ်သွားတော့ အားလုံးတအံ့တသြဖြစ်သွားတယ်။ ဒေါက်တာအောင်ကျော်က တုန်လှုပ်ချောက်ချားတဲ့ အမူအရာနဲ့ ဆားပုလင်းမင်းအောင်ကို ကြည့်လိုက်တယ်၊ ဆားပုလင်းမင်းအောင်က ဒေါက်တာ အောင်ကျော်ကို တည်တည်ငြိမ်ငြိမ် နေဖို့ လက်ဟန်ခြေဟန်နဲ့ အချက်ပြလိုက်တယ်၊ ခဏကြာတော့ ကိုဖိုးတုတ်ဟာ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေရာက လံန်နိုးလာတယ်။ ကိုဖိုးတုတ်ဟာ အိပ်ရာ လန့်နိုးကာစမှာ ပတ်ဝန်းကျင်ကို ဟိုဟို ဒီဒီ ကြည့်ပြီးတော့

"ကျုပ် ဘာတွေ ပြောခဲ့သလဲဗျာ..."

လို့စိုးရိမ်ဟန်နဲ့မေးမြန်းတယ်၊

ဆားပုလင်းမင်းအောင်က လက်ကာပြပြီး သူစကားတွေ စိုးရိမ်စရာမရှိကြောင်းပြောလိုက်တယ်။ ဆားပုလင်းမင်းအောင်က ဒေါက်တာအောင်ကျော် ကို လေသံတိုးတိုးနဲ့

"ဘယ်လိုလဲ ဒေါက်တာ၊ မိန်းကလေးက ဘယ်သူလဲ"

လို့ဆိုလိုက်တော့ ဒေါက်တာ အောင်ကျော်က မျက်စိပျက် မျက်နှာပျက်နဲ့

" ကျုပ်နဲ့တွေ့ခဲ့တဲ့ မိန်းကလေးရဲ့ အသံဗျ၊ စုန်းမဒေါ်အိုစာရဲ့မြေးမလေးပေါ့ဗျာ၊ မိန်းကလေးရဲ့ဝိညာဉ် ကိုဖိုးတုတ်ဆီမှာ ဝင်ပူးပြီး ပြောနေတာဗျ "





လို့တုန်လှုပ်ချောက်ချားတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်ဟာ ကိုဖိုးတုတ်ကို စိတ်ညို့ရှင်း ထူးခြားမှုတစ်ခုကို သတိပြုမိခဲ့တယ်။ ဒါကြောင့် ကိုဖိုးတုတ် အနီးကိုလျှောက်လှမ်းသွားပြီး

"တော်တော် ပင်ပန်းသွားပြီနဲ့ တူတယ်၊ ကိုဖိုးတုတ်ကို ကျုပ် တစ်ခု မေးပါရစေ"

လို့ဆိုလိုက်တော့ကိုဖိုးတုတ်က အံ့သြဟန်နဲ့ ဆားပုလင်း





မင်းအောင်ကို ကြည့်ပြီး

"မေးပါဗျာ....ဘာမေးချင်လို့လဲ"

လို့ဆိုလိုက်တယ်၊ ဆားပုလင်းမင်းအောင်က

"ကိုဖိုးတုတ်မှာ ဝိညာဉ်နဲ့ ပတ်သက်တဲ့ အတွေ့အကြုံများ ရှိသလားဗျာ၊ ခင်ဗျားဆီမှာ ထူးထူးခြားခြား နတ်ဝင်သည် တစ်ယောက်ရဲ့ အရည်အချင်းမျိုးတွေရှိနေတယ်။ ဝိညာဉ်တွေကို ဆက်သွယ်နိုင်တဲ့ ပညာမျိုးပေါ့ဗျာ"

လို့မေးလိုက်တယ်။ ကိုဖိုးတုတ်က ဆားပုလင်းမင်းအောင်ရဲ့ အမေးကြောင့် မယုံနိုင်ဟန်နဲ့

"ကျုပ်မှာ ဝိညာဉ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံ လုံးဝ မရှိပါဘူးဗျာ၊ တစ်ခါမှလည်း ဝိညာဉ် ဆိုတာ မကြားဖူးခဲ့ပါဘူး"

လို့ အံ့သြဟန်နဲ့ ပြောပါတယ်။

ဆားပုလင်းမင်းအောင်ဟာ တိုင်ကပ်နာရီကြီးကို မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးတော့ အခန်းထဲက လူတွေအားလုံးကို မျက်လုံးဝေ့ကြည့်လိုက် တယ်၊ ပြီးတော့ လေးနက်တဲ့ အမူအရာနဲ့

"မကြာမီ အိပ်မက်ကျိန်စာ ကျရောက်တော့မယ့် အချိန်နီးကပ်နေပါပြီ၊ အိပ်မက်ကျိန်စာဟာ ဒေါက်တာအောင်ကျော်ဆီကို မကျရောက်မီ ကျုပ်တို့ဟာ မမိုးဝါကို အိပ်ပျော်နေရာက ပြန်လည် နိုးထလာအောင် လုပ်ရပါမယ်၊ ခင်ဗျားတို့ အားလုံး ညစာ မစားရသေးဘူးလို့ ထင်တယ်၊ ဒါကြောင့် ညစာကို မြို့ထဲက တရုတ်ဆိုင်က သက်သတ်လွတ် ဆန်ပြုတ်ကျွေးပါမယ်၊ တစ်ညတစ်လေတော့ ညစာကို ဆန်ပြုတ်နဲ့ သည်းခံ စားပေးဖို့ မေတ္တာရပ်ခံပါတယ်၊ ခင်ဗျားတို့ကို ဆန်ပြုတ်တိုက်တာ အကြောင်းရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ မကြာမီ အချိန်အတွင်းမှာ ခင်ဗျားတို့အားလုံး အိပ်မက်ကျိန်စာနဲ့ ရင်ဆိုင်တိုက်ပွဲဝင်ရတော့မယ်၊ ခင်ဗျားတို့ အဆီအဆိမ့်တွေစားထား လို့ မဖြစ်ဘူး"





လို့ပြောတယ်။ သူတို့အားလုံး စိတ်လှုပ်ရှားနေလို့ ဆားပုလင်းမင်းအောင်စကားကို ဘယ်သူမှ စောဒက မတက်ဘူး။ မကြာမီ သူတို့အားလုံး သက်သတ်လွတ် ဆန်ပြုတ် ကို မြိန်ရှက်စွာစားကြတယ်။ ဆားပုလင်းမင်းအောင် ကိုယ်တိုင်လည်း ဆန်ပြုတ်ကို အားပြည့်အောင်စားထားတယ်။ ဆားပုလင်းမင်းအောင်က ဆန်ပြုတ်သောက်ပြီး လူတွေကို စိတ်အားတက်ကြွအောင် လိုက်လံအားပေးနေတယ်။

သူဟာ ကိုဖိုးတုတ်တို့ လင်မယား အနီးမှာ ရပ်ပြီး

"စိတ်ထဲမှာ ပူပင်သောက မဖြစ်ပါနဲ့ဗျာ၊ ကျုပ်တို့ အောင်မြင်မှာပါ၊ ဒါနဲ့ ကိုဖိုးတုတ်တို့ ကုန်စုံဆိုင်ကို မအိုစာဆိုတဲ့ မိန်းမကြီး ရောက်မလာပါဘူးနော်"

လို့ဆိုလိုက်တော့ မကျင်က ခေါင်းခါယမ်းပြီး

"ဘယ်သူမှ မလာပါဘူးတော်၊ ကျွန်မတို့ လင်မယား



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ရှာဖွေစားသောက်နေတာ မဆီမဆိုင် ဘာလို့ဒီအရှုပ်ကြီးထဲပါနေရတာလဲ မသိဘူး"

လို့မကျေမချမ်းပြောနေတယ်၊ ဆားပုလင်း မင်းအောင်က

" အခု အချိန်မှာ ကျုပ်တို့ စည်းလုံးညီညွတ်မှ ဖြစ်တော့မယ်၊ မဒိုစာဆိုတဲ့ မိန်းမကြီးက သူရဲ့ပယောဂ အစွမ်းနဲ့ ကျုပ်ကိုတောင် တိုက်ခိုက်ဖို့ ကြိုးစားလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အားလုံး စုပေါင်းလိုက်ရင် အားတစ်ခုဖြစ်လာလိမ့်မယ်"

လို့ပြောပါတယ်။ ဆားပုလင်းမင်းအောင်က ဆက်လက်ပြီး

" ခင်ဗျားတို့ ညစာစားနေတုန်းက မမိုးဝါရဲ့ အခြေအနေကိုကျုပ်အိမ်ပေါ်တက်ကြည့်သေးတယ်၊ မမိုးဝါရဲ့ကိုယ်ခန္ဓာ လှုပ်ရှားမှုရှိတာ ဝမ်းမြောက်ဝမ်းသာ တွေ့ခဲ့ရတယ်၊ ဒါဟာ





မမိုးဝါအတွက် မျှော်လင့်ချက်ရှိတယ်ဆိုတဲ့ သဘောပဲဗျ။ ဒါပေမဲ့ ကျုပ်တို့ အတွက် အချိန်မရှိတော့ဘူး၊ ကျုပ်တို့ မမိုးဝါကို အမြန်ဆုံးကယ်မှ ဖြစ်တော့မယ်၊ ကျုပ်တို့နောက်ကျရင် မမိုးဝါရဲ့ အသက်ပေးလိုက်ရလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့စွန်စားခန်းမှာ အားလုံးပါဝင်ဖို့ ကျုပ် တိတိကျကျ မေးရပါတော့မယ်၊ မကျောင်ကို အဓိက ထားမေးချင်တယ်ဗျာ၊ မကျောင် ကျုပ်တို့နဲ့ပူးပေါင်းနိုင်ပါ့မလား "

လို့မေးမြန်းလိုက်တော့ မမြတ်လေးကဝင်ပြီး

" ကျွန်မကို တစ်ခုတော့ ပြောခွင့်ပြုပါ၊ မကျောင်ကို ကျွန်မ ဆွေးနွေးကြည့်ပြီးပါပြီ၊ မကျောင်ရဲ့သဘောကတော့ သူ ဘာလုပ်ရမယ်ဆိုတာ သိရမှ တိတိကျကျ ပြောနိုင်မယ်လို့ဆိုပါတယ်"

ဆားပုလင်း မင်းအောင်က ခေါင်းညိတ်ပြီး

"မကျောင်တို့ လုပ်ရမဲ့ အလုပ်က မခက်ပါဘူး၊ ကျုပ်မေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းလေးတွေ ဖြေပေးရုံပါပဲ၊ ဒါပေမဲ့ဒီကိစ္စမှာ အရေးအကြီး ဆုံးက အကြောက်တရားပါပဲ၊ မကျောင်တို့ထဲက တစ်ယောက် ယောက် ဟာ အကြောက်တရားကြောင့် သစ္စာဖောက်လိုက်ရင် မမိုးဝါနဲ့ ဒေါက်တာရဲ့ အသက်ပေးသွားရမယ်၊ နောက်ထပ် အသက်ပေးရမဲ့သူကတော့ ကျုပ်ကိုယ်တိုင်ပဲ"

လို့ ဆိုလိုက်တော့ သူတို့ အားလုံး ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားတယ်၊ ဆားပုလင်းမင်းအောင်က ဆက်လက်ပြီးတော့

"ဒေါ်အိုစာရဲ့ အိပ်မက်ကျိန်စာက ကြောက်ဖို့ သိပ် ကောင်းတယ်ဗျာ၊ ဒီကိစ္စမှာ ကျုပ်ကိုယ်တိုင်မပါရင် ဒေါက်တာ နဲ့မမိုးဝါ အသက်ဆုံးမယ်ဆိုတာ ကျုပ်သိနေတယ်၊ ဒါကြောင့် စီအိုင်ဒီ စုံထောက်တစ်ယောက်လုပ်ပြီး မဆီမဆိုင် ပယောဂ ပညာတွေနဲ့ လာပတ်သက်နေတာပဲ၊ စီအိုင်ဒီမှာ ကျုပ်အလုပ် တွေ အများကြီးကျန်ခဲ့တယ်၊ ကျုပ်ဒီအလုပ်တွေကို ပစ်ပြီး





ဒေါက်တာတို့အသက်ကို ကယ်နေတာဗျ"

လို့ပြောတော့ ဒေါက်တာ အောင်ကျော်က

"ကိုမင်းအောင်ရဲ့ကျေးဇူးကို တစ်သက် မမေ့ပါဘူးဗျာ"

လို့ပြောလိုက်တယ်၊ ဆားပုလင်းမင်းအောင်က ဆက်ပြီး

"ကျုပ်တို့ လုပ်ရမဲ့ အလုပ်ကို လွယ်လွယ်နဲ့ ရှင်းရှင်းပြော ရရင်တော့ မကောင်းဆိုးဝါး ထိန်းချုပ်ထားတဲ့ ဝိညာဉ်ကို ရှာဖွေဖို့ပဲ၊ ဘယ်သူရဲ့ဝိညာဉ်လဲ ဆိုတော့ မမိုးဝါ ရဲ့ဝိညာဉ်ကို ဆိုလိုတာ ဖြစ်တယ်၊ ကျုပ်တို့ အားလုံးအိမ်ပေါ်ထပ်တက်ပြီး အိပ်ပျော်နေတဲ့ မမိုးဝါနဲ့ ဒေါက်တာအောင်ကျော်ကို စက်ဝိုင်းပုံစံ ဝိုင်းရံထားရမယ်၊ ကျုပ်တို့ရဲ့လက်တွေကို တစ်ယောက်လက် တစ်ယောက် ချိတ်ထားရမယ်၊ ကျုပ်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် အိပ်မက်ကျိန်စာ ကူးစက်အောင်လုပ်ပြီး ပြင်းထန် တဲ့ အိပ်မက်ကျိန်စာကို ခွဲဝေမျှပြီး ခံစားရမယ်၊ ဒီလိုလုပ်ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စုန်းမကြီးရဲ့ အိပ်မက်ကျိန်စာ အစွမ်းပြယ်သွားမယ်လို့ယူဆရတယ်၊ အိပ်မက်ကျိန်စာ အစွမ်းပြယ်တဲ့အခါ ကျုပ်တို့မမိုးဝါ ရဲ့ ဝိညာဉ်ကို ပြန်ရှာပြီး ကျုပ်တို့ ထဲက တစ်ယောက်ယောက်ရဲ့ ဝိညာဉ် နဲ့ ဆက်သွယ်မိအောင်လုပ်ရမယ် ဒါဆိုရင် မမိုးဝါဟာသူ့ကို ထိန်း ချုပ် ထားတဲ့ မကောင်းဆိုးဝါးရဲ့ အနှောင်အဖွဲ့က လွတ်သွားလိမ့်မယ်"

လို့ ရှည်ရှည်လျားလျား ရှင်းပြတယ်။ မမြတ်လေးက ကိုမင်းအောင် စကားကို နားထောင်ရင်း

"စုန်းမကြီးက ဘာလို့ ဒီလောက်ရန်ငြိုးကြီးနေတာလဲ"

လို့မေးလိုက်တော့ ဒေါက်တာအောင်ကျော်ဟာ မျက်စိမျက်နှာပျက်သွားတယ်။ ပြီးတော့ ဒေါက်တာက

"ကျုပ် အမှန်အတိုင်းပြောရရင် ကျုပ်ဟာ ပညာတတ်တစ်ယောက်ဖြစ်ပြီး မိုက်လုံးကြီးခဲ့လို့ပါပဲ၊ အရက်သေစာကို





စည်းမဲ့ကမ်းမဲ့သောက်ပြီး အဘွားကြီးရဲ့ မြေးမလေးနဲ့ မှားယွင်းခဲ့မိတယ်၊ ဒါကြောင့် စုန်းမကြီးရဲ့ လက်စားချေခြင်းကိုခံရတာပါ၊ ဘယ်သူမပြု မိမိမှုဆိုသလို အားလုံးဟာကျုပ်အမှားတွေချည်းပါပဲ"

လို့နောင်တတရား ရဟန်းနဲ့ပြောခဲ့တယ်။ ဒီအခါမှာ ဆားပုလင်း မင်းအောင်က

"ဒီပွဲဟာ စုန်းမကြီး ဒေါ်အိုစာက မြေးမလေးအတွက် ဒေါက်တာကိုလက်စားချေတဲ့ပွဲပဲ၊ ဒီနေ့ညဟာ ဒေါ်အိုစာရဲ့ လက်စားချေမှုအဆုံးသတ်မယ်လို့ ကျုပ်ယူဆတယ်"

လို့ဆိုလိုက်တော့ မမြတ်လေးက

"ဒေါ်အိုစာရဲ့ ကျိန်စာကို အဆုံးသတ်မှ ဖြစ်မယ်၊ ကိုမင်းအောင် ကျိန်စာကို ဘယ်လိုအဆုံးသတ်မှာလဲ"

လို့မေးမြန်းလိုက်တယ်၊ ဆားပုလင်းမင်းအောင်က



www.burmeseclassic.com

www.burmeseclassic.com



"ဒိနာက်ဆုံးတော့ သူတို့အပေါ်ကျမဲ့ ကျိန်စာကို ကျုပ်က အစားဝင်ပြီးခံပေးလိုက်ရမှာပဲ၊ ကျိန်စာကိုကျုပ်မခံနိုင်ဘဲ အရှုံးပေး လိုက်ရင် ဒေါက်တာနဲ့မမိုးဝါရဲ့အသက်ကို ပေးလိုက်ရမှာပဲ"

လို့ပြောပြီးနာရီကိုလှမ်းကြည့်ကာ

"ဟင်... ၁၀ နာရီတောင်ထိုးသွားပြီ၊ ကျုပ်တို့ မမိုးဝါ ရှိတဲ့ အပေါ်ထပ်ကို တက်ကြရအောင်"

လို့ပြောပြီး သူကိုယ်တိုင် ရှေ့က ဦးဆောင်ပြီးတက်ခဲ့တယ်။

~()~





အပေါ်ထပ်မှာ မီးရောင်မှိန်မှိန်လေး လင်းနေတယ်။ ဆားပုလင်းမင်းအောင်က မီးလုံးကို အနီရောင်အဝတ်နဲ့ပတ်ပြီး အလင်းရောင် မှိန်အောင်လုပ်ထားတယ်၊ အခန်းထဲက ကော်ဇောပေါ်မှာ မမိုးဝါ လဲလျောင်းနေတယ်၊ မမိုးဝါရဲ့မျက်နှာကို ပုဝါပါးပါးအုပ်ထားလို့ သေသူကို မြင်ရသလို ရင်ထိတ်ဖို့ ကောင်းတယ်၊ ဆားပုလင်း မင်းအောင်က သူတို့ကို ငြိမ်သက်ဖို့ အချက်ပြထားတယ်၊ ပြီးတော့ ဆားပုလင်း မင်းအောင်ဟာ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အင်္ကျီကို ချွတ်ပြီး ကိုယ်ခန္ဓာ အထက်ပိုင်းကို ဗလာကျင်းထားတယ်၊ ဆားပုလင်းမင်းအောင် က လေသံတိုးတိုးနဲ့

"ဒီနေ့ပွဲက အန္တရာယ်သိပ်များတယ်၊ လွဲချော်ရင် အသက် ပေးသွားရမယ်"

လို့တီးတိုးပြောတယ်။ ဆားပုလင်းမင်းအောင်က မမိုးဝါရဲ့နဘေးက ကော်ဇောမှာ ဒေါက်တာ အောင်ကျော်ကို ယှဉ်တွဲပြီး အိပ်ခိုင်းလိုက်တယ်။ ပြီးတော့ ဆားပုလင်းမင်းအောင်က ဒေါက်တာရဲ့ကိုယ်ပေါ်က အဝတ်အစားတွေကိုဖြေလျော့ ခိုင်းလိုက်ပြီး

"ဒေါက်တာ…အိပ်ရေးပျက်တဲ့ အချိန်တွေ များလို့ပင်ပန်းနေပြီ…. ဒါကြောင့်စိတ်ကို ဖြေလျော့ပြီး အိပ်လိုက်ပါ… ဒီအချိန်ရောက်မှဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ဒေါက်တာ မအိပ်မီမှာ ဒေါက်တာရဲ့ဘယ်လက်နဲ့မမိုးဝါရဲ့ညာလက်ကို ဆုပ်ကိုင်





ထားပါ"

လို့မှာကြားပြီး ဒေါက်တာနဲ့ မမိုးဝါတို့ကို ဝန်းပတ်ပြီး မမြတ်လေးတို့လူစုကိုထိုင်ခိုင်းတယ်၊ ဆားပုလင်းမင်းအောင်က မမိုးဝါရဲ့ဘယ်လက်ကို ကိုင်ထားပြီး ဆားပုလင်းမင်းအောင်ရဲ့ကျန်လက်တစ်ဘက်ကို မမြတ်လေးက ကိုင်ထားတယ်၊ မမြတ်လေးတစ်ဆင့် မကျင်နဲ့ကိုဖိုးတုတ်တို့အသီးသီး လက်တွေဆုပ်ကိုင်ပြီး ထိုင်နေကြ တယ်၊ သူတို့အားလုံး ဒေါက်တာနဲ့ မမိုးဝါကို အလယ်မှာထားပြီး ထိုင်ကြတယ်၊ ဆားပုလင်းမင်းအောင်ဟာသူတို့ အားလုံးရဲ့အနေအထား ပြည့်စုံမှု ရှိမရှိ စစ်ဆေးပြီးတော့ စိတ်ကျေနပ်တော့မှ အသက်ကို ခပ်ဖြည်းဖြည်းရှူလိုက်တယ်၊ ခဏကြာတော့ ဆားပုလင်း မင်းအောင် ရဲ့ခန္ဓာကိုယ်ထဲက အပူလှိုင်းတစ်ခုဟာ သူ့လက်တွေဆီကို တရွေ့ရွေ့ တိုးဝင်လာကြောင်း သတိပြုမိတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အပုလိုင်းဟာ တရွေ့ရွေ့နဲ့ ကိုယ်ထဲကို တိုးဝင်လာတယ်၊ နောက်တော့ လိုင်းဟာ မမြတ်လေး ခန္ဓာကိုယ် တစ်ခုလုံး တရွေ့ရွေ့ ဝင်ရောက်လာတယ်၊ မမြတ်လေးရဲ့ခန္ဓာကိုယ်ထဲကို အပုလိုင်း ဝင်ပြီး ခဏအကြာမှာ လိုင်းဟာ မမြတ်လေးလက်ကို ကိုင်ထားတဲ့မကျင်ရဲ့ကိုယ်ထဲကို ဝင်ရောက်တယ်၊ မကျင်ဟာ အပုလိုင်း ဝင်ပြီး ခဏအကြာမှာ အံကိုကြိတ်ပြီး တင်းခံတယ်၊ တင်းခံလို့ မရတဲ့ အဆုံးမှာ တဟင်းဟင်း… ရယ်မော လိုက်တယ်၊ ပြီးတော့ အရယ်မရပ်သေးဘဲ ခန္ဓာကိုယ်ပေါ်က အဝတ် အစားတွေကို တစ်လွှာပြီးတစ်လွှာ ချွတ်ပစ်တယ်၊ နောက်အပေါ် ပိုင်းဗလာ ကျင်းသွားတော့မှ အနီးမှာရှိတဲ့ ဆားပုလင်းမင်းအောင်ကို ဖက်ယမ်း နမ်းရှုံ့ဖို့ကြိုးစားတယ်၊ ဆားပုလင်းမင်းအောင်က တည် ကြည်တဲ့အမူအရာနဲ့အသံအရာ တွန်းဖယ်ပြီး မကျင်ကို မူလနေရာမှာပြန်ထိုင်စေလိုက်တယ်၊ မကျင်ရဲ့အရှက်ကင်းမဲ့တဲ့





အပြု အမူကြောင့်ကိုဖိုးတုတ်ဟာ မျက်နှာထားရခက်နေတယ်၊ ဆားပုလင်းမင်းအောင်က

" ဒီအတွက်တွေးပူမနေပါနဲ့ဗျာ၊ ဒါဟာ ကိုဖိုးတုတ် မိန်းမ မကျင်ရဲ့အပြုအမူမဟုတ်ဘူးဗျ၊ သူ့ကို ပယောဂ အနေနဲ့ အယှက်ဝင်သွားတာ…"

မမြတ်လေးက မကျင်ရဲ့ကိုယ်ပေါ်က အဝတ်အစားတွေကို ပြန်ဝတ်ပေးလိုက်တယ်၊ ဒီတော့မှ မကျင်ဟာ ပင်ကိုယ်စိတ် ပြန်ဝင်လာပြီး အရှက်တရားရနေမိတယ်၊ ဆားပုလင်းမင်း အောင်က တီးတိုးသံနဲ့

"ကျုပ်တို့ကို အဖျက်ဝင်သွားတာဗျ။ကဲ…ပြန်စကြမယ်"

လို့ဆိုပြီး အသက်ကို မှန်မှန်ရှူကာ စိတ်တည်ငြိမ်အောင် ပြန်ကြိုးစားနေတယ်၊ ခဏကြာတော့ ဆားပုလင်းမင်းအောင်ရဲ့ ခန္ဓာကိုယ်ထဲက အပုလိုင်းတစ်ခုဟာ မမြတ်လေးရဲ့ခန္ဓာထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ် စီးသွားတယ်၊ ပြီးတော့ မမြတ်လေးက တစ်ဆင့် အားလုံးကို ပြန့်နှံ့သွားတယ်၊ နောက်တော့ ဒေါက်တာအောင်ကျော် ဆုပ်ကိုင်ထားတဲ့ မမိုးဝါရဲ့ လက်ထဲကို စီးဆင်းဝင်ရောက် သွားပြန်တယ်။ ဒီအခါမှာ လှုသေတစ်ယောက်လို ငြိမ်သက် နေတဲ့ မမိုးဝါရဲ့ ခန္ဓာကိုယ်လေးဟာ ဆတ်ခနဲ လှုပ်ခါသွားတယ်၊ မမိုးဝါရဲ့ ကိုယ်ခန္ဓာလှုပ်ခါ သွားတာကို သူတို့အားလုံးသတိပြုမိလိုက် ကြတယ်၊ ဒါဟာ သူတို့ အားလုံးအတွက် မျှော်လင့်ချက်ရောင် ခြည်သန်းလာသလိုပဲ။

~~~





ဒီအခါမှာဆားပုလင်းမင်းအောင်ရဲ့ လိုက်သံပါတဲ့ ရင်ခေါင်း သံစတင်ထွက်ပေါ်လာတယ်။

"သစ်ရွက်ခြောက်တွေ ကြွေနေတဲ့ ခြောက်သွေ့နေတဲ့ တောင်ကုန်းကြီးပေါ်ကို မိန်းမ ၃ယောက်နဲ့ယောက်ျား ၂ ယောက် တက်သွားကြတယ်၊ တောင်ကုန်းကြီးပေါ်မှာ အလွန်ကြီးမားတဲ့ သစ်ခြောက်ပင်ကြီးတစ်ပင်ရှိနေတယ်၊ သူတို့ အားလုံးသစ်ခြောက်ပင်ကြီးကို ကြည့်ပြီး တုန်လှုပ်ချောက်ချား



www.burmeseclassic.com
~~~

www.burmeseclassic.com



နေကြတယ်၊ သစ်ခြောက်ပင်ကြီးကို ကျော်လွန်ပြီးရင် ကြောက်စရာကောင်းတဲ့ သချိုင်းပျက်ကြီးရှိတယ်၊ သချိုင်းပျက်ထဲကို အရင်ရောက်သွားတာ ဘယ်သူဖြစ်မလဲ"

လို့ဆိုလိုက်တော့ မမြတ်လေးကဝင်ပြီး

"သချိုင်းပျက်ထဲကို အရင်ဆုံးဝင်တာ ကျွန်မပါ"

လို့ဆိုပါတယ်၊ဆားပုလင်းမင်းအောင်က

"သချိုင်းပျက်ထဲကို မမြတ်လေးဘာကြောင့် သွားရတာလဲ"

လို့မေးမြန်းလိုက်တော့ မမြတ်လေးက

"ကျွန်မကို ဒေါ်အိုစာဆိုတဲ့မိန်းမကြီးကစိတ်ညှိုပြီးစေနိုင်းလိုက်လို့ပါ"

လို့ဖြေတယ်၊ဆားပုလင်းမင်းအောင်က

" မမြတ်လေးဇရပ်ပေါ်မှာ ဘာကိုတွေ့သလဲ"





လို့မေးမြန်းလိုက်တယ်၊ မမြတ်လေးက

" ဇရပ်ပေါ်မှာ လူတစ်ယောက်ရှိတယ်လို့ ထင်တယ်၊ ဒါပေမဲ့ ဇရပ်ပေါ်က လူကိုတွေ့ရမှာ သိပ်ကြောက်ပါတယ်၊ မမြင်ရတဲ့အား တစ်ခုက ကျွန်မကို အရှေ့ကိုတွန်းထိုးနေတယ်၊ ကျွန်မ ကြောက်လွန်းလို့ တွန့်လိမ်ရုန်းကန်ရာက ဇရပ်ပျက် ပေါ်ကို မရောက်ဘဲ အိပ်မက်ကပြန်လန့်နိုးလာပါတယ်"

လို့ပြောတော့ ဆားပုလင်းမင်းအောင်က

"ဒါဆိုရင်ဇရပ်ပျက်ကြီးပေါ် ဘယ်သူရောက်သလဲ"

လို့မေးမြန်းတယ်၊ ဒီအခါမှာ မကျင်က

" ဇရပ်ပျက်ပေါ်ကို ကျွန်မ အရင်ဆုံးရောက်ပါတယ်၊ ဇရပ်ပျက်ကြီးပေါ်ကို ကျွန်မတက်ရမှာ အရမ်းကြောက်တယ်၊ ကြောက်လွန်းလို့ ကျွန်မအတင်းတွန်းထိုးရုန်းကန်နေမိတယ်။ ရုန်းကန်ရင်း ကျွန်မ လန့်နိုးလာမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ဖြေလိုက်တယ်၊ ဒီအခါမှာ ဆားပုလင်း မင်းအောင်က

"ဇရပ်ပျက်ကြီးပေါ်ကလူကို ဘယ်သူအရင်တွေ့သလဲ"

လို့ မေးမြန်းလိုက်တယ်၊ ကိုဖိုးတုတ်က ဝင်ပြီး

"ဇရပ်ပျက်ကြီးပေါ်ကို တက်ဖို့ ကျုပ်လိပ်ပြာလွင့်လု မတတ်ကြောက်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကို မမြင်ရတဲ့ စွမ်းအား တစ်ခုက လေထဲကို မြှောက်တင်လိုက်တော့ ကျုပ်ခန္ဓာ လေထဲ ကို လွင့်ပျံသွားပြီး ကျုပ်အင်မတန်ကြောက်တဲ့ ဇရပ်ပျက်ကြီး ပေါ်ကို ရောက်သွားတယ်၊ ဇရပ်ပျက်ပေါ်မှာ အမှောင်လွှမ်းနေ တယ်၊ ဒါပေမဲ့ ဇရပ်ပျက်ပေါ်မှာ ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက် ကျောခိုင်းထိုင်နေတာ တွေ့တယ်၊ သူ့ဆံပင် တွေက ကျောလယ်ကိုရောက်အောင် ဖါးလျားချထားတယ်"

လို့ဆိုတော့ ဆားပုလင်း မင်းအောင်က

"သူ့မျက်နှာကို မင်းမြင်ရသလား"





လို့မေးလိုက်တော့ ကိုဖိုးတုတ်က

"မမြင်ပါဘူးဗျာ၊မမြင်ဘဲနဲ့တောင် ဒီလောက်ကြောက် စရာကောင်းနေတာ၊ ဒီမှာ ..ခင်ဗျား ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ တွေမှာ ဘာလို့စပ်စပ်စုစုလိုက်မေးနေတာလဲ၊ ခင်ဗျား..ကိုယ်နဲ့ မဆိုင်တာ ဝင်ရှုပ်ရင်အရှုံးပဲဖြစ်လိမ့်မယ်၊ ဟုတ်တယ် ခင်ဗျား ဟာ အရှုံး..အရှုံး.."

ကိုဖိုးတုတ်ဟာပြောရင်း သူ့အသံက ထူထူးခြားခြား ပြောင်းလဲသွားတယ်၊ ဆားပုလင်းမင်းအောင်က တုန်လှုပ် ဟန်မပြဘဲ

"ဇရပ်ပေါ်က မိန်းမရဲ့မျက်နှာကို ခင်ဗျား မမြင်ဘူးလား"

လို့မေးလိုက်ပြန်တယ်၊ ဒီအခါမှာ ကိုဖိုးတုတ်က လှောင် ပြောင်တဲ့ အမူအရာနဲ့

"မတွေ့ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ အရှုံးရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ထပ်မမေးနဲ့တော့ ... အရှုးမေးတာ မဖြေနိုင်ဘူး၊ ကျုပ်ကို ထပ်မမေးနဲ့တော့"

လို့ဆိုလိုက်တယ်၊ ဆားပုလင်းမင်းအောင်က တုန်လှုပ်ဟန်မပြဘဲ

"ခင်ဗျားနံမည် ဘယ်သူလဲ၊ ခင်ဗျား ဘာဖြစ်လို့ ဝင်ရှုပ်နေတာလဲ"

လို့ ကြိမ်းမောင်းလိုက်တော့ ကိုဖိုးတုတ်ကိုယ်ခန္ဓာ ဆတ်ခနဲလှုပ်ခါသွားတယ်၊ ဆားပုလင်းမင်းအောင်က ဆက်ပြီး မေးခွန်းထုတ်တယ်။

"ခင်ဗျားဘာတွေ မြင်ရသလဲ၊ ပြောပါ...."

လို့ထပ်ပြီးမေးမြန်းလိုက်တယ်၊ ဒီအခါမှာ ကိုဖိုးတုတ်က

"ကျုပ် သူ့မျက်နှာကို မမြင်ရပါဘူး၊ သူ့နောက်ကျော အနီးကို ရောက်တော့ ကျုပ်ကြောက်လွန်းလို့ ရှန်းကန်လိုက်တာ





အိပ်ရာက လန့်နိုးသွားပါတယ်"

~ ၂ ~



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်း မင်းအောင်က မေးခွန်းမေးခြင်းကို ရပ်တန့်လိုက်တယ်၊ ဆားပုလင်းမင်းအောင်က လဲလျောင်းနေတဲ့ ဒေါက်တာအောင်ကျော်ကို အရင်ကြည့်တယ်။ ဒေါက်တာအောင်ကျော်ရဲ့အခြေအနေကောင်းမွန်မှန်းသိတော့ မမိုးဝါရဲ့ အခြေအနေကို ကြည့်ရှုတယ်၊ ပြီးတော့ စားပွဲပေါ်က ဓားမြှောင်တစ်ချောင်းကိုယူလိုက်ပြီး မမိုးဝါရဲ့လည်တိုင်ကို ဓားမြှောင်နဲ့





ထောက်လိုက်တယ်၊ ပြီးတော့ ဓားမြှောင်နဲ့လည်တိုင်ကို အနည်းငယ် ဖိနှစ်လိုက်တဲ့အခါ မမိုးဝါရဲ့ လည်တိုင်က သွေးထွက်ပြီး မမိုးဝါ ကိုယ်ခန္ဓာကလဲတွန့်ခနဲ ဖြစ်သွားတယ်၊ ဆားပုလင်းမင်းအောင်က မမိုးဝါရဲ့ကိုယ်ခန္ဓာမှာ လွှမ်းခြုံထားတဲ့ စောင်ကို ဖယ်ရှားလိုက်တဲ့အခါ မမိုးဝါရဲ့လှပတဲ့ကိုယ်ခန္ဓာလေးပေါ်ထွက်လာတယ်၊ ဆားပုလင်းမင်းအောင်က မမိုးဝါရဲ့နားအနီးကို တိုးကပ်ပြီး

"မမိုးဝါ၊ ခင်ဗျား ကျုပ်ကို စကားပြောပါဦးဗျာ၊ ခင်ဗျားရဲ့ အသက်အန္တရာယ်ကို စိုးရိမ်လို့ ကျုပ်တို့ အားလုံး စောင့် နေကြတယ်"

လို့ဆိုလိုက်တယ်၊ ဒီအခါမှာ အံ့သြဖွယ်ကောင်းလောက်အောင် မမိုးဝါရဲ့နှုတ်ခမ်းက ညည်းညူသံလေး ထွက်လာတယ်၊ မမိုးဝါဆီကညည်းညူသံကြားလို့သူတို့ အားလုံးမျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည် လင်းလက်သွားတယ်၊ မမိုးဝါ အသက်ပြန်ရှင်ဖို့ သေချာနေပြီလေ၊ ဆားပုလင်းမင်းအောင်က ဝမ်းသာအားရနဲ့

"စကားပြောပါ မမိုးဝါ၊ ခင်ဗျားပြန်ပြီး နိုးထလာပြီ.... မြန်မြန်ထပါ တော့ဗျာ...."

ဆိုတဲ့စကားကို အကြိမ်ကြိမ်အထပ်ထပ် ပြောနေမိတယ်၊ ခဏကြာတော့ မမိုးဝါရဲ့ ကိုယ်ခန္ဓာလှုပ်ရှားစပြုလာတယ်၊ ဒေါက်တာ အောင်ကျော်ဟာလဲလျှောင်းနေရာက ထပြီး စိတ်လှုပ်ရှားစွာနဲ့

"မမိုးဝါ ..မမိုးဝါ.."

လို့ အကြိမ်ကြိမ် လှုပ်ယမ်းပြီးခေါ်နေတယ်၊ မမိုးဝါက ညည်းညူရင်း လေသံဝလုံးဗထွေး ရေရွတ်သံကို ကြားရတယ်၊ မမိုးဝါဆီက လေသံပီပီသသ ထွက်ပေါ်လာချိန်မှာဒေါက်တာ အောင်ကျော်ရဲ့မျက်နှာပျက်ယွင်း သွားတယ်၊ မမိုးဝါက





"နင်ဟာ သနားညာတာမှုကင်းပြီးလူ့တန်စား ခွဲခြားတတ်တဲ့ဆရာဝန်ဆိုး...ကောက်ကျစ်ယုတ်မာတဲ့ ဆရာဆိုး.... ရက်စက်ပါပေ့ လူယုတ်မာရယ်.... နင်ဟာ ငါရဲ့ အမုန်းဆုံး လူသားတစ်ယောက်... နင့်ကြောင့် ငါ အသက်ဆုံးခဲ့ရတယ်.... ငါရဲ့ အသည်းနှလုံးထဲမှာ နင့်ကို ဖော်ပြလို့မရအောင် မုန်းတယ်...."

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က ဝင်ပြီး

"မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒေါက်တာကို အပုပ်ချနေရတာလဲ"

လို့ ဆိုလိုက်တော့ မမိုးဝါက

"အပြစ်ရှိတဲ့သူကို အပြစ်တင်တာဟဲ့၊ ရှုံ့ချတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တော့

"မင်းလုပ်ချင်တိုင်းလုပ်လို့ရမလား၊ မင်းက သေပြီးတဲ့သူတစ်ယောက်ထွက်သွားစမ်း..ကျုပ်ကို ဘာကောင် အောက်မေ့လို့လဲ.. မင်းရဲ့ ဝိညာဉ်ကိုတောင်ကျုပ်က ပြန်ပြီး နှတ်လိုက်ဦးမယ်၊ မင်းထွက်မသွားရင် ကျုပ်ကို အဆိုးမဆို နဲ့နော် "

လို့ဆိုလိုက်တော့ မမိုးဝါရဲ့ အသံတစ်မျိုးပြောင်းသွားတယ်၊ ခန္ဓာကိုယ် ရုတ်တရက် ငြိမ်သက်သွားပြီး ခဏကြာတော့ ဝုန်းခနဲပြန်လှုပ်လာတယ်၊ ဒီတစ်ခါတော့ မမိုးဝါက ဒေါ်သတကြီးနဲ့

"ကိုယ်နဲ့မဆိုင်တဲ့နေရာမှာ ဝင်ရှုပ်တဲ့ကောင်၊ နင်တို့အားလုံးကို ငါကျိန်စာတိုက်ပြမယ်..သွေးပွက်ပွက်အန်ပြီး သေစေရမယ်..... မသေခင် မချိမဆန့် ဝေဒနာခံစားပြီး သေစေရမယ်...."





လို့ ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

"ဒီမှာ ဒေါ်အိုစာ ခင်ဗျားရဲ့အိပ်မက်ကျိန်စာကို ပြန်ရုပ်သိမ်းဖို့ကျုပ် မေတ္တာ ရပ်ခံတယ်၊ ခင်ဗျားရှေ့ဆက်ပြီးတိုးမယ်ဆိုရင်တော့ ခင်ဗျားဝိညာဉ်နဲ့ ပတ်သက်လို့ ကျုပ်တာဝန်မယူဘူး"

လို့ဆိုလိုက်တော့ ဒေါ်အိုစာဆိုတဲ့မိန်းမကြီးက

"မလောက်လေး မလောက်လားနဲ့ငါ့ကို ယှဉ်ဖို့ မကြိုးစားနဲ့၊ နင်တို့ အားလုံး သွေးပွက်ပွက်အန်ပြီး သေစေရမယ်၊ မချိမဆန့်ဝေဒနာ အမျိုးမျိုးကို ခံစားပြီး အသေဆိုးနဲ့သေစေရမယ်၊ စောင့်ကြည့်နေပေတော့..."

လို့ဆိုပြီး မမိုးဝါရဲ့ခန္ဓာကိုယ် ဆတ်ခနဲလှုပ်ခါသွားပြီး လူးလွန့် လှုပ်ရှားလာတယ်၊ ကံကောင်းထောက်မလို့ မမိုးဝါအသက်ကို ပြန်လုလိုက်နိုင်ပြီ။ ဆားပုလင်းမင်းအောင်က



www.burmeseclassic.com

www.burmeseclassic.com



" မမိုးဝါ နိုးထပါတော့၊ အနားမှာ ခင်ဗျားရဲ့ချစ်သူ ဒေါက်တာ အောင်ကျော်လည်းရောက်နေတယ်"

လို့ဆိုလိုက်တော့ မမိုးဝါက

" ကျွန်မလဲ ဒေါက်တာကို ချစ်ပါတယ်......"

လို့ဆိုလိုက်တယ်၊ ဆားပုလင်းမင်းအောင်က

"ကောင်းပြီ၊ဒေါက်တာကို ချစ်ရင် အိပ်နေတာက ထပါတော့၊ အနီးမှာ ဒေါက်တာ အောင်ကျော် ရောက်နေတယ်"

လို့ပြောလိုက်တယ်၊ ဒီအခါမှာ မမိုးဝါဟာ အိပ်နေရာက ပြန်လည်နိုးထလာတယ်၊ သူမဟာ အနီးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ ကြည့်ပြီး ဒေါက်တာအောင်ကျော်ကို မြင်တော့ စိတ်လှုပ်ရှားဟန်နဲ့အသံထွက်အောင်ငိုယိုလိုက်တယ်။ ဒီအခါမှာ ဒေါက်တာအောင်ကျော်က မမိုးဝါကို တင်းတင်းကျပ်ကျပ်ပွေ့ဖက်ပြီး





"ဝမ်းသာလိုက်တာ မိုးရယ်...မိုးကို ကျုပ်ဆုံးရှုံးလိုက်ရပြီလို့ ယူဆနေတာ၊ မိုးနဲ့ကျုပ် ဘယ်တော့မှ လမ်းမခွဲကြတော့ဘူးနော်......"

လို့ဝမ်းသာအားရ အော်ဟစ်ပြောဆိုနေတယ်... သူတို့နှစ်ယောက် ပြန်လည်ဆုံဆည်းကြတာကို ကြည့်ပြီး သူတို့အားလုံး ကျေနပ် ဝမ်းမြောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်ကျော်က မမိုးဝါရဲ့ပခုံးကိုဖက်ပြီး အနီးပတ်ဝန်းကျင်က လူတွေနဲ့မိတ်ဆက်ပေးတယ်။

"သူက ဆားပုလင်းမင်းအောင့်လို့ခေါ်တယ်၊ ကိုယ့်မိတ်ဆွေ လေ... အင်းစိန်စီအိုင်ဒီက စုံထောက်ကြီးပေါ့၊ သူဟာ စုံထောက်တစ်ယောက်ပေမဲ့ဂန္ထိရပညာကိုကျွမ်းကျွမ်း ကျင်ကျင် တတ်မြောက် တယ်၊ သူကယ်တင်ပေးလို့ မိုး အသက်ရှင်တာပေါ့"





ဆိုတော့ မမိုးဝါက ဆားပုလင်းမင်းအောင်ကို အံ့သြဟန်နဲ့

"ဆားပုလင်းမင်းအောင်..ဟုတ်လား....နိုင်ငံကျော် ဆားပုလင်း မင်းအောင်ကို အခုမှတွေ့ဖူးတယ်၊ ကျွန်မ အသက်သခင်ကျေးဇူးရှင်ကို ဘယ်လို ကျေးဇူးတင်ရမှန်း မသိတော့ပါဘူးရှင်"

လို့ပြောတယ်၊ ဒေါက်တာအောင်ကျော်က မြို့ပေါ်က အခြား လူတွေနဲ့ မိတ်ဆက်ပေးတော့ မမိုးဝါဟာ အားလုံးကို လိုက်လိုက် လဲလဲ ကျေးဇူးတင်ကြောင်းပြောတယ်။ ဒီအချိန်မှာပဲ ဆားပုလင်း မင်းအောင်က လေးနက်တဲ့အမူအရာနဲ့

"အားလုံးကို သတိပေးချင်တ...ကတော့ ကျုပ်တို့မှာ စုန်းမ ဒေါ်အိုစာရဲ့ရန်မကင်းသေးပါဘူး၊ သူကျုပ်တို့ကို အပြီးသပ် တိုက် ခိုက်လိမ့်ဦးမယ်"

လို့ပြောပါတယ်၊ ဆားပုလင်းမင်းအောင်ရဲ့ စကားကြောင့် သူတို့ အားလုံးအံ့အားသင့်သွားပြီး ကိုဖိုးတုတ်က



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တစ်ခု ပြောချင်တယ် ဆားပုလင်းမင်းအောင် အိပ်မက်ကျိန်စာနဲ့ပတ်သက်ပြီးတော့ ဒေါက်တာအောင်ကျော် ကလွဲရင် ကျုပ်တို့ အားလုံး လွတ်မြောက်ပြီလို့ထင်ပါတယ်၊ ဒီလို ပြောရတာ ကျုပ်ဇနီးမကျောင်အတွက်ပါ။ အဲ... မမြတ်လေး အတွက်လည်းပါပါတယ်၊ မိန်းကလေးတွေဟာ မဆီမဆိုင် အိပ်မက်ကျိန်စာရဲ့ဒဏ်ကို ဒီထက်ပိုပြီး မခံနိုင်တော့ပါဘူး၊ သူတို့ စိတ်တွေ သိပ်ပင်ပန်းနေပြီ.."

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က သက်ပြင်း ချပြီး

" ကျုပ်ရှင်းပြတာနားထောင်ပါဦးဗျာ..စုန်းမ ဒေါ်အိုစာရဲ့ အိပ်မက်ကျိန်စာကိုခင်ဗျားတို့က ဝေမျှခံစားခဲ့တဲ့သူတွေပါ ခင်ဗျားတို့ကြောင့်အိပ်မက်ကျိန်စာရဲ့စွမ်းအင်တွေ လျော့ပါး သွားရတယ်၊ ဒါကြောင့် စုန်းမကြီးက ခင်ဗျားတို့ကို ရန်ငြိုးဖွဲ့ပြီး





တိုက်ခိုက်မှာ သေချာ တယ်"

လို့ဆိုလိုက်တော့ သူတို့အားလုံးစိတ်ပျက်လက်ပျက် ဖြစ်သွားတယ်။ ကိုဖိုးတုတ်က မျက်နှာရှုံ့မဲ့ပြီး

"ကျုပ်တို့နဲ့ ဘာမှမဆိုင်ဘဲနဲ့ အသားလွတ်ခံရတာ ကတော့ အသည်းနာဖို့ကောင်းတယ်"

လို့ညည်းညူလိုက်တယ်။ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

"ကျုပ်တို့ရှေ့ဆက်ပြီး ညီညီညွတ်ညွတ် ပွန်းလုန်သွား ရင် အောင်မြင်မှာသေချာပါတယ်၊ အိပ်မက်ကျိန်စာနဲ့ ပတ်သက်ပြီး လောလောဆယ် ခင်ဗျားတို့နားလည်အောင် ရှင်းပြဖို့ မလွယ်ဘူး၊ ဒီပညာကို အိန္ဒိယကဆာဒူးကြီးတွေ ကောင်းကောင်းတတ်တယ်၊ သူတို့ဟာပညာကို သစ္စာဖောက် ချက်တဲ့တပည့်တွေကို အိပ်မက်ကျိန်စာတိုက်ပြီး အပြစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ အိပ်မက်ကျိန်စာကို အာဖရိကတိုက်က မှော်ပညာရှင်တွေလဲကျွမ်းကျွမ်းကျင်ကျင်တတ် မြောက်ကြတယ်၊ သူတို့ရဲ့ယုံကြည်ချက်အရ လူသားတွေမှာ ကောင်းတဲ့ ဝိညာဉ်နဲ့ မကောင်းတဲ့ဝိညာဉ် ဆိုပြီးနှစ်မျိုးရှိတယ်၊ ကောင်းတဲ့ ဝိညာဉ်ဟာ ရှင်ခြင်းကို ကိုယ်စားပြုပြီး မကောင်းတဲ့ ဝိညာဉ်က တော့ သေခြင်းကိုကိုယ်စားပြုတယ်၊ ကျုပ်တို့ဟာ နိုးကြားနေ ချိန်ပဲဖြစ်ဖြစ်၊ အိပ်ပျော်နေချိန်မှာပဲဖြစ်ဖြစ် ကောင်းတဲ့ဝိညာဉ်နဲ့ မကောင်းတဲ့ဝိညာဉ်က ကျုပ်တို့ ကိုယ်ခန္ဓာထဲမှာရှိနေတယ် လို့ယူဆကြတယ်။ ဒီတော့ မှော်ပညာရှင်တစ်ယောက်ဟာ လူသားတစ်ယောက်ကို ဒုက္ခပေးချင်ရင် မကောင်းတဲ့ ဝိညာဉ်ကို နှိုးဆွပေးလိုက်ရုံနဲ့ မနာမကျန်း ဖြစ်ခြင်း၊ သေခြင်း တရားနဲ့ရင်ဆိုင်ရခြင်းစတဲ့ဆိုးဝါးမှုတွေနဲ့ ရင်ဆိုင် ရတတ်တယ် ဒီနေ့တိုးတက်ပါတယ်ဆိုတဲ့ သိပ္ပံပညာဟာ 'လောကီ ပညာ





နဲ့ပတ်သက်ရင် အစွန်အဖျားကိုတောင် မကပ်နိုင်သေးဘူး၊ ဒါကြောင့် အိပ်မက်ကျိန်စာကို ဖန်တီးတဲ့ ဒေါ်အိုစာဟာ ခင်ဗျား တို့ အားလုံးကို ရန်ငြိုးမပြေနိုင်သေးဘူး၊ သူဟာ ဒီအချိန်ကစပြီး လက်စားချေမှုတွေကို ပြင်းပြင်းထန်ထန်လုပ်တော့မယ်၊ ကျုပ်တို့စည်းလုံးမှုမရှိရင် အသက်ဆုံးရလိမ့်မယ်၊ ဒီနေ့ရင်ဆိုင် ရမဲ့ပွဲမှာ အရေးအကြီးဆုံးက ကြောက်စိတ်ပါပဲ၊ ခင်ဗျားတို့ရင်ထဲ မှာ ကြောက်စိတ်ဝင်ရင် စုန်းမကြီးရဲ့ ပယောဂ ဖမ်းစားခြင်း ကိုခံရလိမ့်မယ်"

လို့ဆိုလိုက်တော့ သူတို့ အားလုံးတုန်လှုပ်ချောက်ချား ဟန်နဲ့ ဆားပုလင်းမင်းအောင်ကိုကြည့်ကြတယ်။ ဆားပုလင်း မင်းအောင် က ဆက်လက်ပြီး

"ကျုပ်တို့ ဒီနေ့ပွဲမှာ အိပ်မက်ကျိန်စာရဲ့ ပယောဂကို အိပ်မက်ကျိန်စာစေလွှတ်တဲ့သူဆီကို တန်ပြန်သက်ရောက်

www.burmeseclassic.com



အောင်စေခိုင်းရမယ်၊ သူ့ ပယောဂဒဏ်ကို သူပြန်ခံစားရ

လိမ့်မယ်"

လို့ပြောပြတယ်၊

~ ၁၂ ~





ဒီအချိန်မှာပဲ အခန်းထဲက တိုင်ကပ်နာရီကြီးက နာရီ

ထိုးသံ ၁၂ ချက်ကိုကြားရတယ်၊ ဆားပုလင်းမင်းအောင်က

"သန်းခေါင် အချိန်ကိုတောင် ရောက်ပြီ၊ ကျုပ်တို့

တိုက်ပွဲကြီး စတင်တော့မယ်၊ အရေးအကြီးဆုံးမှာချင်တာက

ကြောက်စိတ်မဝင်ဖို့ပါပဲ..."

လို့ပြောပြီး ဆားပုလင်းမင်းအောင်က အခန်းထဲက မီးကို

ခိုတ်လိုက်တော့ လရဲ့အလင်းရောင်ပဲရှိတော့တယ်၊ ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းအောင်က ပြတင်းပေါက်အနီးမှာ ရပ်ပြီးနှုတ်က ဂါထာမန္တရားတွေကို တဖွဖွ ရွတ်ဖတ်နေတယ်၊ ပြီးတော့ အခန်းထဲကို ပြန်ဝင်လာပြီး စောစောက မမိုးဝါ လဲလျောင်းတဲ့ ကော်ဇောပေါ်မှာလဲအိပ်လိုက်တယ်၊ ပြီးတော့ ကိုမင်းအောင်က မမြတ်လေးကို သူ့ရဲ့နံဘေးမှာ ထိုင်ခိုင်းပြီး မမြတ်လေးရဲ့ လက်ချောင်းတွေကို သူ့နဖူးပြင်ကို ထိကပ်ခိုင်းထားတယ်၊ ကျန်သူများကို သူ့နံဘေးမှာ ဝိုင်းရံပြီး ထိုင်နေစေ တယ်၊ မမြတ်လေးဟာ ဆားပုလင်းမင်းအောင်ရဲ့ နဖူးကို လက်ချောင်းလေးတွေနဲ့ ထိကပ်ထားရင်း ကိုမင်းအောင်ရဲ့သွေးခုန်နှုန်းတွေ အလွန်မြန်ဆန်လာကြောင်းသတိပြုမိတယ်၊ ဆားပုလင်းမင်းအောင် ရဲ့ အသက်ရှူနှုန်းတွေလဲ အလွန်အမင်းမြန်ဆန်လာတယ်၊ သွေးခုန်နှုန်းတွေအဆမတန်မြန်ဆန်လာတဲ့အခါ ဆားပုလင်းမင်းအောင် နဖူးမှာ ထိကပ်ထားတဲ့ မမြတ်လေးရဲ့လက်တွေဟာ





တဆတ်ဆတ် တုန်လာတယ်၊ မမြတ်လေးရဲ့ နှုတ်ကလဲ တစ်စုံတစ်ရာကို တဖွဖွ ရွတ်နေတယ်၊ ဆားပုလင်းမင်းအောင်ကလည်း တဖွဖွရွတ်ပြီး မမြတ်လေးကို အပြန်အလှန်ပြန်ပြောနေတယ်၊ ဒါပေမဲ့ သူတို့ ဘာတွေပြောနေသလဲ ဆိုတာ ဘယ်သူမှမသိဘူး၊ ဒီလို အခြေအနေမျိုးကနေ မမြတ်လေးဟာ ဆားပုလင်းမင်းအောင်ရဲ့သွေးခုန် နှုန်းလိုက် တဆတ်ဆတ် တုန်ယင်နေရာက နောက်ဆုံးမှာ သူမရဲ့ကိုယ်ခန္ဓာကို မထိမ်းနိုင်တော့ဘဲ ဆားပုလင်းမင်းအောင် အနီးမှာ ဒူးထောက်လျက် အနေအထားက ဖင်ထိုင်လျက်လဲကျသွားတယ်၊ ဒီတော့မှ မမြတ်လေးဟာ သတိနဲ့ ကိုယ်ခန္ဓာ ပြန်ကပ်ပြီး ပြန်လည် သတိရလာတယ်၊ ဆားပုလင်းမင်းအောင်က အသာအယာ မျက်လုံးဖွင့်ကြည့်လိုက်ပြီး

"ဒီတစ်ခါ မကျင်ရဲ့အလှည့်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တယ်၊ မကျင်က တုန်လှုပ်ချောက်ချား ဟန်နဲ့တဆတ်ဆတ်တုန်ယင်နေတယ်၊ ယောကျ်ားဖြစ်သူက သူ့မလက်မောင်းကို ဆုပ်ကိုင်ပြီး

"မကြောက်ပါနဲ့ကွာ"

လို့တီးတိုးပြောလိုက်မှ တည်ငြိမ်သလိုဖြစ်သွားတယ်၊ မကျင်ရဲ့ အလှည့်မှာလဲ မမြတ်လေးကဲ့သို့ပင် ဆားပုလင်း မင်းအောင် ရဲ့နဖူး ကို လက်ချောင်းများနဲ့ထိကပ်ထားရတယ်၊ ခဏကြာတော့ မမြတ်လေးနည်းတူ မကျင်ရဲ့ နှုတ်ခမ်းက တတွတ်တွတ်ပြောဆိုနေဟန်မြင်တွေ့နေရတယ်၊ ဆားပုလင်း မင်းအောင်ကလည်း မကျင်ကို တစ်စုံတစ်ရာကိုတဖွဖွပြောဆို နေဟန် မြင်တွေ့ရတယ်၊ ဒါပေမယ့် သူတို့ဘာပြောသလဲ ဆိုတာ ဘယ်သူမှ ဝေခွဲမရဘူး၊ ဒီလိုနဲ့ဆားပုလင်းမင်းအောင်ရဲ့ အသက်ရှူနှုန်းနဲ့သွေးခုန်နှုန်းတွေပြင်း ထန်လာပြီး မကျင်လဲ





ဒူးထောက်လျက်ကလဲကျသွားခဲ့တယ်၊ မကျင်ရဲ့အလှည့်ပြီး တော့ ကိုဖိုးတုတ်အလှည့်ကို ရောက်ပြန်တယ်၊ ကိုဖိုး တုတ်ဟာ လဲလျောင်းနေတဲ့ ဆားပုလင်းမင်းအောင်အနီးကို သွက် လက်စွာ သွားပြီးတော့ နဖူးပြင်ကို လက်ဝါးနဲ့ တင်းတင်း ကပ်ကပ်ဖိကပ်ထားတယ်၊ ဒီလို ဖိကပ်တဲ့နေရာမှာ တော်ရုံ လက်ဝါးနဲ့ ဖိကပ်ခြင်းမဟုတ်ဘဲ ဆားပုလင်းမင်းအောင်ရဲ့ နဖူးကို သွေးရပ်တော့ မတတ်ဖိကပ်ထားတယ်၊ ပြီးတော့ ကိုဖိုးတုတ်နုတ်က ဒေါသတကြီး အော်ဟစ်ပြောဆိုနေသံကို ကြားရတယ်၊ သူ့အသံဟာ အင်မတန် စူးရှ ကျယ်လောင်လာပြီး သူ့လက်တွေက ဆားပုလင်းမင်းအောင်ရဲ့လည်တိုင်ကို အတင်း ဖိညှစ်ထားတယ်၊ ဒေါက်တာ အောင်ကျော်ဟာ ဒီမြင်ကွင်းကို မြင်တော့ ရင်ထိတ်ပြီး ကိုဖိုးတုတ်လက်တွေကို အတင်း ချုပ် ကိုင်ပြီး ဆွဲဖယ်ဖို့ကြိုးစားတယ်၊ ဒါပေမဲ့ လူဖလံလေး ကိုဖိုးတုတ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လက်တွေဟာ မယုံနိုင်လောက်အောင် သန်မာလွန်းနေတယ်၊ ဒီအချိန်မှာ ဆားပုလင်းမင်းအောင်က သူရဲ့လက်တွေကိုဆန့်တန်းပြီး ကိုဖိုးတုတ်လက်တွေကိုဆွဲဖယ်လိုက်တယ်၊ ဆားပုလင်းမင်းအောင် ကိုယ်တိုင် ရုန်းဖယ်လိုက်တော့မှ ကိုဖိုးတုတ်လက်တွေဟာပြေလျော့သွားတယ်။ ကိုမင်းအောင်က ကိုဖိုးတုတ်လက်တွေကို နဖူးမှာ ပြန်ကပ်ပြီးအပြန်အလှန်ပြောဆိုကြတယ်၊ သူတို့ ဘာတွေပြောနေ တယ်ဆိုတာ ကျန်လူတွေနားမလည်ဘူး၊သူတို့ရဲ့ပြောဆိုဟန် တွေဟာ ပြင်းထန်လွန်းလို့ရန်ဖြစ်နေသလိုပဲ၊ နောက်တော့ ကိုဖိုးတုတ်ဟာ စကားတွေမပြောနိုင်တော့ဘဲ ဆားပုလင်းမင်းအောင်ရဲ့ ကိုယ်ပေါ်ကိုခေါင်းတဖြည်းဖြည်းငိုက်ကျသွားတယ်၊ ကိုဖိုးတုတ် ပျော့ခွေကျသွားပုံကအသက်ရှိရဲ့လားတောင်ထင်မှတ်ရတယ်၊ ဒေါက်တာအောင်ကျော်က ကိုဖိုးတုတ်ကို စစ်ဆေးကြည့်တော့ အသက်ရှ





နေသေးကြောင်းတွေ့ရတယ်။ နောက်တော့ ဆားပုလင်းမင်းအောင်ဟာဒေါက်တာအောင်ကျော်ကိုလက်ဟန်နဲ့သူ့နံဘေး ကိုလာခိုင်းလိုက်တယ်၊ ပြီးတော့ ဆားပုလင်းမင်းအောင်က ဒေါက်တာလက်တွေကို သူ့နဖူးပေါ်တင်ပေးလိုက်တယ်၊ ခဏကြာတော့ ဆားပုလင်းမင်းအောင် ဆီက စကားစ ထွက်လာတယ်။

"သစ်ရွက်တွေ ကြွေပြီး ခြောက်သွေ့တဲ့လမ်းကို ကျုပ်တို့နစ်ယောက်အတူတူရောက်လာပြီ၊ ဟိုး...အဝေးက တောင်ကုန်းပေါ်မှာသစ်ခြောက်ပင်ကြီးတစ်ပင်ထီးထီးကြီးရှိနေပါလား...ဟာ.. သစ်ခြောက်ပင်ကြီးကို ကျော်လွန်ပြီးတော့သချိုင်းပျက်ကြီးတစ်ခုကိုမြင်ရပြန်ပြီ...ချောက်ချားစရာ ကောင်းလိုက်တာ... ဟော...သချိုင်းရဲ့ အလယ်မှာဇရပ်ပျက်ကြီးပါ လား..ဇရပ်ပျက်ကြီးပေါ်မှာအမှောင်လွှမ်းနေတယ်..ဒါပေမဲ့မကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့.... ကျုပ်တို့ အတူတူ သွားကြည့်ရအောင်..ဟာ..ကျုပ်တို့ ခန္ဓာတွေကို မမြင်ရတဲ့ ရွှမ်းအားတစ်ခုက ဖရပ် ပျက်ကြီးပေါ်ကို ဆွဲငင်သွားပြီ..လေထဲလွင့်ပြန်သွားတယ်.. အသည်း တွေအေး နေတယ်.. ဒါပေမဲ့ မကြောက်နဲ့ ဒေါက်တာနဲ့ အတူ ကျုပ်ရှိ နေတယ်... မတွန့်ရဘူး..ဒေါက်တာ ကျုပ်ပြောတာကြား တယ်နော်.. ဒေါက်တာ ဘာတွေဆက်တွေ့လဲ ပြောပါ..ပြောပါ.."

လို့ဆိုလိုက်တော့ ဒေါက်တာအောင်ကျော်က အထစ် ထစ် အငေါ့ငေါ့နဲ့

"ဆံပင်ဖားလျားချထားတဲ့ ကြောက်စရာ မိန်းမကြီး ကိုမြင်တယ်... သူဟာ အသည်းပျက်ဖို့ သိပ်ကောင်းတယ်.. သူ့မျက်နှာကြီး ကို ကျုပ်မကြည့်ရဲလို့ မျက်လုံးမှိတ်ထားတယ်...."

လို့ဆိုလိုက်တော့ ဆားပုလင်းမင်းအောင်က

"ကြည့်ပါ..ဒေါက်တာ..ဒေါက်တာကြည့်မှ ဖြစ်မယ်..





အရဲစွန့်ပြီးကြည့်ပါ..ဒေါက်တာ.."

လို့ဆိုတော့ ဒေါက်တာက အရဲစွန့်ကြည့်ပြီး

"အမလေး..မကောင်းဆိုးဝါးကြီးဗျ..သူ့မျက်နှာမှာ မျက်လုံးနဲ့နှာခေါင်းမရှိဘူး ဟောက်ပက်ကြီး ဖြစ်နေတယ်... ဟာ..ပါးစပ်ကြီး ဟလိုက်ပြီ..ပါးစပ်ထဲက လေစီးကြောင်းကြီး ထွက်လာပြီး ကျုပ်ကို စုတ်ယူနေတယ်..ကယ်ပါဦးဗျာ.."

လို့ဆိုလိုက်တော့ ဆားပုလင်း မင်းအောင်က

"ဒေါက်တာနဲ့တူတူ ကျုပ်ရှိနေပါတယ်၊ မကောင်းဆိုး ဝါးကြီးဒေါက်တာကိုချောက်လှန့်လို့ပဲရမယ်.... မကြောက် ပါနဲ့.."

လို့ အားပေးလိုက်တယ်၊ ဒေါက်တာအောင်ကျော်က အထိတ်တလန့်နဲ့

"ဟာ..ကျုပ်ကို ပါးစပ်ထဲစုတ်ယူနေပြီ..ကျုပ်ရဲ့ခန္ဓာကြီး မကောင်းဆိုးဝါးရဲ့ပါးစပ်ထဲရောက်သွားပြီ.... ဟာ....ရင်ခေါင်းထဲ

www.burmeseclassic.com



က တစ်ဆင့်အူတွေထဲကို ရောက်သွားပြီ.. ဒါပေမဲ့ ကျုပ်ဘာမှ မဖြစ်ဘူး.. အရာရာကို ခံစားပြီးသိနေတယ်၊ ဟော.. ဘာတွေ ဆက်ဖြစ်ဦးမလဲ မသိဘူး..”

လို့ရေရွတ်နေတုန်းမှာ ဆားပုလင်းမင်းအောင်က ဒေါက်တာရဲ့လက်တွေကို သူ့ နဖူးကနေ တွန်းလွှတ်လိုက်ပြီး

“ဒေါက်တာ..နောက်ကိုဆုတ်ပါ.... ခင်ဗျား လွတ်မြောက် သွားပြီ..”

လို့အော်ဟစ်လိုက်တယ်။





ဆားပုလင်းမင်းအောင်ဟာ နောက်ဆုံးတိုက်ပွဲကို တစ်ကိုယ်တည်း ရင်ဆိုင်ဖို့ပြင်ဆင်လိုက်တယ်။ သူ့တစ်ကိုယ်လုံးက စိတ်ခွန်အားတွေကို စုစည်းပြီး ဖြစ်ပေါ်လာမဲ့ အန္တရာယ်ကိုစောင့်ကြိုနေလိုက်တယ်၊ သူ့တို့အားလုံး ဆားပုလင်းမင်းအောင်ကို စိတ်လှုပ်ရှားစွာနဲ့စောင့်ကြည့်နေကြတယ်၊ ဒီအချိန်မှာပဲ ဆားပုလင်းမင်းအောင်ရဲ့တစ်ကိုယ်လုံး နတ်ဝင်သည့် တစ်ယောက်လို တဆတ်ဆတ် တုန်ခါလာပြီးနတ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်စုံ တစ်ရာကို တဖွဖွ ရွတ်ဆိုနေတယ်၊ နောက်ခြော ကိုမင်းအောင်ရဲ့ကိုယ်ဟာလှုပ်ယမ်း ရုံမဟုတ်တော့ဘဲ အိပ်နေရာကအပေါ်ကို တဝုန်း ဝုန်းမြောက်တက် နေတယ်၊ ဆားပုလင်းမင်းအောင်ဟာ စစ်မြေပြင်မှာ အသက်လုပွဲဆင်နွှဲနေတဲ့ စစ်သူရဲကောင်းတစ်ယောက်လိုပဲ..သူ့တစ်ကိုယ်လုံးလဲ ချွေးတွေဟာ ရေချိုးထားသလို ရွှဲနစ်နေတယ်၊ ဒီလိုနဲ့ ဆားပုလင်းမင်းအောင်ရဲ့ ခန္ဓာကိုယ် မရပ်မနား လှုပ်ခါပြီးတော့ တဖြည်းဖြည်း ငြိမ်သက်သွားတယ်...သူ့ကို ငြ သ့်ရတာ အန္တရာယ်စက်ကွင်းက လွတ်ကင်းသွားသလိုပဲ၊ အသက်ရှူသံတွေလဲ တဖြည်းဖြည်း ပြန်မှန်လာတယ်၊ ဒါပေမဲ့ အိပ်ရာပေါ် ငြိမ်သက်

ဆဲပဲ.. သူတို့အားလုံးလဲ မနိုးဝံ့ဘဲ ဒီအတိုင်းရပ်ကြည့်နေရတယ်။ ဒီအချိန်မှာပဲ ငိုညည်းသံတိုးတိုးလေးကို စကြားရတယ်၊ သူတို့ဟာ ငိုညည်းသံကို ကြားကာစတုန်းက ဆားပုလင်း





မင်းအောင်ရဲ့ ငိုညည်းသံလို့ထင် ခဲ့တယ်၊ ဒါပေမဲ့ ငိုညည်းသံ တဖြည်းဖြည်း ကျယ်လာတဲ့အခါ ဆားပုလင်းမင်းအောင်ဆီက မဟုတ်ပဲ အဝေးဆီက လာတာဖြစ် ကြောင်းသတိပြုမိတယ်။

www.burmeseclassic.com



ငိုညည်းသံဟာ တစ်စုံတစ်ရာကို ဆုံးရှုံးရလို့ နာနာကြည်းကြည်း ငိုကြွေးတဲ့အသံမျိုးနဲ့တူတယ်၊ တဖြည်းဖြည်း ငိုညည်းသံက အဝေးကလာကြောင်း တုန်လှုပ်ချောက်ချားဖွယ် သိလိုက်ရတယ်၊ ဒီအချိန်မှာပဲ ကိပ်ရာပေါ်မှာ လဲလျောင်းနေတဲ့ ဆားပုလင်းမင်းအောင်ဟာ ဖြည်းညင်းစွာထလိုက်ပြီး ပြတင်းပေါက်ဆီကို ဒယိုးဒယိုင်ထသွားတယ်၊ ပြီးတော့ ပြတင်းပေါက်ကို ဖွင့်ပြီး ပြတင်းပေါင်တွေကို ခြေဖဝါးနဲ့ကန်ထား လိုက်တယ်၊ ဒီအချိန်မှာပဲ ငိုညည်းသံက ပိုမိုပြီးစူးရှ ကျယ်လောင်လာ





တယ်၊ ဆားပုလင်းမင်းအောင်ဟာ ပြတင်းပေါက် အပြင်ကို ကိုယ်တစ်ဝက် ထွက်ပြီး ဝေဒနာပြင်းပြင်းထန်ထန် ခံစားရသလို စူးစူးဝါးဝါး အဆက်မပြတ် အော်ဟစ်လိုက်တဲ့အခါ အခန်းတစ်ခုလုံး လေပြင်းမုန်တိုင်း တိုက်သလို လေတွေတဟူးဟူး တိုက်ပြီး အခန်းထဲကပစ္စည်းတွေ လွင့်မျောကုန်တယ်၊ လေပြင်းတိုက်ခတ်ခြင်းဟာ ဆားပုလင်း မင်းအောင်ရဲ့စူးစူးဝါးဝါးအော်ဟစ်ခြင်းနဲ့ ဆက်စပ်နေပုံရတယ်၊ ဆားပုလင်းမင်းအောင်ရဲ့ အော်သံ နည်းနည်းလျော့သွားရင် လေပြင်းက အားအနည်းငယ် လျော့ကျသွားတယ်၊ ဆားပုလင်းမင်းအောင်ရဲ့အော်သံပြင်းထန်ရင် လေပြင်းက ပိုမိုပြင်းထန်လာတယ်၊ နောက်ဆုံးတော့ ဆားပုလင်းမင်းအောင်ရဲ့အော်သံ တဖြည်း ဖြည်းရပ်တန့်သွားတယ်၊ အော်သံလုံးဝရပ်တန့်သွားတဲ့အချိန်မှာ ဆားပုလင်းမင်းအောင်ဟာ ခွန်အားပြတ်လပ်သလို ပြတင်းဝမှာလဲ ကျသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ဒေါက်တာအောင်ကျော်ဟာ ဆား ပုလင်းမင်းအောင်ကို ပြေးဖွေ့ပြီး ကော်ဇောရှိရာကို သယ်ဆောင်လာ တယ်။

ဒီတော့မှ မမြတ်လေးတို့ဟာ အိမ်ပတ်ဝန်းကျင်ကို ပြတင်းပေါက်က မဝံ့မရဲ ကြည့်ကြတယ်၊ သူတို့ဟာ ပြတင်းပေါက်ကကြည့်ရင်း အိမ်ရဲ့မလှမ်းမကမ်းက လရောင်အောက်မှာ တစ်စုံတစ်ယောက်လဲကျနေကြောင်းတွေ့ရတယ်၊ မမြတ်လေးက အထိတ် တလန့်နဲ့

"အမလေး…အိမ်နဲ့ ခပ်လှမ်းလှမ်းမှာ ဘာကြီးလဲမသိဘူး"

လို့အော်ဟစ်လိုက်တယ်၊ဒေါက်တာ အောင်ကျော်ဟာ လက်နှိပ်ဓါတ်မီးယူပြီး မှန်ဝါးဝါးမြင်ရတဲ့အရာကို သွားကြည့်ပြီး သူ့တစ်ကိုယ်လုံး ကြက်သေသေ သွားတယ်…. မြက်ခင်းပေါ်မှာ မြင်ရတာက လဲကျသေဆုံးနေတဲ့ သူ့ရန်သူ စုန်းမကြီး ဒေါ်အိုစာ….



နောက်တစ်နေ့မှာ စုန်းမကြီးဒေါ်အိုစာရဲ့အလောင်းကို ပုလိပ် အဖွဲ့က တွေ့တော့ အရပ်ဇာသ မသိရတဲ့ နေရာက ရောက်လာတဲ့ စိတ်မနှံ့တဲ့မိန်းမကြီးတစ်ယောက် နှလုံးလေဖြတ်ပြီး သေဆုံးရတယ်လို့ မှတ်ချက်ရေးပြီး ပိုင်ရှင်မဲ့အလောင်း တစ်လောင်းအနေနဲ့ သတ်မှတ်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်ဟာ မြို့ပေါ်မှာ ၃ ရက် အနားယူပြီး အင်းစိန်စီအိုင်ဒီကိုပြန်ဖို့ပြင်တယ်၊ ဒီအချိန်မှာပဲ လူနာကြည့်ဖို့ကားလေးနဲ့ထွက်သွားတဲ့ဒေါက်တာအောင်ကျော် ကမန်းကတန်း ပြန်ရောက်လာပြီး

"ကျုပ်တို့ အိပ်မက်ထဲမှာ မြင်ရတဲ့သချိုင်းနဲ့ဇရပ်ပျက်ကို တွေ့ထားပြီ၊ ကိုမင်းအောင်လိုက်ကြည့်ပါလား"





လို့ဆိုပြီး ဆားပုလင်း မင်းအောင်ကို ကားနဲ့ခေါ်သွားတယ်။သူတို့မြို့နဲ့ ၁၀ မိုင်လောက် ဝေးတဲ့အရပ်ကိုရောက်တော့ ဒေါက်တာ အောင်ကျော်ဟာ ကားကို တောင်ကုန်းလေးတစ်ခု အနီးမှာရပ်လိုက်တယ်၊ နှစ်ယောက်သား ကားပေါ်က ဆင်းပြီးတော့ သစ်ရွက်တွေကြွေနေတဲ့လမ်းကို လျှောက်လှမ်းသွားတယ်၊ လမ်းရဲ့အဆုံးမှာ တောင်ကုန်းမြင့်မြင့် တစ်ခုရှိတယ်၊ တောင်ကုန်းမြင့်ကြီးရဲ့အပေါ်မှာ သစ်ခြောက်ပင်ကြီးတစ်ပင်ရှိတယ်၊ သစ်ခြောက်ပင်ကြီးက သူတို့ အိပ်မက်ထဲမှာ မြင်ရတဲ့ အတိုင်းတစ်ပုံစံတည်းရှိနေတယ်၊ သူတို့ တောင်ကုန်းပေါ်ကို ရောက်သွားတော့ သချိုင်းပျက်ကြီးကိုမြင်ရတယ်၊ သချိုင်းပျက်ရဲ့ အလယ်မှာ ဇရပ်ပျက်ကြီးရှိနေတယ်၊ ဇရပ်ပျက်ကြီးရဲ့ အမိုးတွေကလေတိုက်လိုက်တိုင်း တဖြန်းဖြန်းရိုက်ခတ်နေတယ်၊ ဒေါက်တာအောင်ကျော်က လေသံတိုးတိုးနဲ့

www.burmeseclassic.com



"အိပ်မက်ထဲမှာတော့ ဒီနေရာက အရမ်းကြောက်ဖို့ကောင်းတာပဲ.... ဖရုပ်ပျက်ကြီးပေါ်ကို တက်ရမှာ အသည်းပျက်မတတ် ကြောက်တယ်"

လို့ပြောတယ်၊ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

"အိပ်မက်ကျိန်စာရဲ့တန်ခိုးကြောင့်ပေါ့ဗျာ"

လို့ ဆိုပြီး ဖရုပ်ပေါ်ကို ဦးဆောင်ပြီးတက်သွားတယ်၊ ပြီးတော့ ဖရုပ်ပေါ်က မြေအိုးအမှောင်းလေးနဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်တွေကို ကြည့်ပြီး

"ဒေါ်အိုစာ ဒီမှာနေခဲ့တာ သေချာတယ်ဗျ၊ သူဟာ စုန်းကဝေ ပညာရှင် တစ်ယောက်ပီပီ ခေါင်းသိပ်မာတယ်၊ သူ့ကို ကျူစ်အနနည်းတဲ့စည်းရုံးကြည့်ဖို့ကြိုးစားပါတယ်ဗျာ.... ဒါပေမဲ့ ဒေါ်အိုစာဟာ ကျုပ်စကားကို နားမထောင်ဘူး"





လို့စိတ်မကောင်းဟန်နဲ့ပြောတယ်၊ ဆားပုလင်း မင်းအောင်နဲ့ဒေါက်တာ အောင်ကျော်ဟာ သချိုင်းပျက်ထဲမှာ ခဏနေပြီး တောင်ကုန်းလေးအတိုင်းပြန်ဆင်းလာကြတယ်၊ ဒီအချိန်မှာပဲ အုတ်ဂူဟောင်းတစ်လုံးပေါ်မှာ ကျောခိုင်းရပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့နောက်ကျောကိုမြင်ရတယ်၊ မိန်းမဟာ အထက်အောက် အမည်းရောင်ဆင်တူ ဝတ်ဆင်ထားပြီး သူ့ဆံပင်တွေ လေမှာ လွင့်ပျံနေတယ်..သူ့ရဲ့လည်တိုင်နဲ့လက်ကောက်ဝတ်တွေမှာ ပုတီးရောင်စုံတွေ ဆင်ယင်ထားတယ်၊ ဒေါက်တာအောင်ကျော်ဟာ ကျောခိုင်းထားတဲ့ မိန်းမကို ကြည့်ပြီး အထစ်ထစ် အငေါ့ငေါ့နဲ့

"သူ....သူဘယ်သူလဲ မသိဘူး...."

လို့ရေရွတ်လိုက်တယ်၊ ဆားပုလင်းမင်းအောင်က စကားမတုန့်ပြန်ဘဲ မျက်မှောင်ကြုတ်ကြည့်နေတယ်. အခါ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျော့နိုင်း ထားတဲ့ မိန်းမဟာ သူတို့ဘက်ကို ခပ်ဖြည်းဖြည်း လှည့်လိုက်တယ်၊ ဆားပုလင်းမင်းအောင်နဲ့ ဒေါက်တာအောင်ကျော်တို့ နှစ်ယောက်စလုံး မိန်းမရဲ့ မျက်နှာကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွား တယ်။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

ဘာမှမသိသော

မင်းမြတ်သူရ



BURMESE CLASSIC .com
www.burmeseclassic.com